# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၈)


၁၃၇၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက် | ၂၀၁၈ ခုနှစ်၊ မတ် ၁၂ ရက်၊ တနင်္လာနေ့ | အတွဲ (၅၇)၊ အမှတ် (၁၆၃)


**အင်းစိန်မြို့နယ် သီရိမင်္ဂလာ မဟာသာသနာ့ ဗိမာန်တော်ကြီးဖွင့်ပွဲနှင့် ရေစက်သွန်းအောင်ပွဲ မင်္ဂလာကျင်းပ**

စာ » ၃

**ဦးပိန်တံတားပေါ်ရှိ ဇရပ်အမှတ် (၃)တွင် ပန်းဆွဲ၊ ပန်းတောင်းများ တပ်ဆင်နိုင်ရန် ခွင့်ပြုချက်တောင်းခံထား**

စာ » ၉

**ပြန်လည်စွန့်လွှတ်မြေများအား ယာယီပုံစံ-၃ ထုတ်ပေးခြင်းနှင့် မီးရထားဘူတာရုံမြေအတွက် သိမ်းယူခဲ့သော မြေယာများအတွက် လျော်ကြေးငွေပေးအပ်**

စာ » ၁၁

# မင်းဘူးခရိုင်အတွင်းရှိ ရေလှောင်တမံများ ယခုနှစ်တွင် ရေပိုမိုသိုလှောင်နိုင်ခဲ့မှုကြောင့် မင်းဘူး၊ ပွင့်ဖြူ၊ စလင်း၊ ငဖဲဒေသများတွင် နွေသီးနှံစိုက်ခင်းများဖြင့် စိမ်းလန်းဝေဖြာတော့မည်



ပွင့်ဖြူမြို့နယ် မဲဇလီရေလွှဲဆည်

**မင်းဘူး မတ် ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန အုပ်ချုပ်မှုအောက်တွင် ထိန်းသိမ်းထားသော ဆည်၊ တမံများမှ ၂၀၁၇-၁၈ ခုနှစ် နွေစပါးနှင့် နွေသီးနှံများ စိုက်ပျိုးရန် ရေစတင်ပေးဝေနေပြီ ဖြစ်ကြောင်း သိရသည်။

မဲဇလီရေလွှဲဆည်နှင့် မန်းချောင်း ရေလှောင်တမံမှ နွေစပါးနှင့် နွေသီးနှံ များ စိုက်ပျိုးရန်အတွက် ဖေဖော်ဝါရီ ၁၅ ရက်မှ စတင်၍ ရေပေးဝေနေပြီ ဖြစ်သည်။ အိုင်းမရေလွှဲဆည်မှလည်း နွေနှမ်းစိုက်ပျိုးရန် မတ် ၁ ရက်တွင် ရေစတင်ပေးဝေနေခဲ့ပြီဖြစ်သည်။ ယခုအခါ မင်းဘူးခရိုင်အတွင်းရှိ ဆည်ရေသောက် ဧရိယာများတွင် ဆည်ရေ ပေးဝေနေပြီဖြစ်၍ တောင်သူကြီးများမှ လယ်မြေများတွင် မြေပြင်ခြင်း၊ ပျိုးထောင်ခြင်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်နေကြပြီ ဖြစ်သည်။ မင်းဘူးခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွန်းက ကျွန်တော်တို့ ဒီနှစ်ရေသိုလှောင်မှုအရ ဆည်၊ တမံများ ရေလုံလောက်ပြည့်ဝစွာ သိုလှောင်ထားရှိနိုင်ခဲ့သည့်အတွက် နွေစပါးနှင့် နွေသီးနှံစိုက်ပျိုးရန် ရေကို လျာထားကေများအားလုံး အပြည့်အဝပေးနိုင်မည် ဖြစ်ကြောင်း၊ တူးမြောင်းများ၊ တူးမြောင်းအဆောက်အအုံများအား

*စာမျက်နှာ ၃ ကော်လံ ၅* ❐


KBZ BANK

STRENGTH OF MYANMAR

'BEST BANK IN MYANMAR'

Awarded by FinanceAsia 2017

မြန်မာ့အလင်း

# အချိန်ရာသီတိုင်း ဂရုပြုရမည့် မီးအန္တရာယ်

ခြောက်သွေ့ရာသီရောက်လာခဲ့ပြီ။ နေ့ခင်းဘက် အပူချိန်တို့လည်း တဖြည်းဖြည်းနှင့် တိုးလာခဲ့ပြီ။ ယင်းသို့သော အခြေအနေတို့က ဖြစ်လာနိုင်ဖွယ်ရှိသော မီးဘေးအန္တရာယ်ကို ကြိုတင်မျှော်တွေးကာ မီးဘေးအန္တရာယ်ကာကွယ်ရေး လုံလောက်သော အစီအမံတို့ကို စနစ်တကျ ဆောင်ရွက်ကြရန် အချိန်အခါ ကျရောက်နေပြီဟု ပြဆိုနေခြင်းလည်း ဖြစ်သည်။

မီးဘေးအန္တရာယ်ပညာပေးဟောပြောမှုနှင့် မီးသတ်သရုပ်ပြမှုများ အနယ်နယ်အရပ်ရပ်၌ ပြုလုပ်နေကြသည်ကို သတင်းများ၌ တွေ့ရသည်။ စက်ရုံ၊ အလုပ်ရုံများ၊ ဈေးများ၊ ကျောင်းများ၊ ရုံးဌာနများ စသည်တို့၌ ဟောကြ၊ ပြောကြ၊ သရုပ်ပြပညာပေးကြသည်။ စင်စစ်မီးဟူသည်က အောက်ဆီဂျင်၊ လောင်စာနှင့်လုံလောက်သော အပူချိန်တည်းဟူသော အခြေခံအကြောင်းတရားသုံးခုတို့ ပေါင်းဆုံပါက အချိန်အခါ နေရာမရွေး လောင်ကျွမ်းနိုင်သည်သာ ဖြစ်သည်။ ယင်းအခြေခံအကြောင်းတရားသုံးခုအနက် လေထုထဲရှိ အောက်ဆီဂျင်မှလွဲ၍ ကျန်နှစ်ခုကို စနစ်တကျထားသိုခြင်း၊ ထိန်းချုပ်ကွပ်ကဲသုံးစွဲခြင်းတို့ဖြင့် မီးလောင်မှုအန္တရာယ် လျော့နည်းစေမည် ဖြစ်သည်။ လောင်စာဖြစ်နိုင်သည့် အရာဝတ္ထုများကို စနစ်တကျထားသိုခြင်း၊ အပူလွန်ကဲမှု ဖြစ်ပေါ်နိုင်သည့် လျှပ်စစ်နှင့် မီးသုံးစွဲမှုများကို ဂရုစိုက်ဆောင်ရွက်ခြင်းတို့ဖြင့် လောင်စာနှင့် အပူတို့ ပေါင်းစုံမှုမဖြစ်စေရန် သတိမူကြရမည်။

မီးသည် လူ့ယဉ်ကျေးမှု၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ လူ့သမိုင်းအစတွင် မီးကို လူတို့စတင်သုံးစွဲတတ်လာသည့်အချိန်မှစ၍ လူသားတို့၏ ယဉ်ကျေးမှုသည်လည်း အဆင့်တစ်ဆင့်မြင့်တက်လာသည်။ မီးမှရသည့် အပူနှင့်အလင်းရောင်တို့ကို အသုံးပြုကာ ရာသီဥတုဒဏ်နှင့် ညအမှောင်ထုတို့ကို အန်တုနိုင်ခဲ့ကြသည်။ ချက်ပြုတ်စားသောက်ရေးနှင့် ဘေးအန္တရာယ်ကာကွယ်ရေးတို့အတွက် မရှိမဖြစ်သော မီးသည် အန္တရာယ်လည်း ပေးတတ်သော သဘာဝစွမ်းအား တစ်ရပ်ဖြစ်သည်ကို သမိုင်းဦးကာလကပင် လူသားတို့သိခဲ့ကြသည်။ မျက်မှောက်ခေတ်ကာလ မိမိတို့၏နေ့စဉ်ဘဝတွင် မရှိမဖြစ်အရေးပါသော လျှပ်စစ်သည်လည်း မီး၏ အခြားသောပုံသဏ္ဌာန်တစ်ရပ်ပင်ဖြစ်သည်။ လျှပ်စစ်ကြောင့် မိမိတို့၏ လူနေမှုဘဝများ မြင့်မားလာရသည်။ တစ်ဖက်တွင်လည်း လျှပ်စစ်သည် ဂရုတစိုက် မသုံးစွဲပါက မီးလောင်မှု ဖြစ်ပွားစေနိုင်သည့် အကြောင်းတစ်ခု ဖြစ်သည်။

လူနေထူထပ်သည့်ဒေသ၊ စီးပွားရေးလုပ်ငန်းများ အမြောက်အမြားတည်ရှိသောဒေသများသည် မီးလောင်ကျွမ်းမှု အများဆုံးဖြစ်ပေါ်ရာဒေသများလည်းဖြစ်သည်။ ယင်းသို့သောဒေသများတွင် မီးလောင်မှုဖြစ်ပွားပါက ပျက်စီးဆုံးရှုံးမှု ပမာဏကြီးမားနိုင်သကဲ့သို့ အသေအပျောက်နှင့် ထိခိုက်ဒဏ်ရာရမှုများလည်း ရှိတတ်သည်။ မီးလောင်ကျွမ်းမှုဖြစ်ရခြင်း၏ ရာခိုင်နှုန်း အများစုမှာ လူတို့၏ ပေါ့ဆမှုကြောင့်ဖြစ်သည်။ မီးလောင်ကျွမ်းမှုကြောင့် နိုင်ငံ၏စီးပွားရေးအရင်းအမြစ်နှင့် ဥစ္စာနေမြောက်မြားစွာတို့ ဆုံးရှုံးပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်နိုင်ရာ မီးမပေါ့ဆကြဖို့ သတိပေးလိုသည်။

လေးလေးနက်နက်ဆိုရပါက မီးဘေးအန္တရာယ်ကာကွယ်ရေးသည် လူတိုင်းနှင့် ဆိုင်သည်။ "ခုခေတ်မှာ ပြန်လည်ထူထောင်ရေးလုပ်လုပ်၊ တိုင်းပြည် ကာကွယ်ရေးလုပ်လုပ်၊ သူ့ဆိုင်ရာအဖွဲ့၊ သူ့ဆိုင်ရာလူတွေလောက်နဲ့ လုပ်လို့မပြီးနိုင်ဘူး၊ အဓိပ္ပာယ်က မီးသတ်ကိစ္စကို မီးသတ်အဖွဲ့ထဲရှိတဲ့ လူတွေနဲ့ လုံလောက်တဲ့ခေတ် မဟုတ်ဘူး"ဟု ဗိုလ်ချုပ်အောင်ဆန်းက မိန့်ကြားခဲ့ဖူးသည်။ လူကြီးကစ ကလေးအထိ လုပ်ကိုင်တတ်ကြဖို့လိုကြောင်း ဗိုလ်ချုပ်၏ တစ်ခေတ်တစ်ခါက မိန့်ကြားချက်သည် မီးဘေးကာကွယ်ရေးတွင် ပြည်သူအားလုံးပါဝင်ရေး၊ မီးအန္တရာယ်အသိပညာကြွယ်ဝရေးတို့အတွက် ယနေ့တိုင်ခေတ်မီနေဆဲဟု ဆိုရမည် ဖြစ်ပါကြောင်း။ ။

**ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ**

# ပင်လုံတက္ကသိုလ် တက္ကသိုလ်အဆင့် အခြေခံကင်းထောက်သင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် မတ် ၁၁**

ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ လူငယ်မောင်မယ်များ ကင်းထောက်ပညာရပ်များ လေ့လာသင်ယူပြီး နိုင်ငံ့အကျိုးပြု လူမှုရေးလုပ်ငန်းများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းများတွင် ပြည်သူများနှင့်အတူ ပူးပေါင်းကူညီဆောင်ရွက်နိုင်ရန် ရှမ်းပြည်နယ်ပင်လုံမြို့ရှိ ပင်လုံတက္ကသိုလ်တွင် တက္ကသိုလ်အဆင့် အခြေခံကင်းထောက် သင်တန်းအမှတ်စဉ် ၁ ဖွင့်ပွဲကို မတ် ၉ ရက်က ပင်လုံတက္ကသိုလ်ဘက်စုံခန်းမ၌ ကျင်းပသည်။



တက္ကသိုလ်အဆင့် အခြေခံကင်းထောက်သင်တန်း အမှတ်စဉ် ၁ ဖွင့်ပွဲကို ကင်းထောက်မောင်မယ်များက 'ပြည်သူ့အတွက် အဆင်အသင့်' ကင်းထောက်တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး ဒုတိယပါမောက္ခချုပ် ဒေါက်တာဌေးအောင်၊ ပင်လုံတက္ကသိုလ် ကင်းထောက်အဖွဲ့ ဒုတိယဥက္ကဋ္ဌဒေါက်တာ ကြည်ကြည်လွင်တို့က ကင်းထောက်သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်ပြီးရှင်းလင်းပြောကြားကာ မြန်မာနိုင်ငံကင်းထောက် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်ညိုကိုယ်စား ကင်းထောက်အစီအစဉ်မှူးချုပ် ဦးအေးကြိုင်က ကင်းထောက်အနှစ်သာရနှင့် ကင်းထောက်ဖြစ်ပေါ်လာမှု၊ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကင်းထောက်များ၏ ငြိမ်းချမ်းရေးသံတမန်များအဖြစ် ငြိမ်းချမ်းရေးလုပ်ငန်းများကို ပြည်သူများနှင့်အတူပူးပေါင်းပြီး စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ ကျောင်းသားကျောင်းသူ ၁၀၀နှင့် ဆရာဆရာမ ၃၈ ဦး တက်ရောက်ပြီး မြန်မာနိုင်ငံနှင့် ကမ္ဘာ့ကင်းထောက်သမိုင်း၊ ကင်းထောက်လှုပ်ရှားမှုများ၊ ငြိမ်းချမ်းရေးလုပ်ငန်းများတွင်ကင်းထောက်များ၊ ငြိမ်းချမ်းရေးသံတမန်အဖြစ် ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်မည့် လှုပ်ရှားမှုများ၊ ကင်းထောက်စခန်းချ ပညာရပ်များ၊ ကြိုးချည်နည်းများ၊ ရှေးဦးသူနာပြုစုနည်း၊ စုပေါင်းကစားနည်းများ၊ တေးသီချင်းများနှင့် မီးပုံပွဲများကို မတ် ၁၁ ရက်အထိ သင်ကြားပို့ချလျက်ရှိကြောင်း ကင်းထောက်အဖွဲ့ချုပ်မှ သိရသည်။

မြန်မာ့အလင်း

ထင်သာမြင်သာပြုပြင်စရာ

# အမှတ် ၂၂ လခွဲကျောင်းရှေ့မျက်နှာစာ၌ ဈေးသည်များကြောင့် သွားလာရေးခက်ခဲလျက်ရှိနေ

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် အမှတ် ၇ ရပ်ကွက်ရှိ အမှတ် ၂၂ လခွဲ ကျောင်းမျက်နှာစာ၌ ရပ်ကွက်အုပ်ချုပ်ရေးမှ ကျောင်းရှေ့မျက်နှာစာတွင် ဈေးမရောင်းရန် အသိပေးဆိုင်းဘုတ်များ စိုက်ထူထားခဲ့သော်လည်း ယခုအခါဆိုင်းဘုတ်များ ပျောက်ဆုံးလျက် ဈေးသည်များအပြည့် နေရာယူရောင်းချလျက်ရှိသည်။ ထို့အပြင် ကျောင်းမျက်နှာစာတွင် စွန့်ပစ်အမှိုက်များကြောင့် ကျောင်းဝန်းကျင်သန့်ရှင်းကို အကျည်းတန်စေပြီး နေ့စဉ်လူနှင့် ယာဉ်သွားလာမှုများသော လမ်းဖြစ်သောကြောင့် မီးခွက်ဈေးလမ်း (ဗိုလ်အောင်ကျော်လမ်း) တွင် ပိတ်ဆို့မှုများ ဖြစ်ပွားနေ၍ ထိုဈေးသည်များအား တာဝန်ရှိသူများ ရှင်းလင်းပေးပါရန် ရပ်ကွက်ပြည်သူများက လိုလားနေကြောင်း သိရသည်။



ဓာတ်ပုံ-သန်းစိုး

"ကျောင်းဖွင့်ချိန်မှာလည်း ကျောင်းရှေ့မှာဈေးသည်မျိုးစုံ တစ်နေကုန်ညပိုင်းအထိ မပြတ်ဘူး၊ ကျောင်းဆင်း၊ ကျောင်းတက်ချိန်ဆိုရင် အဆင်မပြေပါဘူး၊ အသံနဲ့ အနံ့အသက်တွေက ကျောင်းထဲကိုလွင့်ပျံ့တာ၊ ကျောင်းရှေ့မှာ စွန့်ပစ်ပစ္စည်းတွေထားခဲ့တာဟာ ကျောင်းရဲ့ဂုဏ်ကိုလည်း ထိခိုက်တယ်၊ တက္ကသိုလ်ဝင်စာမေးပွဲကာလဆိုတော့ ကျောင်းသားတွေ သွားလာရေးအခက်အခဲဖြစ်တာတော့အမှန်ပါပဲ"ဟု ဆရာမတစ်ဦးက ပြောသည်။

ကျောင်း၏မျက်နှာစာတွင်ဈေးသည်များဖြင့် ပြည့်လျက်ရှိပြီး ဆိုက်ကား၊ ဆိုင်ကယ်၊ ထော်လာဂျီနှင့်သုံးဘီးဆိုင်ကယ်များကြောင့် စက်ရုံဆင်းအလုပ်သမားများနှင့် အများပြည်သူများသွားလာရေးခက်ခဲလျက်ရှိ၍ ဈေးသည်၊ ဆိုက်ကားတို့ဖြင့် မကြာခဏ ပြဿနာဖြစ်ပွားလျက်ရှိသည်။ ထို့ကြောင့် အဆိုပါ အမှတ် (၂၂) လခွဲကျောင်းမျက်နှာစာမှ ဈေးသည်များအား တာဝန်ရှိသူများရှင်းလင်း ဆောင်ရွက်ပေးနိုင်ရန် ရပ်ကွက်ပြည်သူတို့လိုလားလျက်ရှိကြောင်း သိရသည်။ ၁၆၄

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၁-၃-၂၀၁၈

ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၄၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၇၉၅/၈၁၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၇၀/၇၈၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၀/၈၃၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၁၀/၈၄၀ ကျပ် (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၃၆ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၄၄ | ·၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၃ | ·၄ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၅၀ | ·၁ |
| ထိုင်း | တစ်ဘတ် | ၄၂ | ·၅ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ | ·၅ |
| တရုတ် | တစ်ယွမ် | ၂၁၀ | ·၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၀ | ·၉ |


မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၃၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၃၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# အင်းစိန်မြို့နယ် သီရိမင်္ဂလာမဟာသာသနာ့ဗိမာန်တော်ကြီးဖွင့်ပွဲနှင့် ရေစက်သွန်းအောင်ပွဲမင်္ဂလာ ကျင်းပ






**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သာသနာ့ဗိမာန်တော်ကြီး အမည်စာတန်းနှင့် မင်္ဂလာမော်ကွန်း ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။**

သတင်းစဉ်

နေပြည်တော် မတ် ၁၁

**တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက အင်းစိန်မြို့နယ် လောကချမ်းသာ အဘယလာဘမုနိ ကျောက်တော်ကြီး ဘုရားပရိဝုဏ်အတွင်း စုပေါင်းတည်ဆောက် လှူဒါန်းသည့် သီရိမင်္ဂလာ မဟာသာသနာ့ဗိမာန်တော်ကြီးဖွင့်ပွဲနှင့် ရေစက်သွန်းအောင်ပွဲမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်သည်။**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော သံဃာတော်များ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်ပုံ၊ ရန်ကုန်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စေတနာရှင် အလှူရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဝတ်အသင်းအဖွဲ့များနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

**စက်ခလုတ်နှိပ် ဖွင့်လှစ်**

ရှေးဦးစွာ တာဝန်ရှိသူများက သာသနာ့ဗိမာန်တော်ကြီးကို ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သာသနာ့ဗိမာန်တော်ကြီး အမည်စာတန်းနှင့် မင်္ဂလာမော်ကွန်း ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများက နိုင်ငံတော်သြဝါဒါစရိယ အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် မေတ္တာသုတ်ပရိတ်တရားတော်များအား နာယူကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့သည် အင်းစိန်မြို့နယ် ရွာမပရိယတ္တိ စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသထံ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးအတွက် သာသနာ့ဗိမာန်တော်ကြီးကို သာဟတ္ထိကမြောက် ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**နေ့ဆွမ်းဆက်ကပ်လှူဒါန်း**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးနှင့် အခမ်းအနား တက်ရောက် လာကြသူများသည် နိုင်ငံတော်သံဃမဟာနာယက အကျိုးတော်ဆောင် သန်လျင်မင်းကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ အနုမောဒနာတရား နာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး သံဃာတော် အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**ဆောက်လုပ်ခဲ့**

ဗိမာန်တော်ကြီးအား တပ်မတော်(ကြည်း၊ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များစုပေါင်း၍ အလှူငွေ ကျပ် သိန်းပေါင်း ၁၉၀၀၀ ကျော်ဖြင့် ၂၀၁၇ ခုနှစ် မတ်လ ၁ ရက်နေ့တွင် စတင် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ဗိမာန်တော်ကြီးမှာ အလျား ၁၆၈ ပေ၊ အနံ ၇၂ ပေရှိ သံကူကွန်ကရစ် နှစ်ထပ် ဗိမာန်တော်ကြီးဖြစ်ပြီး မြန်မာမှုလက်ရာများဖြင့် ခမ်းနားစွာ တည်ဆောက်ထားခြင်းဖြစ်ကာ ဗိမာန်တော်ကြီးအတွင်း သံဃာတော် အပါး ၅၀၀ ခန့် တစ်ပြိုင်တည်း စာပြန်ပွဲ ပြုလုပ်နိုင်ပြီး ဓမ္မသဘင်အခမ်းအနားများ၊ အခြား ဘာသာရေး၊ သာသနာရေး အခမ်းအနားများအတွက် ပရိသတ် ဦးရေ ၁၅၀၀ ကျော် ဝင်ဆံ့မှုရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၌ လစဉ် ဖျော်ဖြေတင်ဆက်မှုများ ဆောင်ရွက်သွားမည်

**နေပြည်တော် မတ် ၁၁**

နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ အမျိုးသားအထိမ်းအမှတ် ဥယျာဉ်(နေပြည်တော်)၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ အနုပညာဦးစီးဌာနနှင့် မြဝတီအနုပညာယဉ်ကျေးမှု ဖျော်ဖြေရေးအဖွဲ့များက တစ်လလျှင်တစ်ကြိမ်စီ ဖျော်ဖြေတင်ဆက်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီလိုဖျော်ဖြေမှုတွေ စီစဉ်ရတဲ့ အကြောင်းအရင်းက နေပြည်တော်မှာ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ရှိတယ်ဆိုတာကို နိုင်ငံတစ်ဝန်းက ပြည်သူတွေ ပိုမိုသတိပြုမိစေဖို့နဲ့ လာရောက်အပန်းဖြေအနားယူနိုင်ဖို့ ဖြစ်ပါတယ်၊ ဒီဥယျာဉ်ကြီးထဲမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက အထိမ်းအမှတ်တွေကို တစ်စုတစ်စည်းတည်းလေ့လာနိုင်ဖို့ တည်ဆောက်ထားပါတယ်၊ အပန်းဖြေနားနေစရာတွေ၊ လည်ပတ်စရာတွေနဲ့ စားသောက်ဖွယ်ရာ တွေကိုလည်း ပြည်သူတွေလွယ်ကူ အဆင်ပြေအောင် စီမံဆောင်ရွက်ထားပါတယ်" ဟု အမျိုးသားအထိမ်းအမှတ်ဥယျာဉ် အထွေထွေမန်နေဂျာ ဦးစိုးနိုင်က ပြောသည်။



**အမျိုးသားအထိမ်းအမှတ် ဥယျာဉ် (နေပြည်တော်)၌ လာရောက်အပန်းဖြေကြသည့် ပြည်သူများအား ဖျော်ဖြေရေးအဖွဲ့က ကပြဖျော်ဖြေစဉ်။**

ယနေ့ မတ် ၁၁ ရက်တွင် အဆိုပါ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၌ မြဝတီ အနုပညာယဉ်ကျေးမှုဖျော်ဖြေရေးအဖွဲ့များဖြစ်ကြသည့် အမှတ်- ၁၊ ၂ နှင့် ၄ ပြည်သူ့ဆက်ဆံရေးတပ်ခွဲများက ဥယျာဉ်သို့ လာရောက်အပန်းဖြေကြသည့် ပြည်သူများအား ကပြဖျော်ဖြေလျက်ရှိသည်။

အမှတ်-၁ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ဒုတိယအရာခံဗိုလ် သန်းမောင်ထွေးက "ကျွန်တော်တို့တပ်ခွဲအနေနဲ့ ဒီဥယျာဉ်ကြီးမှာ ပထမအကြိမ် လာရောက် ဖျော်ဖြေတင်ဆက်ခြင်းဖြစ်ပါတယ်၊ ကျွန်တော်တို့ စစ်သည်တွေနဲ့ စစ်သမီးတွေရဲ့ အနုပညာတွေကို အများပြည်သူရှေ့မှောက်မှာ ဖျော်ဖြေတင်ဆက်ခွင့်ရတာ အထူးကျေးဇူးတင်ပါတယ်၊ အခုဒီဖျော်ဖြေမှုမှာအဆို၊ အက၊ ဟာသ၊ မျက်လှည့်လက်လှည့်တွေ အပါအဝင် သုတရသ အစီအစဉ်တွေကိုလည်း မြိုင်မြိုင်ဆိုင်ဆိုင် တင်ဆက်သွားမှာဖြစ်ပါတယ်" ဟု ပြောသည်။

**မောင်ဇော်**

❒ *ရှေ့ဖုံးမှ*

ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စနစ်တကျစီမံခန့်ခွဲ ဆောင်ရွက်လျက်ရှိသည့်အတွက် ရေသိုလှောင်မှုအရ စိုက်ပျိုးရေ သေချာလုံလောက်စွာ ပေးဝေနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**အပြည့်အဝစိုက်ပျိုးနိုင်မည်**

၂၀၁၇-၁၈ ခုနှစ်တွင် နွေစပါး၊ နွေနှမ်း ဧကပေါင်း ၈၁၄၀၀ ကျော်ကို ရေလုံလောက်စွာ ပေးဝေနိုင်မည်ဖြစ်ပြီး မုန်းချောင်း ရေလှောင်တမံ၊ ကြီးအုံကြီးဝ ရေလှောင်တမံတို့မှ ရေအပြည့်အဝ သိုလှောင်နိုင်သည့်အတွက် မဲဇလီရေလွှဲဆည်မှ နွေစပါး မူလလျာထားဧက ၃၅၈၉၆၊ တိုးချဲ့ဧက ၂၀၀၀ စုစုပေါင်း ၃၇၈၉၆ ဧကတို့ကို တိုးချဲ့ရေပေးဝေရန် တောင်သူများအား စည်းရုံး၍ လျာထားခဲ့ပါသဖြင့် စုစုပေါင်း နွေသီးနှံဧက ၈၅၈၀၀ ကျော်ကို စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် စိုက်ဧကအားလုံး ကို ရေအပြည့်အဝ ပေးဝေနိုင်မည်ဖြစ်ပြီး ဒေသခံတောင်သူ ဦးကြီးများနှင့် ပြည်သူများ စားဝတ်နေမှုဖူလုံရေး၊ လူမှုဘဝ တိုးတက်မြင့်မားရေးအတွက် တာဝန်နှင့်စေတနာ ပေါင်းစပ်ကာ အပြည့်အဝကူညီဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ်တွင် ဆည်၊ တမံများမှ ရေပိုမိုသိုလှောင်နိုင်သည့် အတွက် ၂၀၁၇-၁၈ နွေသီးနှံ အပြည့်အဝစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သန်းဌေး(မင်းဘူး)**



# နှစ် ၆၀ မြန်မာ - ဂျပန်နှင့် သံတမန်ဘဝခရီးစာအုပ်အကြောင်း စာပေစကားဝိုင်း ကျင်းပ

နေပြည်တော်  မတ်  ၁၁

**ပျဉ်းမနားမြို့ လူထုအခြေပြုဗဟိုဌာန (Community Centre) တွင် ဖွဲ့စည်းထားသည့် စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း (Book Club) ၏ စာပေစကားဝိုင်းကို ယနေ့ နံနက် ၉ နာရီတွင် ပျဉ်းမနားမြို့ရှိ ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပသည်။**




စာပေစကားဝိုင်းသို့ ပါဝင်ဆွေးနွေးကြသူများအား တွေ့ရစဉ်။ သတင်းစဉ်

**အသိပညာဖွံ့ဖြိုးတိုးတက်ရန်**

စာပေစကားဝိုင်း၌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံသည့် ဌာနတစ်ခုဖြစ်ပါကြောင်း၊ အဆိုပါဌာနတွင် ပြည်သူများ အသိပညာဖွံ့ဖြိုးတိုးတက်ရန်အတွက် စာကြည့်တိုက်များဖွင့်လှစ်ထားပြီး တစ်ချိန်တည်းတွင် အများပြည်သူ၏ ကိစ္စရပ်များ ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ Community Centre များအဖြစ် ဖော်ဆောင်လျက်ရှိပါကြောင်း။

Community Centre အား အများပြည်သူ အသုံးချနိုင်သည့် နေရာဖြစ်စေရန် ရှေးဦးစွာ ပြည်သူများပါဝင်သည့် ဝါသနာအသင်းအဖွဲ့များအား ဖွဲ့စည်းပါကြောင်း၊ Book Club များကို စာအုပ်စာပေ ချစ်မြတ်နိုးသူများဖြင့် ဖွဲ့စည်းပြီး ယခုကဲ့သို့ စာပေစကားဝိုင်းများ ဆောင်ရွက်ပါကြောင်း၊ ထို့ပြင် ပြည်သူ့စကားဝိုင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

**မြန်မာစာပေလောက ဖွံ့ဖြိုးရေး**

ပြည်သူ့စကားဝိုင်းများ ဆောင်ရွက်ရာတွင် အများပြည်သူနှင့် ပတ်သက်သည့် အကြောင်းအရာများကို အဓိက ဆွေးနွေးကြပါကြောင်း၊ ဥပမာအားဖြင့် လူငယ်နှင့် အလုပ်အကိုင် အခွင့်အလမ်း၊ လူငယ်နှင့် မူးယစ်ဆေးဝါးပြဿနာများ၊ တောင်သူများအတွက် စိုက်ပျိုးရေးကဏ္ဍ အစရှိသဖြင့် ခေါင်းစဉ်များဖြင့် ဆွေးနွေးလျက် ရှိပါကြောင်း၊ ယခုကဲ့သို့ စာပေစကားဝိုင်းများသည် မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါပါကြောင်း။

ယနေ့ စကားဝိုင်းတွင် ဆွေးနွေးမည့် နှစ် ၆၀ မြန်မာ-ဂျပန် သံတမန်ဘဝခရီးစာအုပ်သည် သံတမန်အတွေ့အကြုံ၊ မြန်မာ-ဂျပန် ဆက်ဆံရေး၊ ဂျပန်နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး အစရှိသဖြင့် အားလုံးပါဝင်ကာ လေ့လာသင့်သည့် အကြောင်းအရာ များစွာကို တင်ပြထားပါကြောင်း ပြောကြားသည်။

ထို့နောက် စာပေစကားဝိုင်း အစီအစဉ်တွင် ဆွေးနွေးမည့် နှစ် ၆၀ မြန်မာ-ဂျပန်သံတမန်ဘဝခရီးစာအုပ်ရေးသားသူ စာရေးဆရာ ခင်မောင်တင် (မဟာဝိဇ္ဇာ) ၏ ကိုယ်ရေးအကျဉ်းကို အခမ်းအနားမှူးက မိတ်ဆက်ဖတ်ကြားသည်။



စာပေစကားဝိုင်းသို့ တက်ရောက်သည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ပရိသတ်များအား တွေ့ရစဉ်။ သတင်းစဉ်

ယင်းနောက် နှစ် ၆၀ မြန်မာ-ဂျပန်နှင့် သံတမန်ဘဝ ခရီးစာအုပ် နှင့်စပ်လျဉ်း၍ စာအုပ်ရေးသားသူ ခင်မောင်တင် (မဟာဝိဇ္ဇာ)၊ စာအုပ်စာစောင် ချစ်မြတ်နိုးသူများ အသင်းဥက္ကဋ္ဌ ဒေါ်လဲ့လဲ့မေ၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်နိုင်ဦး၊ အတွင်းရေးမှူး ဦးထွန်းထွန်းစိုး၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ခင်ငြိမ်းအေး၊ ဦးမျိုးသူစိုး၊ ဦးစိုးသီဟသိန်း၊ ဒေါ်ကြည်ဖုန်းဝင်း၊ ဒေါ်ခင်ဆွေယု၊ ဒေါ်အေးအေးလဲ့နှင့် ဒေါ်သန်းသန်းရွှေတို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။

**မှတ်တမ်းပြုတင်ပြထား**

နှစ် ၆၀ မြန်မာ-ဂျပန်နှင့် သံတမန်ဘဝခရီးစာအုပ်တွင် အခန်းခေါင်းစီးပေါင်း ၅၇ ခု ပါဝင်ပြီး ဂျပန်နိုင်ငံ၏ သမိုင်းကြောင်းနှင့် ဂျပန်နိုင်ငံ၏ ဘက်စုံအခြေအနေ ညွှန်းကိန်းများ၊ ဂျပန်နိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေး စသည့် ဂျပန်နိုင်ငံ၏ စီးပွားရေး၊ ယဉ်ကျေးမှု၊ လူမှုရေးနှင့် ဒေသန္တရ သာယာလှပပုံများ၊ ဂျပန်နိုင်ငံ၏ ထူးခြားသော လေကြောင်းသွားလာရေးစနစ်များ၊ ယာဉ်ကြောပိတ်ဆို့မှုများအား ဖြေရှင်းပုံ၊ ဒိုင်းယက်လွှတ်တော်၏ စနစ်များ၊ စက်မှုနှင့် ဘဏ္ဍာရေးလုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အားပေးစနစ်၊ မီဒီယာများအကြောင်း၊ ဂျပန်အာဏာရအစိုးရနှင့် အတိုက်အခံများ၏ အခြေအနေတို့ကို မှတ်တမ်းပြု တင်ပြထားသည်။

**သံတမန်ဆက်ဆံရေး ကောင်းမွန်**

ထို့ပြင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ် တိုးတက်ပြောင်းလဲမှုများကို ဂျပန်နိုင်ငံနှင့် ပြည်သူများက အားတက်သရော ထောက်ခံအားပေးကြပုံ၊ မြန်မာနိုင်ငံအပေါ် ဂျပန်အစိုးရ၏ သဘောထား ပျော့ပျောင်းစွာ ဆက်ဆံပုံ၊ ကြွေးမြီများ လျှော်ပစ်ခံပြီး ချေးငွေများစွာရရှိအောင် ဆောင်ရွက်ခဲ့ပုံများကိုလည်း သံတမန်ဆက်ဆံရေး ကောင်းမွန်သည့် အနေအထားအဖြစ် တင်ပြသည်။

**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီးအတွင်း နွေရာသီတွင် ရေရှားပါးသည့်ကျေးရွာများ ရေရရှိရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော်  မတ်  ၁၁

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်သည် ယနေ့ နံနက် ၉ နာရီတွင် တောင်တွင်းကြီးမြို့နယ်ရှိ ကလေး ၁၅၀ ဆံ့ ဆတ်သွား မူလတန်းကြိုကျောင်းဆောင်သစ်ဖွင့်ပွဲတက်ရောက် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။**



ဆက်လက်၍ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်းက အမှာစကားပြောကြားပြီးနောက် မူလတန်းကြိုဖြစ်မြောက်ရေး နာယက ဦးဇော်မင်းသိန်းက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် တောင်တွင်းကြီးမြို့ တောင်ပြင်(၂) ဌာနပိုင် မူကြိုကျောင်းသို့ သွားရောက်၍ ပြင်ဆင်ထိန်းသိမ်းရေး လုပ်ငန်းများအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မကွေးမြို့နယ် ကြာကန်ကျေးရွာအုပ်စု အောင်သာကုန်း တဲတိုက်ရွာတွင် ဝန်ကြီးဌာနမှ ထောက်ပံ့ငွေ ကျပ်သိန်း ၁၉၀ ဖြင့် တူးဖော်ပြီးသော စက်ရေတွင်းသစ်ကို ဖွင့်လှစ်ပေးသည်။ ထို့အတူ ပုဂံမျှော်ကျေးရွာရှိ စက်ရေတွင်းအတွက် လိုအပ်သော ရေစင်၊ ရေတိုင်ကီများအတွက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ ထောက်ပံ့ငွေကျပ် သိန်း ၅၀ ကို ပေးအပ်လှူဒါန်းပြီး အောင်သာကုန်းတဲတိုက်ရွာရှိ ကျန်းမာရေးချို့တဲ့ပြီး ဆင်းရဲနွမ်းပါးသော အသက် ၈၀ နှစ်နှင့်အထက် အဖိုးနှစ်ဦးနှင့် အဖွားတစ်ဦးတို့အတွက် ငွေကျပ်ကိုးသောင်းကို လူမှုကာကွယ်စောင့်ရှောက်ရေးထောက်ပံ့ငွေအဖြစ် ပေးအပ်သည်။ ထိုမှတစ်ဆင့် မင်းဘူးမြို့နယ် ပေါက်ပင်တွင်းကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာ သုံးရွာရှိ မသန်စွမ်းသူများနှင့် အမျိုးသမီးများ ဦးဆောင်သော ဆင်းရဲနွမ်းပါးသူ မိသားစု ၉၈ ဦးတို့ထံသို့ လူမှုကာကွယ်စောင့်ရှောက် ငွေကျပ် ၇၃ သိန်း ထောက်ပံ့လှူဒါန်းသည်။

ယင်းနောက် ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာ နှစ်ရွာရှိ မသန်စွမ်းသူများနှင့် အမျိုးသမီးများ ဦးဆောင်သော ဆင်းရဲနွမ်းပါးသူ မိသားစု ၈၀ တို့ထံသို့ ထောက်ပံ့ငွေကျပ် ၄၄သိန်း ပေးအပ်သည်။

ညနေပိုင်းတွင် ရေနံချောင်းမြို့နယ် ညောင်ပင်အိုင်ကျေးရွာအုပ်စု အုတ်လှကျေးရွာသို့ ရောက်ရှိပြီး စက်ရေတွင်းအသစ် တူးဖော်ရန်ငွေကျပ်သိန်း ၁၉၀ ကို ရပ်ရွာလူထု၏ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းခဲ့ပြီး စက်ရေတွင်း တူးဖော်နေမှုကို အားပေးကြည့်ရှုသည်။

ယနေ့ နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် တောင်ဇင်းကျေးရွာအုပ်စု မကြီးစောက်ကျေးရွာ၌ မသန်စွမ်းသူများနှင့် အမျိုးသမီးများ ဦးဆောင်သော ဆင်းရဲနွမ်းပါးသူမိသားစု ၂၉၀ နှင့် တွေ့ဆုံ၍ လူမှုကာကွယ်စောင့်ရှောက်ရေး ထောက်ပံ့ငွေပေးရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာ ၁၆ ရွာအတွက် ထောက်ပံ့ငွေကျပ် ၁၈၁ သိန်း ၅ သောင်း ထောက်ပံ့ပေးသည်။

ဆက်လက်၍ မိတ္ထီလာမြို့နယ် မုန်တိုင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက်တွင် ကျေးရွာခုနစ်ရွာရှိ မသန်စွမ်းသူများနှင့် အမျိုးသမီးများ ဦးဆောင်သော ဆင်းရဲနွမ်းပါးသူ မိသားစု ၃၈၃ ဦးနှင့် တွေ့ဆုံ၍ လူမှုကာကွယ်စောင့်ရှောက်ရေး ထောက်ပံ့ကြေးငွေကျပ်သိန်း ၂၁၀ ၅ သောင်း ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော်  မတ်  ၁၁**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် နေရာ အနှံ့အပြားနှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် တောင်ပိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# ညောင်ဦးမြို့နယ်၌ ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၁၁

**ShweTaung Group နှင့် Maenum Metal Supply Co.,Ltd တို့က ဆောက်လုပ်လှူဒါန်းသည့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် သဲပြင်တောကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ပေ (၃၀× ၆၀)တစ်ထပ် ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပခဲ့သည်။**






ရှေးဦးစွာ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ မန္တလေးတိုင်းဒေသကြီးပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စန်းစန်းရီ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ခိုင်၊ ထိုင်းနိုင်ငံ Maenum Metal Supply Co.,Ltd မှ Ms.Maneerat Neenchaisak၊ Shwe Taung Group မှ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်း၊ Vietnam သံအမတ် Ms.Luan Thuy Duong တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ကြသည်။

**အမွေးနံ့သာများဖြင့် ပက်ဖျန်း**

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ Shwe Taung Group မှဥက္ကဋ္ဌ ဦးအိုက်ထွန်း၊ Brazil သံအမတ် Mr.Souza Sliva Antonio Jose Maria De၊ ထိုင်းနိုင်ငံ ဒုတိယသံအမတ် Mr.Pramoch Chailaivanichkul တို့က ကမ္ပည်း ကျောက်စာအား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြပြီး (ယာပုံ) အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ အလှူရှင်များနှင့် ဧည့်သည်တော်များက ကျောင်းဆောင်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် အခမ်းအနားဒုတိယပိုင်း အစီအစဉ်အား ဆက်လက်၍ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် Shwe Taung Group မှ ဥက္ကဋ္ဌ ဦးအိုက်ထွန်းက ကျောင်းဆောင်သစ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်**

ယင်းနောက် Shwe Taung Group မှ ဥက္ကဋ္ဌ ဦးအိုက်ထွန်းနှင့် Maenum Metal Supply Co.,Ltd မှ Ms.Maneerat Neenchaisak တို့က ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများအား လွှဲပြောင်းပေးအပ်ရာ ညောင်ဦးမြို့နယ် ပညာရေးမှူး ဒေါ်စန်းစန်းအေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**ပြောကြား**

ဆက်လက်၍ အလှူရှင်များက ကျောင်းသုံးစာရေးကိရိယာများ၊ ကျောပိုးလွယ်အိတ်၊ ထမင်းချိုင့်များ၊ ကွန်ပျူတာ၊ ပရင်တာများနှင့် ကျောင်းအတွက် ရေသန့်စက်၊ အဲကွန်းများကို ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးခိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် (အငြိမ်းစား) ဒေါက်တာထွန်းခင်နှင့် သဲပြင်တောကျေးရွာ ရပ်မိရပ်ဖ ဦးအေးကိုတို့က ဝမ်းမြောက်ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆေးရုံသတင်းအချက်အလက်ဆိုင်ရာကွန်ပျူတာစနစ် ရှင်းလင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် မတ် ၁၁

**ဆေးရုံသတင်းအချက်အလက်ဆိုင်ရာ ကွန်ပျူတာစနစ် ရှင်းလင်းဆွေးနွေးပွဲကို မတ် ၁၀ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်လမ်းရှိ တော်ဝင်ဂါးဒင်းဟိုတယ်၌ ကျင်းပခဲ့သည်။** (အောက်ပုံ)



ရှေးဦးစွာ တော်ဝင်မိသားစုကုမ္ပဏီဥက္ကဋ္ဌ ဦးကိုကိုထွေးက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် တော်ဝင်မိသားစုကုမ္ပဏီအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လိုအပ်ချက်များနှင့်အညီ သတင်းအချက်အလက်ဆိုင်ရာကွန်ပျူတာစနစ်တစ်ခုဖြစ်ထွန်းပေါ်ပေါက်ပြီး စနစ်တကျအသုံးပြုနိုင်သည်အထိ လိုအပ်သည်များကို ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**ဆေးရုံစီမံခန့်ခွဲရေးဆိုင်ရာ သတင်းအချက်အလက်စနစ်**

ဆက်လက်၍ Software အင်ဂျင်နီယာနှစ်ဦးက တော်ဝင်မိသားစုကုမ္ပဏီမှ ကူညီပံ့ပိုးပေးရန် ရည်ရွယ်ထားသည့် ဝန်ထမ်းပုဂ္ဂိုလ်ရေးရာ သတင်းအချက်အလက်စနစ် (Personal Information System)၊ ဆေးနှင့်ဆေးပစ္စည်းစာရင်းစီမံထိန်းချုပ်ရေးနှင့် ဆေးရုံစီမံခန့်ခွဲရေးဆိုင်ရာ သတင်းအချက်အလက်စနစ် (Inventory Control System & Hospital Management System) တို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောကြားရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်ကို ကျန်းမာရေးသတင်းအချက်အလက်ဆိုင်ရာနှစ် (Year of data and information) နှင့် ဘဏ္ဍာငွေများကို ကျိုးကြောင်းလျော်ညီစွာ ခွဲဝေချထားခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အကျိုးရှိထိရောက်စွာ အသုံးပြုခြင်းနှစ်များအဖြစ်သတ်မှတ်၍ ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များ တိကျမှန်ကန်ပြည့်စုံရေးနှင့် ရရှိသောသတင်းအချက်အလက်များကို စနစ်တကျ ဆန်းစစ်သုံးသပ်လေ့လာ၍ စီမံချက်များ ရေးဆွဲခြင်းနှင့် ဘဏ္ဍာငွေနှင့် စွမ်းအားစုများကို လိုအပ်ချက်နှင့်အညီ ထိရောက်စွာ ခွဲဝေအသုံးချသွားနိုင်ရန် ဆောင်ရွက်နေကြောင်း။

တစ်နိုင်ငံလုံးရှိဆေးရုံများမှ သတင်းအချက်အလက်များကို ချိတ်ဆက်စုစည်းသုံးသပ်နိုင်သော တူညီသောကွန်ပျူတာစနစ်တစ်ခုတည်းကိုသာ အသုံးပြုစေလိုကြောင်း။

လက်ရှိအခြေအနေတွင် ပြည်သူ့ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်ကွန်ပျူတာစနစ်နှင့် နှိုင်းယှဉ်လျှင် ဆေးရုံဆိုင်ရာသတင်းအချက်အလက်စနစ်သည် အားနည်းချက်နှင့် မပြည့်စုံမှုများရှိနေပြီး ပိုမိုကောင်းမွန်တိုးတက်လာစေရေးအတွက် ဆောင်ရွက်ရန် လုပ်ငန်းအများအပြားရှိကြောင်း။

**စနစ်တကျလက်တွေ့အကောင်အထည်ဖော်**

မြန်မာနိုင်ငံတစ်ဝန်းရှိ လူနာတစ်ဦးချင်းစီအတွက် သီးသန့်ကိုယ်ပိုင်နံပါတ် (Patient unique identification number)သတ်မှတ်ပေးနိုင်ရန် ဝိုင်းဝန်းစဉ်းစားကြစေလိုပါကြောင်း၊ ဆေးရုံဆိုင်ရာ သတင်းအချက်အလက် ကွန်ပျူတာစနစ်ကို စနစ်တကျလက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဘက်စုံလေ့လာသုံးသပ်၍ သက်ဆိုင်သူအားလုံးနှင့် ညှိနှိုင်းဆောင်ရွက်ရန်လိုအပ်ကြောင်းနှင့် ဆေးရုံသတင်းအချက်အလက်ဆိုင်ရာ ကွန်ပျူတာစနစ် ဖြစ်မြောက်ရေးနှင့် လိုအပ်သည်များ ကူညီပံ့ပိုးပေးလိုသည့် တော်ဝင်မိသားစုကုမ္ပဏီအား ကျေးဇူးတင် အသိအမှတ်ပြုပါကြောင်း ပြောကြားသည်။

ယင်းနောက်အဆိုပါအခမ်းအနားသို့ တက်ရောက်လာသူများက ဆေးရုံဆိုင်ရာ သတင်းအချက်အလက် ကွန်ပျူတာစနစ်ထူထောင်ဆောင်ရွက်ရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ စဉ်းစားသုံးသပ်ရမည့်အချက်များနှင့် အကြံပြုချက်များကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဆိုင်ရာ ဗဟိုဌာနခန်းမ၌ ကျင်းပပြုလုပ်သော မြန်မာကျောက်ကပ်ဖောင်ဒေးရှင်းတည်ထောင်မှု အောင်မြင်ခြင်းအခမ်းအနားသို့ တက်ရောက် ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ဖောင်ဒေးရှင်းအနေဖြင့် နာတာရှည် ကျောက်ကပ်ဝေဒနာရှင်များအား မိမိတို့နေထိုင်ရာဒေသတွင်ပင် အလွယ်တကူကုန်ကျစရိတ် သက်သာစွာဖြင့် ကျောက်ကပ်သွေးသန့်စင်ခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ကြောင်း၊ အလားတူဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျောက်ကပ်အစားထိုး ကုသမှုလုပ်ငန်းများသည် လူနာများ၏ မျှော်မှန်းသက်တမ်းနှင့် ဘဝနေထိုင်မှုအရည်အသွေးကို တိုးတက်စေသည်ဖြစ်၍ အလွန်မွန်မြတ်သော လူ့အသက်ကို ကယ်တင်သည့်လုပ်ငန်းဖြစ်ပါကြောင်း၊ ဖောင်ဒေးရှင်းအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် စနစ်တကျ လုပ်ငန်းလမ်းညွှန်ထားရှိခြင်းအစရှိသည့် ကျွမ်းကျင်မှုဆိုင်ရာ ပူးပေါင်းမှုများကို ဝန်ကြီးဌာနမှ ကျွမ်းကျင်ပညာရှင်ကြီးများနှင့် ကွန်ရက်သဖွယ် ဆောင်ရွက်သွားမည်ဆိုပါက များစွာကြိုဆိုပြီး လိုအပ်သည်များဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

**ပံ့ပိုးနိုင်ရေး ဆောင်ရွက်**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဖောင်ဒေးရှင်း၏ ကျောက်ကပ်သွေးသန့်စင်ရာဌာနများမှ အကူအညီများလိုအပ်ပါကလည်း ပူးပေါင်းပံ့ပိုးကူညီပေးနိုင်ရန် တိုင်းဒေသကြီးနှင့်ပြည်နယ်ဦးစီးမှူးများမှ ထောက်ပံ့ကူညီပေးကြမည်ဖြစ်ပါကြောင်း၊ ဖောင်ဒေးရှင်းလုပ်ငန်းများ ယခုထက်ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်နှင့် အလေအလွင့်နည်းပါးစေရန် လုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါကလည်း ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်၍ ရန်ပုံငွေများလည်း ပံ့ပိုးနိုင်ရေး ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

ကျောက်ကပ်ရောဂါနှင့်ပတ်သက်သော ကာကွယ်မှု၊ ကုသမှု လုပ်ငန်းများကို ယခုဖောင်ဒေးရှင်းကြီးနှင့် လက်တွဲပူးပေါင်း၍ တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးရုံးအဆောက်အအုံ ရာနှုန်းပြည့်ဆောက်လုပ်ပြီးစီး



ဖြူး မတ် ၁၁

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖြူးမြို့နယ်ရုံးအဆောက်အအုံသစ်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၈၇ ဒသမ ၃၂ သန်းဖြင့် ဖြူးမြို့ကော်ပတ်ခြံရပ် ၁၃ လမ်းအထွက် ဖြူးအရှေ့ကျေးရွာအုပ်စု ဖြူးမြို့အနီးတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ ၂၀၁၇ ခုနှစ်မှ စတင်ဆောက်လုပ်ခဲ့ရာ ယခုအခါတွင် ရာနှုန်းပြည့် ဆောက်လုပ်ပြီးစီးသွားပြီဖြစ်သည်။

အဆိုပါဆောက်လုပ်ပြီးစီးသွားပြီဖြစ်သော ရုံးအဆောက်အအုံကို မကြာမီ ဖွင့်လှစ်သွားနိုင်ရေးအတွက် မြို့နယ်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖြူးမြင့်ဦး**

# ဇလုံတောင်သွား တောလားနှင့် မဃဒေဝလင်္ကာသစ် တမ်းချင်း

**ဆောမျိုးနွယ်**

**မြန်မာစာပေတွင် ကျွမ်းဝင်နှံ့စပ်ခြင်း မရှိလှသူ တစ်ယောက်အနေဖြင့် ‘‘တောလား’’နှင့် ‘‘တမ်းချင်း’’ဟူသည့် ဝေါဟာရနှစ်လုံးကို ကောက်ယူသုံးစွဲမိသည့်အတွက် လွန်စွာမှပင် အားတောင့်အားနာ ရှိလှပေသည်။ တစ်ဖန် ‘‘ဇလုံတောင်’’ဆိုသည်နှင့် ‘‘မဃဒေဝလင်္ကာသစ်’’ဆိုသည့် အမည်နာမနှစ်ခုတို့ကို ယှဉ်တွဲကြည့်ပြန်လျှင်လည်း တစ်ခုနှင့်တစ်ခုဆက်စပ်မှု ကင်းနေကြောင်း တွေ့ရပေမည်။**

သို့ရာတွင် ထိုသို့ဆက်စပ်ခြင်းကင်းသည့် အမည်နာမနှစ်ခုတို့အကြောင်း တိုက်ဆိုင်စွာဆက်စပ်မိသွားပုံနှင့် ထိုမှရရှိသည့် အတွေ့အကြုံဗဟုသုတတို့ကို ပြန်လည်မျှဝေပေးလိုသည့် စေတနာကပင် ဆိုခဲ့သည့် ‘‘တောလား’’ နှင့် ‘‘တမ်းချင်း’’ ဟူသည့် ဝေါဟာရလှလှတို့ကို ယူငင်သုံးစွဲမိခြင်း ဖြစ်တန်ပါသည်။ သို့ဖြစ်၍ တောလားနှင့် မတူသော တောလားကို လည်းကောင်း၊ တမ်းချင်းဟု မမည်သော တမ်းချင်းကိုလည်းကောင်း ဆက်လက်ဖော်ပြသွားပါမည်။

## တောလားတစ်ပုဒ်အတွက် ပြင်ဆင်ခြင်း

ယခုခေတ် ခရီးသွားလာခြင်းသည် ရှေးကရဟန်းရှင်လူတို့ကဲ့သို့ သ လုံးမြင်းခေါင်းကို အမှီပြု၍ ရှာပုံတော်ဖွင့်ရသည့် ခရီးကြမ်းမျိုးမဟုတ်သည်ကား သေချာပေသည်။ နေရာသို့ နေရာနှင့်အနီးဆုံးသို့ ယာဉ်အမျိုးမျိုးဖြင့် သွားလာနိုင်သည့် နေရာ၊ လူသူအရောက်အပေါက်များပြီး နာမည်ရှိနှင့် ပြီးနေရာသို့မဟုတ် မကြာမီကမှ နာမည်ကြီးလူသိများလာသည့် နေရာများသို့ သွားလာခြင်းသာဖြစ်ပေသည်။

သို့ရာတွင် ခရီးဝေးတစ်ခုကို ကြိုတင်စီစဉ်ခြင်းမပြုဘဲ ကတိုက်ကရိုက်ထွက်သွားသည့် သဘောတော့ မဖြစ်သင့်ပေ။ ဤသို့ပြုလုပ်ခြင်းသည် ခရီးဖင့်ခြင်းနှင့် တည်းခိုနေထိုင်ရေး အတွက် အခက်ကြုံနိုင်ပေသည်။ သွားဖူးသူများနှင့် ဒေသခံများထံမှ လမ်းခရီးအခြေအနေနှင့် တည်းခိုနေထိုင်ရေးဆိုင်ရာ သတင်းအချက်အလက်များကို စုံလင်စွာရယူသင့်ပေသည်။ ယာဉ်ဖြင့်ခရီးသွားရာတွင် ခရီးအကွာအဝေးထက် ခရီးအတွက် ကြာချိန်က အဓိကကျပေသည်။

သွားရောက်မည့်နေရာတွင် ညအိပ်တည်းခိုမည့်နေရာ နည်းသည်၊ များသည်ထက် မိသားစုအတွက် လုံလောက်သည့် နေရာ သေချာပေါက်ရအောင် ကြိုတင်စီစဉ်ထားနိုင်ရေးက အရေးကြီးပေသည်။ ဤသို့လမ်းခရီးနှင့် တည်းခိုမည့်နေရာတို့အတွက် သတင်းရယူပြင်ဆင်ပြီးပြီဆိုလျှင် အသုံးပြုမည့် ယာဉ်၏ ကြံ့ခိုင်ရေးကို အသေးစိတ်စစ်ဆေးပြင်ဆင်ကာ လိုအပ်သည့် အသုံးအဆောင်တို့ကို ယူဆောင်၍ ခရီးတစ်ခုကို စိတ်အေးချမ်းသာစွာ သွားနိုင်ပေပြီ။

## ဇလုံတောင်သွား တောလား

‘‘သမင်ကတောက်၊ ချေကဟောက်နှင့်၊ မျောက်ကကြိုးခွေ၊ ဒေါင်းအိုးဝေသို့’’ ဟူသည့် ရှင်မဟာရဋ္ဌသာရ၏ ရွှေစက်တော်သွားတောလားကဲ့သို့ မဟုတ်ပါပေ။ မန္တလေး-သပိတ်ကျင်း-မြစ်ကြီးနား အဝေးပြေးလမ်းမကြီးအတိုင်း ထီးချိုင့် ရောဝတီမြစ်ကူးတံတားကြီးကိုဖြတ်၍ အင်းတော်မြို့သို့၊ ၎င်းမှ ဗန်းမောက်မြို့သို့ အိမ်စီးကားငယ်လေးကို အေးအေးလူလူ မောင်းရင်းသွားခဲ့သည့် ခရီးသာဖြစ်ပါသည်။

ခရီးအကွာအဝေးအားဖြင့် မန္တလေးမှ ထီးချိုင့်ရောဝတီမြစ်ကူးတံတားအထိ မိုင် ၁၅၀၊ ထီးချိုင့်မြို့မှ အင်းတော်မြို့အထိ ၃၅ မိုင်၊ အင်းတော်မှ ဗန်းမောက်မြို့အထိ ၂၈ မိုင် စုစုပေါင်း ၂၁၃ မိုင်ရှိပါသည်။ မောင်းချိန် ကိုးနာရီ နီးပါးကြာပါသည်။ စားချိန် နားချိန်အပေါ်မူတည်၍ ထိုထက်ကြာမည်သာ ဖြစ်ပါသည်။သို့ဖြစ်၍ ခရီးအကွာအဝေးထက် ခရီးကြာချိန်က အဓိကကျသည်ဟု ဆိုခဲ့ခြင်းဖြစ်ပါသည်။

အခန်းကြိုတင်စီစဉ်ထားသည့် ဗန်းမောက်မြို့ပေါ်ရှိ အောင်သရဖူတည်းခိုခန်းသို့ မွန်းလွဲ ၁ နာရီတွင် ရောက်ရှိပြီး ခရီးဆောင်ပစ္စည်းတို့ကိုအပ်နှံကာ မိုးစက်အိမ်အမည်ရှိ ရှမ်းပုံစား စားသောက်ဆိုင်တွင် နားကြစားကြပါသည်။ စားပြီးသည်နှင့် ဗန်းမောက်မှ ငါးမိုင်ကွာဝေးသည့် ဇလုံတောင်ခြေရှိ တောင်တက်ကားကွင်းနေရာသို့ ထွက်ခွာခဲ့ရာ မွန်းလွဲ ၂ နာရီတွင် ရောက်ရှိခဲ့ပါသည်။ ထိုနေရာတွင် စားသောက်ဆိုင်တန်းများ၊ ဒေသသစ်ခွပန်းမျိုးစုံနှင့် တောထွက်ပစ္စည်းမျိုးစုံ ရောင်းချသည့် ဆိုင်ခန်းများ၊ ဒေသနေကဒူးရိုးရာပြခန်းနှင့် ရိုးရာတည်းခိုဆောင်များကို ဖွင့်လှစ်ထားရှိပါသည်။ ထိုနေရာမှ ဇလုံတောင်ဘုရားအထိ တောင်တက်အသင်းမှ ပြေးဆွဲနေသည့် ယာဉ်ငယ်များသာ တက်ဆင်းခွင့်ပြုထားပါသည်။

အိမ်စီးကားကို တောင်ခြေကားကွင်းတွင် ရပ်ထားခဲ့ပြီး တောင်တက်ကားအသင်းတွင် အမည်စာရင်းပေးရပါသည်။ မိမိအလှည့်မရောက်မီ တောင်တက်ကားအသင်းတွင် စုံစမ်းကြည့်ရာ ယာဉ်ငယ် ၈၃ စီးဖြင့် တစ်စီးလျှင်ခရီးသည် ၁၅ ဦးစီတင်ဆောင်ကာ အတက်အဆင်းကို အဆက်မပြတ် ပြေးဆွဲပေးနေကြောင်း သိရပါသည်။ ဆိုသည့်အတိုင်းပင် အဆင်းယာဉ်၊ အတက်ယာဉ်မစဲဘဲ ခရီးသည်တို့၏ တက်ခြင်း၊ ဆင်းခြင်းကို ရုတ်ရုတ်သဲသဲ မြင်တွေ့နေရပါသည်။ ညနေ ၃ နာရီတွင် မိမိတို့လိုက်ပါရန်အလှည့်ကျသဖြင့် တောင်တက်ခရီး စတင်ခဲ့ပါသည်။

ကားထွက်သည်နှင့် ဒေသခံယာဉ်မောင်းကို ဇလုံတောင်အကြောင်းနှင့် နယ်မြေအကြောင်းစပ်စုကြည့်ရာ ဇလုံတောင်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့၏ မြောက်ဘက် ၁၄ မိုင်အကွာတွင်ရှိကြောင်း၊ တောင်ခြေကားကွင်းမှ ဇလုံတောင်ထိပ်အထိ ၉ မိုင် ၂ ဖာလုံဝေးကြောင်း၊ ယခင်က ခြေကျင်လမ်းသာရှိခဲ့ရာမှ ဤသို့မြေသားလမ်းနှင့် ကားတက်နိုင်သည်မှာ သုံးနှစ်သာရှိသေးကြောင်း၊ မြေသားလမ်း ကိုလည်း နှစ်စဉ်နိုဝင်ဘာလတွင် ပြုပြင်၍ ဘုရားဖူးရာသီမှာ ဒီဇင်ဘာလမှ ဧပြီလအထိ ငါးလဖြစ်ကြောင်း ပြောပြလေသည်။

ယာဉ်မောင်းနှင့် စကားပြောနေရင်း ကားလမ်းသည် မတ်သထက် မတ်လာလေသည်။ အိမ်စီးကားများ တက်ခွင့်မပေးသည်မှာ မှန်ကန်သည့် တားမြစ်ချက်ဖြစ်ကြောင်း အတက်အဆင်းလမ်းအခြေအနေကို ကြည့်ရင်း လက်ခံမိလေသည်။ ဇလုံတောင်၏ အမြင့်ပေမှာ ပင်လယ်ရေမျက်နှာပြင် အထက်ပေ ၃၀၉၀ ဖြစ်ကြောင်း ယာဉ်မောင်း၏ ပြောပြချက်အရ သိခဲ့ရပေသည်။ အတက်ခရီးတွင် ကျောက်မဏ္ဍပ်ဟု အမည်ရသည့်နေရာသို့ အရင်ပို့ဆောင်ပေးသည်။ ထိုနေရာမှ ဇလုံတောင်ဘုရားသို့ လှမ်းမြင်နေရ၏။ သဘာဝတောတောင်တို့သည် တပေါင်းလလယ်တိုင်အောင်ပင် စိမ်းစိုညို့မှိုင်းနေဆဲပင်။

## ကွန်ပျူတာဂရပ်ဖစ်ပန်းချီအလား

သစ်ကြီးဝါးကြီးတောအလယ်တွင် အတက်ကြမ်းကြမ်း၊ အဆင်းကြမ်းကြမ်းလမ်းကို ဖြတ်မောင်းရင်း ဇလုံတောင်ဘုရားတည်ရှိရာ တောင်ထိပ်ကားစခန်းသို့ ညနေ ၄ နာရီခွဲတွင် ရောက်ရှိခဲ့လေသည်။ ထိုနေရာမှ ခြေကျင်ခရီး ငါးမိနစ်ခန့် သွားလိုက်သည်နှင့် ဇလုံတောင်ဘုရားကို အနီးကပ်ဖူးမြင်ရပေပြီ။ စိမ်းစိုလန်းဆန်းသည့် တောတောင်တို့ အလယ် သဘာဝကျောက်တုံးကြီးထိပ်ရှိ စေတီကို ဖူးမြင်ရသည်မှာ ကွန်ပျူတာဂရပ်ဖစ်ပန်းချီတစ်ချပ်အလား ထင်မှတ်မှားလောက်အောင် အမြင်ဆန်းလှပေသည်။

ထိုကျောက်တောင်သို့ မရောက်မီ အတက်လမ်းတွင် လူအများဖူးမြော်ကြည်ညိုနိုင်ရန် အာရုံခံရင်ပြင်တစ်ခု ပြုလုပ်ထားပေသည်။ ကျောက်တုံးကြီးနှစ်လုံးပေါ်တွင် တည်ထားသည့် စေတီများသို့ဖူးမြော်နိုင်ရန်အတွက် ဆရာတော်တစ်ပါးက ကြီးကြပ်ပေးနေသည်။ အကြောင်းမှာ ကျောက်တုံးနှစ်တုံးကြားရှိ လှေကားထစ်လမ်းမှာ လူတစ်ကိုယ်စာသာ အတက်အဆင်းပြုလုပ်နိုင်သဖြင့် ထိုနေရာတွင် နှောင့်နှေးကြန့်ကြာမှု မရှိစေရေး ဆရာတော်က အတက်အဆင်းကို အလှည့်ကျဖြစ်အောင် ကြပ်မတ်ပေးနေခြင်းဖြစ်ပါသည်။ ကျောက်တုံးကြီးနှစ်တုံးထိပ်တွင် လူကူးသံတံတားပြုလုပ်ထားသဖြင့် တစ်တုံးမှ တစ်တုံးသို့ လွယ်ကူစွာသွားလာနိုင်ပေသည်။

တောတောင်တို့အလယ်တွင် ထီးထီးကြီး ထိုးထွက်တည်ရှိနေသည့် ဇလုံတောင်ထိပ်မှ ပတ်ဝန်းကျင်ကိုမျှော်ကြည့်လိုက်ရင်းမြင်တွေ့ရသည့် ရှုခင်းရှုကွက်တို့ကို စာဖွဲ့နေလျှင်လည်း စာရှည်ရုံသာရှိပေလိမ့်မည်။ သို့ဖြစ်၍ ကိုယ်တိုင်ရောက်ချိန်မှသာ ကိုယ့်အမြင်ကိုယ့်အတွေးနှင့် ကိုယ်တိုင်သာကြည့်ရှုခံစားနိုင်ကြပါစေကြောင်း စကားလက်ဆောင်အဖြစ်သာ ပေးလိုက်လိုပါသည်။



ဗန်းမောက်မြို့နယ်ရှိ ဇလုံတောင်ကို တွေ့ရစဉ်။ ဓာတ်ပုံ-သက်နိုင်(ပြင်ဦးလွင်)

> **‘‘ခရီးဝေးတစ်ခုကို ကြိုတင်စီစဉ်ခြင်းမပြုဘဲ ကတိုက်ကရိုက်ထွက်သွားသည့် သဘောတော့ မဖြစ်သင့်ပေ၊ ဤသို့ပြုလုပ်ခြင်းသည် ခရီးဖင့်ခြင်းနှင့် တည်းခိုနေထိုင်ရေးအတွက် အခက်ကြုံနိုင်ပေသည်၊ သွားဖူးသူများနှင့် ဒေသခံများထံမှ လမ်းခရီးအခြေအနေနှင့် တည်းခိုနေထိုင်ရေးဆိုင်ရာ သတင်းအချက်အလက်များကို စုံလင်စွာ ရယူသင့်ပေသည်။ ယာဉ်ဖြင့်ခရီးသွားရာတွင် ခရီးအကွာအဝေးထက် ခရီးအတွက် ကြာချိန်က အဓိကကျ’’**

တောင်ခြေရှိ ကားဂိတ်သို့ အဆင်းတစ်နာရီအချိန်ယူရမည်ဆိုသဖြင့် အလင်းရောင်မပျောက်မီ ပြန်ဆင်းခဲ့ကြရာ ညအိပ်တည်းခိုမည့် ဗန်းမောက်သို့ ည ၇ နာရီတွင် ပြန်လည်ရောက်ရှိခဲ့ပါသည်။ ဤခရီးစဉ်ကို ကြည့်ခြင်းဖြင့် ဇလုံတောင်သို့ အိမ်စီးကားဖြင့် မိသားစုဘုရားဖူးသွားမည့်သူများ ချိန်ဆနိုင်ကြလိမ့်မည်ထင်ပါသည်။ သို့ရာတွင် ခရီးသွားအနည်းအများ အပေါ်မူတည်၍ ကွဲလွဲချက်များ ရှိနေဦးမည်သာ။

## တောလားအပြီး မန်လည်ခရီး

မိသားစု၏ ခရီးစဉ်ရည်မှန်းချက်မှာ ဇလုံတောင်ဘုရားဖူးရန်သာဖြစ်သည့်အတွက် အစစချောမောအောင်မြင်စွာပြီးမြောက်ခဲ့ပြီဖြစ်သဖြင့် တည်းခိုခန်းတွင် အေးချမ်းစွာ အနားယူရင်း တည်းခိုခန်းပိုင်ရှင်နှင့် စကားပြောဖြစ်ရာက မန်လည်ဆရာတော်ဘုရားကြီး၏ ဇာတိနှင့် ခန္ဓာဝန်ချရာ မန်လည်ရွာသို့ သွားဖြစ်ရန်အကြောင်း ဖန်လာခဲ့လေသည်။ တကူးတက သွားရမည့်ခရီးလည်းမဟုတ်၊ အပြန်လမ်းခရီးတွင် ဝင်သွားရုံသာဖြစ်၍ အဆင်ပြေလှပေသည်။ ထို့အပြင် ငယ်စဉ်ကပင် လေ့လာသင်ယူခဲ့ဖူးသည့် ‘‘မဃဒေဝလင်္ကာသစ်’’ဆိုသည့် ကဗျာစာသားတို့ကို ဆရာတော်ကြီးနှင့်ယှဉ်တွဲ၍ မြင်ယောင်လာမိလေသည်။ မှတ်မိနေသေးသည့်ကဗျာစာသား အချို့ကို စိတ်ဖြင့်တမ်းတစွာ ရွတ်ဆိုမိလိုက်သေးသည်။ တမ်းချင်းဟု မမည်သော တမ်းချင်းဟုဆိုခဲ့သည် မဟုတ်ပါလား။

မည်သည့်အတွက်ကြောင့် လင်္ကာသစ်ဟူ၍ဖြစ်ရသနည်း။ သို့ဆိုလျှင် မူရင်းလင်္ကာ လင်္ကာဟောင်းဆိုသည်များ ရှိသေးသလော။ ထိုလင်္ကာသစ်ဆိုသည်တွင်လည်း မိမိလေ့လာဖူးသည့် ကဗျာတိုကဗျာစတို့အပြင် မည်သည့်အကြောင်းအရာများပါသေးသနည်း။ အမည်ဂုဏ်သတင်း အလွန်ပင်ကျော်စောခြင်းရှိခဲ့သည့် ဆရာတော်ကြီးကား မည်သို့သော ပုဂ္ဂိုလ်ကြီးဖြစ်ပါသနည်း။ ထို့အပြင် ဒါဟာဆရာတော်ကြီးပါဟု ကိုယ်တိုင်ကိုယ်ကျမျက်မြင်ဖူးမြော်နိုင်သည့် အခွင့်အရေးလည်း ရှိနေပြန်ရာ ထိုထို၍၍ သိလိုမြင်လိုသော အကြောင်းတို့သည် ဆရာတော်ကြီး၏ ဘူမိနက်သန် အောင်မြေမှန်ဖြစ်သည့် မန်လည်မြေသို့ ရောက်ဖြစ်အောင် သွေးဆောင်ကြ လေတော့သည်။

## တမ်းချင်းခရီးစလေပြီ

ဗန်းမောက်မှ နံနက် ၈ နာရီတွင် ထွက်ခွာခဲ့ရာ အင်းတော်သို့ နံနက် ၉ နာရီတွင် ရောက်ရှိခဲ့လေသည်။ အင်းတော်မှ မြစ်ကြီးနား-ရွှေဘို ပြည်ထောင်စုကားလမ်းကြီးအတိုင်း ရွှေဘိုဘက်သို့ ငါးမိုင်ခန့်မောင်းလိုက်လျှင် လမ်း၏အနောက်ဘက်ခြမ်း၌ မန်လည်လမ်းခွဲကို တွေ့ရလေသည်။ မိုင်တိုင်အားဖြင့် ပြောရလျှင် ၁၃၆/၀ မိုင်တိုင်တွင်ဖြစ်သည်။ အဆိုပါလမ်းခွဲအတိုင်းဝင်သွားလျှင် ဆည်ရွာကိုဖြတ်ပြီး မန်လည်ရွာသို့ ရောက်ပေသည်။ လမ်းခွဲမှ မန်လည်ဆရာတော်ဘုရားကြီး၏ ကျောင်းတော်သို့ ငါးမိုင်ခန့်သာ ဝင်ရပါသည်။

ကျောင်းတော်သို့ရောက်သည်နှင့် အလှူခံမဏ္ဍပ်တွင် ဝတ္တုငွေလှူရင်း ဂေါပကအဖွဲ့ဝင်များနှင့် ဆရာတော်ဘုရားကြီးအကြောင်းနှင့် ‘‘မဃဒေဝလင်္ကာသစ်’’ အကြောင်းမေးမြန်းဖြစ်ခဲ့ရာ အဖွဲ့ဝင်တစ်ဦးက ဆရာတော်ဘုရားကြီးအကြောင်း ပြောပြရင်း မပုပ်မသိုးပကတိအတိုင်း တည်ရှိနေသော ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်၊ ရုပ်ကလာပ်တော်ထားရှိရာ စံကျောင်းတော်ဟောင်း၊ ဆရာတော်ကြီး တည်ထားကိုးကွယ်ခဲ့သည့် တာဝတိံသာ မဟာအဘယစေတီတော်၊ ညောင်ရမ်းမင်းသားလှူဒါန်းခဲ့သည့် ဗောဓိညောင်ပင်၊ ယခင်ကျောင်းတော် ပန္နက်ရာအတိုင်း ကျွန်းလုံးတိုင် ၁၆၈ တိုင်ဖြင့် ထပ်မံတည်ဆောက်ထားသည့် သိမ်ကျောင်းတော်ကြီးပေါ်ရှိ ဆရာတော်ကြီး ကိုယ်တော်တိုင်ထုလုပ်ရေးဆွဲထားသော ပန်းပု၊ ပန်းချီလက်ရာများကို လိုက်လံရှင်းလင်းပြသပေးပါသည်။

နောက်ဆုံးတွင် အလှူခံမဏ္ဍပ်သို့ ပြန်ဝင်ပြီး မန်လည်စာပေစောင့်ရှောက်ရေးအဖွဲ့က ကောဒသမအကြိမ် ထုတ်ဝေခဲ့သည့် ‘‘မဟာသုတကာရီမဃဒေဝ လင်္ကာသစ်’’ဟု အမည်ပေးထားသော မဃဒေဝလင်္ကာသစ်စာအုပ်ကြီး တစ်အုပ်ကို ဝယ်ယူဖြစ်ခဲ့ပါသည်။ မန်လည်စာပေ စောင့်ရှောက်ရေးအဖွဲ့က ထုတ်ဝေရာတွင် ၁၁ကြိမ်မြောက်အထိ အုပ်ရေ ၂၆၀၀၀ သာ ထုတ်ဝေပြီးဖြစ်၍ ထိုအထဲမှ တစ်အုပ်ရရှိခဲ့ပြီဆိုသည့် ကျေနပ်ပီတိဖြစ်နေမိသည်ကား အမှန်ပါပင်။

## မဃဒေဝလင်္ကာသစ်တမ်းချင်း

ဆရာတော်ကြီးသည် ‘‘မဟာသုတကာရီမဃဒေဝလင်္ကာသစ်’’ ပထမစာမူကို ဝါတော်ဆယ်ဝါတွင် ရေးသားခဲ့ပြီး မူလခေါင်းစဉ်မှာပင် လင်္ကာသစ်ဟူသည့် ဝေါဟာရကိုသာ စတင်သုံးစွဲခဲ့ကြောင်း တွေ့ရပါသည်။ သို့ဖြစ်၍ လင်္ကာဟောင်းရှိသလောဟူသည့် သံသယမှာ အလိုလိုကွယ်ပျောက်သွားပေသည်။ သို့ရာတွင် ထိုပထမစာမူကိုပင် ဆရာတော်ကြီးကိုယ်တိုင်အားရ တင်းတိမ်တော်မမူဘဲ ပိုမိုကောင်းမွန်အောင် နှစ်ကြိမ်တိုင်တိုင် ဖြည့်စွက်ပြင်ဆင်ခဲ့ကြောင်းတွေ့ရပါသည်။

ထို့ကြောင့် တစ်နည်းအားဖြင့် မူလစာမူကိုပင် ပြင်ဆင်ဖြည့်စွက်ရင်း အသစ်အသစ်ဖြစ်လာသည်ဟုလည်း ဆိုနိုင်ပြန်ပါသည်။ ယခုပုံနှိပ်ထုတ်ဝေလျက်ရှိသော စာအုပ်များမှာ ဆရာတော်ကြီး ပျံလွန်တော်မမူမီ နောက်ဆုံးအချိန်အထိ ပြင်ဆင်ရေးသားခဲ့သော စာမူဖြစ်ကြောင်း သိရပေသည်။

ဆရာတော်ကြီး၏ ‘‘မဃဒေဝလင်္ကာသစ်’’ ဟူသည့် ကဗျာရှည်စာအုပ်ကြီးသည် လောကီလောကုတ္တရာ နှစ်ဖြာသော ဗဟုသုတတို့ကို ပေးစွမ်းနိုင်သည့်အပြင် မြန်မာ့စာပေနယ်ပယ်တွင် ထင်ရှားကျော်ကြား၍ မှီငြမ်းပြုကိုးကားရသော ကျမ်းစာတစ်စောင်အဖြစ် ယနေ့ထက်တိုင် ရပ်တည်လျက်ရှိသဖြင့် မြန်မာတစ်ယောက်အနေဖြင့် လွန်စွာမှပင် ဝမ်းမြောက် ဂုဏ်ယူမဆုံးဖြစ်နေမိပါသည်။ ဆရာတော်ကြီး၏ ပျို့ကဗျာ လင်္ကာဘက်တွင် ကျွမ်းကျင်နှံ့စပ်ပုံကိုလည်း ကြည်ညိုလေးစားမိပါသည်။

ဆိုခဲ့သည့်အတိုင်း တောလားနှင့် မတူသော တောလားကိုလည်းကောင်း၊ တမ်းချင်းဟု မမည်သော တမ်းချင်းကိုလည်းကောင်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ထို့အပြင် တစ်ခုနှင့်တစ်ခု ဆက်စပ်မှုမရှိဟုဆိုခဲ့သော ဇလုံတောင်နှင့် ‘‘မဃဒေဝလင်္ကာသစ်’’ တို့သည်လည်း အကြောင်းတိုက်ဆိုင်၍ ဆက်စပ်မိခဲ့ပါပြီ။ ထိုဆက်စပ်မှုသည်လည်း ကောင်းမြတ်သောအကျိုးကို ဖြစ်ထွန်းစေခဲ့သည်ဟု ဝမ်းမြောက်နေမိပါသည်။ မန်လည်ဆရာတော်ကြီး၏ ဘူမိနက်သန်နေရာမှ အပြန်ခရီးတွင် ‘‘မဃဒေဝလင်္ကာသစ်’’ တွင်ပါရှိသည့် စာသားအချို့ကိုနှုတ်မှ လေးနက်စွာ ရွတ်ဆိုနေမိပါသည်-

‘‘သူ့ကိုချီးမြှောက်၊ ကိုယ့်ဂုဏ်မြောက်၏၊ ယွင်းဖောက်အလို၊ ဝန်မတိုနှင့်၊ သူ့ကိုဂုဏ်နှိမ့်၊ ကိုယ့်ဂုဏ်နိမ့်၏၊ စည်းစိမ်အရာ၊ သူ့ချမ်းသာ၌၊ ကြူသာမပြု၊ ဝမ်းမြောက်ရှုလော့’’။ ။

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ၅၀၀ ကေဗွီ ဘုရားကြီးဓာတ်အားခွဲရုံတည်ဆောက်မည့် မြေနေရာကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၁

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့်အတူ မတ် ၁၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ်-၄၀အနီးရှိ ၅၀၀ ကေဗွီ ဘုရားကြီးဓာတ်အားခွဲရုံ တည်ဆောက်မည့်မြေနေရာသို့ရောက်ရှိပြီး လိုအပ်ချက်များ မှာကြားသည်။**

ထို့နောက် ဇောင်းတူရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ရောက်ရှိရာ တာဝန်ရှိသူများက ဆည်တမံများ တည်ဆောက်မှုအခြေအနေ၊ ဆည်တမံများ ပြုပြင်ထိန်းသိမ်းမှုအခြေအနေနှင့် ဆည်တမံများ၏ ရေဝင်ရောက်မှုအခြေအနေတို့ကို လည်းကောင်း၊ ဆည်တမံများ ထိန်းသိမ်းရေးဌာန ညွှန်ကြားရေးမှူးက ဇောင်းတူဆည်တည်ဆောက်ထားမှုအခြေအနေ၊ ရေပိုလွှဲ၏ ရေထုစီးနှုန်းအခြေအနေ၊ ရေယူအဆောက်အအုံ ရေသိုလှောင်မှုအခြေအနေ၊ လအလိုက်၊ နှစ်အလိုက် မိုးရွာသွန်းမှုအခြေအနေ၊ ရေစီးဝင်မှုအခြေအနေနှင့် ဆည်ပြုပြင်ထိန်းသိမ်းမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဂျင်နရေတာများ ထားရှိသည့်အခန်းနှင့် ဓာတ်အားထိန်းချုပ်ခန်းအတွင်း နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်မောင်းနှင်နေမှုကို လည်းကောင်း၊ တမံအတွင်း ရေဝင်ရောက်မှုအခြေအနေ၊ ရေသိုလှောင်ထားရှိမှုအခြေအနေနှင့် ရေယူအဆောက်အအုံ၊ ရေပိုလွှဲတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။



ဇောင်းတူရေအားလျှပ်စစ်စီမံကိန်းကို ပဲခူးမြစ် မြစ်ရေကြီးခြင်းမှ ကာကွယ်ရန်၊ စိုက်ပျိုးရေးအတွက် လယ်ယာမြေများကို ရေပေးဝေရန်၊ ရေကြောင်းသွားလာမှု ပိုမိုကောင်းမွန်စေရန်နှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရန် ဟူသော ရည်ရွယ်ချက်များဖြင့် ၁၉၉၄ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။ စက်တပ်ဆင်အင်အားမှာ စက်တစ်လုံးလျှင် ၁၀ မဂ္ဂါဝပ်ရှိ ဓာတ်အားပေးစက်နှစ်လုံးဖြင့် စုစုပေါင်း စက်တပ်ဆင်အင်အား ၂၀ မဂ္ဂါဝပ်ဖြင့် တစ်နှစ်လျှင် ပျမ်းမျှကီလိုဝပ်နာရီ သန်းပေါင်း ၇၆ သန်း ထုတ်လုပ်ပေးရန် လျာထားတည်ဆောက်ခဲ့သော စက်ရုံတစ်ရုံဖြစ်သည်။

အဆိုပါစက်ရုံမှ ထုတ်လွှတ်သောဓာတ်အားများကို ၆၆ ကေဗွီဓာတ်အားလိုင်းဖြင့် ၄၅ ဒသမ ၆ မိုင်ခန့်ကွာဝေးသော ကမာနတ်ခွဲရုံမှတစ်ဆင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပို့လွှတ်ပေးလျက်ရှိသည်။

ထို့နောက် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေး ဦးစီးဌာန ကမာနတ်ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ဓာတ်အားထိန်းချုပ်ခန်းအတွင်း ဓာတ်အားများ လက်ခံ၊ ပို့လွှတ်၊ ဖြန့်ဖြူးပေးနေမှုအခြေအနေများနှင့် Switch Yard အတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး SME ချေးငွေနှင့် စိုက်ပျိုး၊ မွေးမြူရေးချေးငွေများ ရရှိရေးညှိနှိုင်းဆောင်ရွက်ပေး

ဟားခါး မတ် ၁၁

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် ယနေ့ ညနေ ၄ နာရီတွင် ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ချင်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။** (အောက်ပုံ)




ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၁၈-၂၀၁၉ စီမံကိန်းရည်မှန်းချက်များ ရေးဆွဲရာတွင် ကိန်းဂဏန်းများကို တိကျမှန်ကန်စွာရေးဆွဲရန်လိုကြောင်း၊ ဌာနများမှ စီမံကိန်းရည်မှန်းချက်များရေးဆွဲ၍ ပြည်နယ်အစိုးရသို့ တင်ပြအတည်ပြုရန်၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုလိုလားသော စီမံကိန်းများရေးဆွဲမှသာလျှင် ချင်းပြည်နယ်သည်လည်း မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ စာရင်းအင်းဥပဒေအရ စာရင်းအင်းကိန်းဂဏန်းများကို မှန်မှန်ကန်ကန်ပြုစုရန်လိုအပ်ကြောင်း၊ ယခုတက်ရောက်လာသည့် ဌာနဆိုင်ရာပြည်နယ်တာဝန်ခံများသည် လုပ်ငန်းအတွေ့အကြုံရှိသူများ ဖြစ်သည့်အတွက်ကြောင့် ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

ပြည်နယ်အနေဖြင့် ပထဝီအနေအထား၊ တောတောင်ရာသီဥတုအခြေအနေအရ လမ်းပန်းဆက်သွယ်ရေးအား အထူးဦးစားပေး ဆောင်ရွက်ရန်နှင့် ဆောင်ရွက်မည့် လမ်းပိုင်းစီမံကိန်းများနှင့် ပတ်သက်၍ ဘတ်ဂျက်ကိုဦးစားပေးတင်ပြတောင်းခံရန်၊ အခြေခံအဆောက်အအုံနှင့်ပတ်သက်၍ လျှပ်စစ်မီးရရှိရေးနှင့် ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီများဖိတ်ခေါ်၍ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဖော်ဆောင်ပေးရန်၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုမြန်ဆန်စေရန် ပုဂ္ဂလိကကဏ္ဍကို ဦးစားပေးဆောင်ရွက်ရန်၊ ဖလမ်းလေဆိပ်စီမံကိန်းအား အချိန်ဇယားသတ်မှတ်၍ လိုအပ်သည့်ဘတ်ဂျက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းတောင်းခံသွားရန်နှင့် ချင်းပြည်နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် SME ချေးငွေနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးချေးငွေများ ရရှိရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဗန်းမောက်မြို့ ဇလုံတောင်သို့ ပုဂ္ဂလိကမော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ် တက်ရောက်မှုကို မတ် ၁၁ ရက်မှစ၍ လုံးဝပိတ်ပင်လိုက်ပြီဖြစ်

**ဗန်းမောက် မတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့ရှိ ဇလုံတောင်ပေါ်သို့ မတ် ၁၁ ရက်မှ စတင်၍ ပြင်ပမှလာရောက်ကြသော ပုဂ္ဂလိကမော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်တို့ကို လုံးဝတက်ရောက်ခွင့်မပြုတော့ကြောင်း သိရသည်။

"ဘုရားဖူးခရီးသည်ကားတွေကို အရင်ကတည်းက တက်ရောက်ခွင့်ပြုမထားပါဘူး၊ ဒါပေမယ့် တချို့ကားတွေကျတော့လည်း ခွင့်ပြုချက်တောင်းပြီးတော့ တက်သွားကြတာတွေရှိနေတယ်၊ ဆိုင်ကယ်တွေဆိုရင်လည်း ဒေသခံကျေးရွာတွေကလိုလို၊ ဈေးဆိုင်တန်းတွေကလိုလိုနဲ့ တချို့တက်သွားကြတာတွေရှိနေတယ်၊ ဒီလိုတက်သွားကြလို့ မတော်တဆမှုတွေဖြစ်ပြီး ထိခိုက်ဒဏ်ရာရတာတွေ၊ သေဆုံးတာတွေ မကြာခဏဖြစ်ပေါ်နေလို့ အခုလို လုံးဝပိတ်လိုက်ရတာပါ" ဟု ဇလုံတောင်ရှိ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ဇလုံတောင်သည် အင်းတော်မြို့မှ ၂၉ မိုင် တောင်ခြေမှ တောင်ပေါ်သို့ ၉ မိုင် ၄ ဖာလုံ တက်ရောက်ရပြီး တောင်ဆင်း၊ တောင်တက် အလွန်ကြမ်းတမ်းမတ်စောက်သော မြေသားတောင်ပေါ်လမ်းဖြစ်ကြောင်း သိရသည်။

ဇလုံတောင်သို့ လာရောက်ကြသော ပြည်တွင်းခရီးသည်များအား ဗန်းမောက်မြို့နယ်မှ တာဝန်ရှိသူတို့၏ အစီအစဉ်ဖြင့် "ဇလုံတောင်" ကားအသင်းမှ ဟိုင်းလတ်ဖိုးဝီးမော်တော်ယာဉ် ၈၅ စီးဖြင့် အတက်ခရီးတစ်ဦးလျှင် ငွေကျပ် ၃၀၀၀၊ အဆင်းခရီးတစ်ဦးလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် အန္တရာယ်ကင်းရှင်းစွာ ပို့ဆောင်ပေးလျက်ရှိပြီး နိုင်ငံခြားသားခရီးသည်တို့အား ဝင်ရောက်မှုပိတ်ပင်ထားကြောင်းသိရသည်။

ဇလုံတောင်ပေါ်တွင် ယခင်က မော်တော်ကားတိမ်းမှောက်မှုနှင့် မတ် ၁၀ ရက်က မော်တော်ဆိုင်ကယ် တိမ်းမှောက်မှုတို့ကြောင့် ထိခိုက်ဒဏ်ရာရ သေဆုံးမှုတို့ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# မိုင်းတုံမြို့နယ်တွင် ဆရာ ဆရာမများအတွက် ကျေးလက်အိမ်ရာ တည်ဆောက်နေ

**မိုင်းတုံ မတ် ၁၁**

မိုင်းတုံမြို့နယ်တွင် ကျောင်းဆရာ ဆရာမများအတွက် ကျေးလက်အိမ်ရာတည်ဆောက်နေမှုသည် မတ် ၁၁ ရက်တွင် ၆၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကျေးရွာ စာသင်ကျောင်းတွင် လာရောက်တာဝန် ထမ်းဆောင်သော ဆရာ ဆရာမများ နေထိုင်နိုင်ရန်အတွက် အလျား ၂၄ ပေ၊ အနံ ၁၈ ပေနှင့် အမြင့် ၉ ပေ ၆ လက်မရှိသည့် ကျေးလက်အိမ်ရာသုံးလုံးကို ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းတုံမြို့နယ် နောင်ယာဆိုင်းကျေးရွာနှင့် အောင်ချမ်းသာကျေးရွာတို့၌ တည်ဆောက်နေကြောင်း သိရသည်။

အိမ်ရာ တည်ဆောက်ခြင်းကို ပြည်နယ်အစိုးရမှ အိမ်ရာတစ်လုံးလျှင် ငွေကျပ် ငါးသန်းနှုန်းဖြင့် အိမ်ရာသုံးလုံးအတွက် ရန်ပုံငွေကို ကျေးရွာကော်မတီများထံ လွှဲပြောင်းပေးအပ်ခဲ့ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကျေးရွာကော်မတီများကိုယ်တိုင် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်းနှင့် ယခုလနောက်ဆုံးပတ်တွင် လုပ်ငန်းအားလုံးပြီးစီးမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးသဥ္ဇာဟန်ထံမှ သိရသည်။

**ဘိုဘို(မလှိုင်)**



# အင်းအားအနည်းငယ်ရှိ မြေငလျင်လှုပ်

**နေပြည်တော် မတ် ၁၁**

မတ် ၁၁ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီ ၄၃ မိနစ် ၀၁ စက္ကန့် အချိန်တွင် နေပြည်တော်မြေငလျင်စခန်းမှ မြောက်-အနောက်မြောက်ဘက် ၂၆ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (တပ်ကုန်းမြို့၏ အနောက်ဘက် ၁၈ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၀ ဒသမ ၁၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၉၄ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

**မြန်မာ့အလင်း**

# အင်းတော်ကြီးဘုရားပွဲအပြီး ကျန်ရှိခဲ့သည့်အမှိုက်များအား သန့်ရှင်းရေးဆောင်ရွက်

**မိုးညှင်း မတ် ၁၁**

အင်းတော်ကြီးဒေသရှိ သမိုင်းဝင် ရွှေမဉ္ဇူရေလယ်စေတီတော်မြတ်ကြီး၏ ၁၄၉ ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်အပြီးတွင် ကျန်ရှိခဲ့သည့်အမှိုက်များအား သန့်ရှင်းရေးဆောင်ရွက်ခြင်းကို မတ် ၁၀ ရက် နံနက် ၈ နာရီခွဲက မိုးညှင်းမြို့ပေါ်ရှိ ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့ဝင်များ စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့်ပတ်သက်၍ မိုးညှင်းမြို့ မေတ္တာလေညှင်း ပရဟိတလူမှုရေးအဖွဲ့ဝင်တစ်ဦးက "ဒီနှစ်မှာ ဘုရားဖူးလာပြည်သူတွေက သောင်းကျော်ရှိမယ်ထင်တယ်၊ ပွဲတော်လည်းပြီးရော အမှိုက်တွေက အဆမတန်များတော့ အင်အားသုံးပြီးသိမ်းတာတောင် တစ်ရက်နဲ့ မပြီးနိုင်ဘူး၊ ဒီနေ့တစ်ရက်တည်း အမှိုက်သိမ်းယာဉ်အစီး ၄၀ စာလောက် သိမ်းရတယ်"ဟု ရှင်းလင်းပြောကြားသည်။

**ဝင်းနိုင်(ကချင်မြေ)**

## နွေရာသီ ကရင်စာပေနှင့်ယဉ်ကျေးမှု မွမ်းမံသင်တန်းဖွင့်လှစ်ရန် ထောက်ပံ့

**ပဲခူး မတ် ၁၁**

ပဲခူးမြို့ စမ်းချောင်းခရစ်ယာန်ဓမ္မာရုံတွင် မတ် ၁၀ ရက်က ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပဲခူး၊ သာယာဝတီ၊ တောင်ငူ၊ ပြည်ခရိုင်လေးခုတွင် နွေရာသီကရင်စာပေနှင့် ယဉ်ကျေးမှု မွမ်းမံသင်တန်းဖွင့်ရန် ထောက်ပံ့ငွေပေးအပ်ခဲ့ကြောင်း သိရသည်။

ထောက်ပံ့ငွေပေးအပ်ရာတွင် ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပွယ်စေးက ကရင်စာပေနှင့် ယဉ်ကျေးမှုများ မပပျောက်အောင်ထိန်းသိမ်းကြရန် မှာကြားခဲ့ပြီး တိုင်းဒေသကြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ ဒေါ်ဥမ္မာမြင့်၊ တိုင်းစာပေနှင့်ယဉ်ကျေးမှုကော်မတီနာယက သိက္ခာတော်ရဆရာတော် ဦးသိန်းမောင်၊ ဒုဥက္ကဋ္ဌ ဒေါက်တာ ကြည်စိုးတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်လေးခုအတွင်း နွေရာသီ ကရင်စာပေနှင့် ယဉ်ကျေးမှု မွမ်းမံသင်တန်းဖွင့်လှစ်ရန်အတွက် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက တိုင်း ဒေသကြီးနှင့် ခရိုင်စာပေနှင့် ယဉ်ကျေးမှုကော်မတီများထံ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ ပဲခူးတိုင်းဒေသကြီးအတွင်း ကရင်စာပေမွမ်းမံသင်တန်း ဖွင့်လှစ်ရန် တိုင်းဒေသကြီးအတွက် ငွေကျပ်သိန်း ၆၀၊ ခရိုင်လေးခရိုင်အတွက် ငွေကျပ်သိန်း ၂၀၀ စုစုပေါင်းငွေကျပ်သိန်း ၂၆၀ ကို ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးဌာန၏ ဘတ်ဂျက်ရန်ပုံငွေဖြင့် ထောက်ပံ့ပေးခြင်းဖြစ်ပြီး တိုင်းဒေသကြီးအဆင့် ကရင်စာပေမွမ်းမံသင်တန်းကို ပဲခူးမြို့လူငယ်ဓမ္မရိပ်သာ ၌ မတ် ၂၆ ရက်မှ ၃၁ ရက်အထိ တတိယတန်းဖတ်စာကို အဓိက ထားဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## ကရင်ပြည်နယ်ဝန်ကြီးချုပ် ကမမောင်းမြို့ မီးဘေးသင့်အိမ်ထောင်စုအား ထောက်ပံ့

ဘားအံ မတ် ၁၁

**ကရင်ပြည်နယ် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မတ် ၁၀ ရက်နံနက် ၁၀ နာရီက ဖာပွန်မြို့ကိုးနဝင်းကျောင်း ဆရာတော်အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တ ကုသလအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ကိုးနဝင်းပညာရေးကျောင်းအတွက် ဆန်ရိက္ခာဖိုးငွေများ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။**

### ပညာသင်ကြားလျက်ရှိ

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဆရာတော်ကြီးအား ဖူးမြော်ကန်တော့ပြီး ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်နှင့် ပြည်နယ်စာရင်းစစ်ချုပ်ဦးစောလှထွန်းတို့က နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဖာပွန်မြို့နယ် ကမမောင်းမြို့ ကိုးနဝင်းကျောင်းအတွက် ဆန်အိတ် ၇၃၀ အတွက် ရိက္ခာဆန်ဖိုးငွေကျပ် ၁၆၄၃၅၀၀၀ ကို ပေးအပ်လှူဒါန်းကာ ဆရာတော်ကြီးထံမှ သီလခံယူဆောက်တည်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ကိုးနဝင်းပညာရေးကျောင်းရှိ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေကြသည့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ဆုံးမစကား ပြောကြားသည်။ ကိုးနဝင်းပညာရေးကျောင်းတွင် စတုတ္ထတန်းမှ ဒသမတန်းထိ ကျောင်းသားကျောင်းသူ ၄၅၀ ဦး ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။



### ဓာတ်အားခွဲရုံတည်ဆောက်

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကမမောင်းမြို့ လျှပ်စစ်အင်ဂျင်နီယာရုံးသို့ သွားရောက်ပြီး 33/11 KV, 5MVA ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ် လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးစိုးလှိုင်က စက်ရုံတည်ဆောက်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

### လျှပ်စစ်မီးရရှိမည်

အဆိုပါဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးပါက ဓာတ်အားလိုင်းဖြတ်သန်းသွားရာ လမ်းတစ်လျှောက်ရှိ ကျေးရွာများနှင့် ကမမောင်း ဧရိယာတစ်ခုလုံး လျှပ်စစ်မီးရရှိမည်ဖြစ်ပြီး ယခုအခါ ၈၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီ ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကမမောင်းမြို့ အမှတ် ၂ ရပ်ကွက်တွင် မတ် ၉ ရက်က ဖြစ်ပွားခဲ့သော မီးဘေးသင့်အိမ်ထောင်စုတစ်စု လူဦးရေခြောက်ဦးအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုး၊ တစ်အိမ်ထောင်စုစာ Family Kit တစ်စုံ၊ အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ်နှစ်သိန်း၊ ဆန်ရိက္ခာ ခုနစ်ရက်စာ ငွေကျပ် ၁၂၆၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၂၁၂၆၀၀ ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ပြီး (ဝဲပုံ) ကမမောင်းမြို့ အုန်းတောကျောင်း စာချဆရာတော်အား သွားရောက် ဖူးမြော်ကြည်ညိုခဲ့ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး နှလုံးရောဂါအထူးကုဌာန အရေးပေါ်နှလုံးသွေးကြောချဲ့ကုသမှု (၅)နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနား ပြုလုပ်

**မန္တလေး မတ် ၁၁**

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး နှလုံးရောဂါ အထူးကုဌာန အရေးပေါ်နှလုံးသွေးကြောချဲ့ကုသမှု (၅)နှစ်ပြည့်အထိမ်းအမှတ်အခမ်းအနားကို မတ် ၁၀ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၁ လမ်းရှိ မန္တလေး မြို့တော်ခန်းမ၌ ကျင်းပခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင် တက်ရောက်၍ အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ၌ နှလုံးသွေးကြောပိတ်ရောဂါ ဖြစ်ပွားမှုမှာ နှစ်စဉ်များပြားလျက်ရှိပြီး မန္တလေးဆေးရုံကြီး၌ ၂၀၁၃ ခုနှစ်တွင် ၄၉၁ ဦးရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် ၆၇၁ ဦးထိ များပြားလာသည်ကို တွေ့ရကြောင်း၊ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး နှလုံးရောဂါအထူး ကုဌာနက အရေးပေါ် နှလုံးသွေးကြောချဲ့ကုထုံးကို မြန်မာနိုင်ငံတွင် ပထမဆုံးစတင်နိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံဆေးလောကအတွက်ရော မန္တလေးတိုင်းဒေသကြီး အတွက်ပါ ဂုဏ်ယူဖွယ်ရာ သမိုင်းမှတ်တိုင်တစ်ခု ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့ပြင် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်သည် နှလုံးရောဂါအထူးကုဌာန၏ အရေးပေါ်နှလုံးသွေးကြောချဲ့ကုသမှု စတင်နိုင်ခဲ့ခြင်း (၅)နှစ်ပြည့် မြောက်ခဲ့ပြီဖြစ်ပြီး ယင်းကာလအတွင်း နှလုံးသွေးကြောပိတ်လူနာပေါင်း ၆၀၆ ဦးကို အရေးပေါ်နှလုံးသွေးကြောချဲ့ကုသမှုပေးနိုင်ခဲ့ကြောင်း၊ မန္တလေးမြို့ပြင်ပမှ လူနာများကို မြို့ပေါ်မှ လူနာများနည်းတူ ကုသမှုခံယူနိုင်ရန် အမြန်ဆုံးရရှိစေမည့် စနစ်ဖြစ်သည့် နှလုံးသွေးကြောချဲ့ကွန်ရက်ကို ၂၀၁၅ ခုနှစ် မတ် ၁ ရက်တွင် စတင်နိုင်ခဲ့သည်ဟု သိရကြောင်း၊ အဆိုပါ ကွန်ရက်ကြောင့် ရုတ်တရက်နှလုံးသွေးကြောပိတ်လူနာများကို ကြန့်ကြာမှုမရှိစေဘဲ လျင်မြန်စွာ စံကုထုံးကို ပေးနိုင်သည့်အပြင် ဆောလျင်စွာ ယင်းကုထုံးကို ရရှိစေရန် မန္တလေးမြို့ပြင်ပရှိသည့် အခြားမြို့ရွာများမှ သွေးကြောပိတ်လူနာများကိုလည်း မန္တလေးမြို့ပေါ်မှာ နေထိုင်သည့် လူနာများနည်းတူ ကုထုံးကိုရရှိပြီး အကျိုးရှိနေပြီဟု သိရသည့်အတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်တစ်ဦးအနေဖြင့် များစွာဂုဏ်ယူဝမ်းမြောက်မိကြောင်း၊ ဒါ့ကြောင့်ယခုကဲ့သို့ လူနာများ အသက်ကယ် ကျန်းမာစေနိုင်သည့် အရေးပေါ်နှလုံးသွေးကြော ချဲ့ကုထုံးဆောင်ရွက်နေသော မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၊ နှလုံးရောဂါအထူးကုဌာနမှ ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် လူသားများအကျိုး၊ နိုင်ငံအကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်သွားနိုင်ကြပါစေကြောင်း၊ ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ဆက်လက်ပြောကြားသည်။



မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး နှလုံးရောဂါအထူးကုဌာန အရေးပေါ်နှလုံးသွေးကြောချဲ့ကုသမှု (၅)နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ကြသူများ တွေ့ရစဉ်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ လျှပ်စစ်စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်၊ တိုင်းဒေသကြီးဥပဒေချုပ်ဦးအောင်ဝင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့အတွင်းရေးမှူး ဦးစိုင်းသော်ဝင်းတို့နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း(မန္တလေး)ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ခင်မောင်မြင့်၊ မန္တလေးအထွေထွေ ရောဂါကုဆေးရုံကြီး၊ နှလုံးရောဂါအထူးကုဌာန ပါမောက္ခ၊ ဌာနမှူး ဒေါက်တာသန်းသန်းကြိုင်နှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပူးပေါင်းပါဝင်ကူညီကြသည့် ဆေးကုမ္ပဏီများမှ တာဝန်ရှိသူများ၊ အခြားဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒေါက်တာသန်းသန်းကြိုင်က နှလုံးသွေးကြောပိတ်ကုသမှု ကွန်ရက်နှင့် အခမ်းအနားကျင်းပရခြင်း အကြောင်းကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြ၍ Zumba Dancer အဖွဲ့နှင့်အတူ တက်ရောက်လာကြသူများက ကိုယ်လက် လှုပ်ရှားလေ့ကျင့်ခန်းဆောင်ရွက်ခဲ့ပြီး သရုပ်ဆောင် ဂုဏ်ရည်အေးကျော်၊ တေးသံရှင် ဟဲလေးတို့က ဖျော်ဖြေရေးအစီအစဉ်များဖြင့်တင်ဆက်ကြပြီး တက်ရောက်လာကြသူများ၏ နှလုံးကျန်းမာရေးနှင့်ပတ်သက်သော သိရှိလိုသည့် မေးမြန်းမှုများကို ဒေါက်တာသန်းသန်းကြိုင်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကာ အမှတ်တရလက်ဆောင်များကို ကံစမ်းမဲနှိုက်၍ ပေးအပ်ခဲ့သည်။

အခမ်းအနား၌ စိတ်ပါဝင်စားသူများကို သွေးတိုးရောဂါ၊ နှလုံးခုန်စည်းချက်မမှန်ရောဂါနှင့် အဝလွန်ရောဂါ ရှိ၊ မရှိ စစ်ဆေးပေးခြင်းနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်း အစီအစဉ်များလည်း ပါဝင်ကြောင်း သိရသည်။

**(၀၄၀)**

## ဘွဲ့တံဆိပ်တော်ရ ခရမ်းဇာတိဆရာတော်များအား ခရမ်းမြို့နယ်အသင်းဂုဏ်ပြုပူဇော်

**ရန်ကုန် မတ် ၁၁**

ခရမ်းမြို့နယ်အသင်း(ရန်ကုန်)မှ ဦးဆောင်၍ သာသနာရေးဝန်ကြီးဌာနက ချီးမြှင့်သည့် ဘွဲ့တံဆိပ်တော်ရ ခရမ်းဇာတိနွယ်ဖွား ဆရာတော်ကြီးများအား (ဂုဏပူဇာ သဘင်)ဂုဏ်ပြုပူဇော်ပွဲကို မတ် ၁၁ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့အင်းစိန်ကြို့ကုန်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည်။

အခမ်းအနား၌ ရှေးဦးစွာ ဘွဲ့ရဆရာတော်ကြီးများထံမှ ခရမ်းမြို့နယ်အသင်း(ရန်ကုန်)အမှုဆောင်များနှင့် အသင်းသားအသင်းသူများက ကိုးပါးသီလခံယူဆောက်တည်ပြီး သာသနာတော်ဆိုင်ရာ လျှောက်ထားချက်များကို အသင်း၏ဦးဆောင်နာယက ကမ္ဘာ့ရတနာဘဏ် ဥက္ကဋ္ဌ ဦးမောင်မောင်သိမ်းနှင့် အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေ(မြင့်မိုရ်ဆွေ)တို့က လျှောက်ထားကြသည်။

ယင်းနောက် အခမ်းအနားအစီအစဉ်အရ ဘွဲ့ရဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိကိုအသင်း၏ ဒုတိယဥက္ကဋ္ဌ (၁)ဦးအေးလွင်နှင့် ဒုတိယဥက္ကဋ္ဌ (၃)ဦးအေးကို၊ အတွင်းရေးမှူး ဦးသောင်းတင်တို့က ဖတ်ကြား၍ နိုင်ငံတော်အဆိုကျော် ဦးထွန်းရွှေ၊ ခရမ်းမောင်နိုင်တို့အဖွဲ့က တေးထပ်များဖြင့်သီဆိုဂုဏ်ပြုပူဇော်သည်။

ထို့နောက် ဝတ္ထုငွေ၊ သင်္ကန်းလှူဖွယ်ပစ္စည်းစသည်များ လှူဒါန်းခြင်း၊ ရေစက်ချတရားနာယူခြင်းဆောင်ရွက်၍ အခမ်းအနားကို စိရံ တိဋ္ဌတုသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် ဘွဲ့ရဆရာတော်ကြီးများအား ခရမ်းမြို့နယ်အသင်း(ရန်ကုန်)က နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**

**စာပေမြင့်မှ လူမျိုးတင့်မည်**




# တောင်သမန်အင်းအတွင်းရှိ အနံ့ဆိုးများဖြစ်ပေါ်နေသည့် ကန်မန်းကျီးချောင်းမှ အမှိုက်များကို ဆယ်ယူ

**မန္တလေး မတ် ၁၁**

မန္တလေး အမရပူရမြို့နယ် တောင်သမန်အင်းအတွင်းရှိ အနံ့ဆိုးများဖြစ်ပေါ်နေသည့် ကန်မန်းကျီးချောင်းမှ ဗေဒါပင်၊ မှော်၊ ဒိုက်၊ ငါးဖမ်းပိုက်များနှင့် အမှိုက်များကို ဆယ်ယူရှင်းလင်းလျက်ရှိကြောင်း တောင်မင်းကြီးဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသန်းမြင့်က ပြောသည်။

ယင်းကဲ့သို့ ဆယ်ယူမှုများကို မတ် ၆ ရက်မှစတင်ကာ တောင်မင်းကြီးဘုရားဂေါပကအဖွဲ့၊ မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနနှင့် ငှက်လှေသမားများက စုပေါင်း၍ ဆောင်ရွက်လျက်ရှိပြီး တံတားအရှေ့ဘက်ခြမ်းရှိ အမှိုက်များကို ဆယ်ယူပြီးစီးသဖြင့် ယခုအခါ တံတားအနောက်ဘက်ခြမ်းရှိ အမှိုက်များကို ဆယ်ယူနေကြောင်း သိရသည်။

သစ်ခြောက်ပင်ကြီးနားက "ကန်မန်းကျီးချောင်းအတွင်းမှာရှိတဲ့ အမှိုက်တွေကြောင့် ပိတ်ဆို့မှုတွေဖြစ်ပြီး အနံ့ဆိုးတွေ ထွက်နေတယ်၊ ဒီနေရာကလည်း နိုင်ငံခြားခရီးသွားတွေလာတဲ့ နေရာဖြစ်တော့ သူတို့အတွက် အနံ့ကြောင့် အနှောင့်အယှက်မဖြစ်အောင် ဆယ်ယူနေတာပါ"ဟု ၎င်းက ပြောသည်။

တောင်သမန်အင်းနှင့် ဦးပိန်တံတားပတ်ဝန်းကျင်တွင် စနစ်တကျမရှိသော ဆိုင်ခန်းများအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အမှိုက်ပုံးများ ချထားပေးသော်လည်း စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်း၊ တောင်းရမ်းသူများနှင့် ရေဆိုးနံ့များကြောင့် လာရောက်သည့် ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များအတွက် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ အနှောင့်အယှက်များဖြစ်နေကြောင်း သိရသည်။

**မင်းမင်းအောင်(မန်းကိုယ်ပွား)**

# တန်ဖိုးနည်းအိမ်ရာဆောက်လုပ်မှုနှင့် ကျေးရွာသုံးရေကန် တည်ဆောက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**သီပေါ မတ် ၁၁**

ရှမ်းပြည်နယ်မြောက်ပိုင်း ဟိုပန်မြို့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် မြို့နယ်အတွင်းရှိကျေးလက်ဒေသစာသင်ကျောင်းလေးကျောင်းတွင် ဆရာများနေထိုင်ရန် တန်ဖိုးနည်း ကျေးလက်အိမ်ရာ လေးလုံးအား တစ်လုံးလျှင် ငွေကျပ်သိန်း ၅၀ ဖြင့် အုတ်တိုင်၊ သွပ်မိုး(၂၄ ပေ၊ ၁၀ ပေ၊ ၉ ပေ)တည်ဆောက်လျက်ရှိရာ မတ် ၉ ရက်က ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်စိုးနှင့် တာဝန်ရှိသူများ၊ ဆွမ်ဖာကျေးရွာ၊ ပန်မွန်းကျေးရွာရှိ ကျေးလက်အိမ်ရာ ဆောက်လုပ်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ခရိုင်ဦးစီးဌာနမှူး ဦးတင်မောင်စိုးနှင့် တာဝန်ရှိသူများသည် ပြည်ထောင်စုမွမ်းမံရန်ပုံငွေဖြင့် ဖက်ဟာ(လီဆူ)ကျေးရွာ ရေတားတမံရေပိုက် ပြုပြင်ရေးလုပ်ငန်းနှင့် နမ့်ပါဈေးကျေးရွာ ဂါလန် ၅၀၀၀ ဆံ့ ရေကန်တည်ဆောက်ခြင်း လုပ်ငန်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ရေရှည်တည်တံ့ အသုံးပြုနိုင်ရန် ဝိုင်းဝန်းကြည့်ရှု ထိန်းသိမ်းစောင့်ရှောက်ကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ဦးပိန်တံတားပေါ်ရှိ ဇရပ်အမှတ် ၃ တွင် ပန်းဆွဲ၊ ပန်းတောင်းများ တပ်ဆင်နိုင်ရန် ခွင့်ပြုချက်တောင်းခံထား

**မန္တလေး မတ် ၁၁**

ဦးပိန်တံတားပေါ်ရှိ ပြန်လည်ပြုပြင်ထားသည့် ဇရပ်အမှတ် ၃ တွင် ရှေးယခင်ပုံစံအတိုင်း ပန်းဆွဲနှင့် ပန်းတောင်းများ ပြန်လည်တပ်ဆင်နိုင်ရန် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)သို့ ခွင့်ပြုချက်တောင်းခံထားကြောင်း တောင်မင်းကြီးဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသန်းမြင့်က ပြောသည်။

အဆိုပါ ဇရပ်အမှတ် ၃ သည် ဦးပိန်တံတားဦးအလယ်တွင် ရှိခြင်းကြောင့် လေတိုက်စားမှုအများဆုံးခံရကာ ပျက်စီးယိုယွင်းမှုများ ဖြစ်ပေါ်နေသဖြင့် အလှူရှင်များ၏ လှူဒါန်းငွေဖြင့် ဇန်နဝါရီလမှစ၍ ပြုပြင်ခဲ့ရာ ယခုမတ်လဆန်းတွင် ပြီးစီးခဲ့ကြောင်း သိရသည်။

"ဒီဇရပ်ကို ပြန်လည်ပြုပြင်ဖို့ တွက်ချက်တဲ့အခါမှာ ခန့်မှန်းကုန်ကျငွေကျပ်သိန်း ၉၀ ကို အလှူရှင်တွေက လှူဒါန်းခဲ့ပေမယ့် တကယ်ကုန်ကျတာက ငွေကျပ်သိန်း ၇၀ ကျော်ပဲရှိတယ်၊ ဒီဇရပ်မှာ အရင်ကတည်းက ရှိပြီးသားဖြစ်တဲ့ ပန်းဆွဲတွေ၊ ပန်းတောင်းတွေကို ပြန်လည်ထည့်သွင်းချင်တယ်ဆိုတဲ့ အလှူရှင်တွေရဲ့ ဆန္ဒကြောင့် ကျွန်တော်တို့ ဂေါပကအဖွဲ့က ရှေးဟောင်းဌာနကို ခွင့်ပြုချက်တောင်းခံထားပါတယ်၊ ခွင့်ပြုရင်တော့ ဇရပ်ပြုပြင်ဖို့ လှူဒါန်းထားတဲ့ လက်ကျန်ငွေကနေ သုံးစွဲသွားမှာပါ"ဟု ၎င်းက ပြောသည်။

ယခုပြုပြင်ထားသည့် ဇရပ်အမှတ် ၃ ကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)မှ အင်ဂျင်နီယာများဖြင့် ပြုပြင်ခြင်းဖြစ်ပြီး ပန်းဆွဲ၊ ပန်းတောင်းများ တပ်ဆင်ရန်အတွက် မြန်မာမှုဗိသုကာ အင်ဂျင်နီယာများဖြင့် ဆွေးနွေးတိုင်ပင်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။


ထို့ပြင် ဇရပ်အမှတ် ၃ အရှေ့ဘက်ရှိ ဦးပိန်တံတားတိုင်များအနက် တံတားကြီးအား တိုင်နှစ်လုံးပူးတွဲ၍ ထောက်ကန်ထားသော တိုင်များကို အမြင်တင့်တယ်စေရန် တိုင်တစ်လုံးတည်းဖြင့် ကြံ့ခိုင်မှုရှိအောင် အလှူရှင်များ၏ လှူဒါန်းငွေဖြင့် ပြုပြင်ထိန်းသိမ်းလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



ပြန်လည်ပြုပြင်ထားသည့် ဦးပိန်တံတား ဇရပ်အမှတ် ၃

## JICA SME Two-Step Loan စီမံချက်အရ ပုဂ္ဂလိကဘဏ်များမှတဆင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသို့ ချေးငွေထုတ်ချေးထားမှု အခြေအနေ ၂၀၁၅-၂၀၁၆ မှ ၂၀၁၇-၂၀၁၈ (နိုဝင်ဘာလအထိ)




ခာစ်မြစ် ၊ မြန်မာ့စီးပွားရေးဘဏ်
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်မှ မတ် ၁ ရက်အထိ တစ်ပတ်အတွင်းထွက်ရှိသော စာအုပ်စာရင်း

*(ယမန်နေ့မှအဆက်)*

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၂၅ | နားဦးစိုက်ချဦးတော့မယ် | မင်းဆက် | ၁၅၀၀ | ယဉ်မျိုး |
| ၂၆ | တွေ့သိနှင့်တွေးသိ | ဦးတင်ဦး | ၂၅၀၀ | Wisdom house |
| ၂၇ | ဟိုး---ရှေ့မှာပန်းတိုင်ရှိတယ်လား-သွားကြစို့ | ကလိုစေးထူး | ၃၀၀၀ | ယဉ်မျိုး |
| ၂၈ | နှစ်ကျွန်းပြန်သံမဏိနှစ်ဦး | သခင်မြသန်း | ၂၃၀၀ | စိတ်ကူးချိုချို |
| ၂၉ | ဖွင့်ပြောဖြစ်ခဲ့ရင် --- | ကိုကို | ၁၅၀၀ | Dr. Ko Ko |
| ၃၀ | ရာဟုလာသံကိစ္စည်း၏ သီဟသေနာပတိ | ပါရဂူ | ၅၀၀၀ | စိတ်ကူးချိုချို |
| ၃၁ | မှိန်ပြပြအနာဂတ်ကြယ်ပွင့်များ | ကိုကိုလင်း | ၂၅၀၀ | ရုပ်ပြောင် |
| ၃၂ | ဘာမှမရတဲ့ဘဝတော့မဟုတ်ဘူး-သတိရတယ် | ဝေးခေါင် | ၂၀၀၀ | နှင်းဆီဖြူ |
| ၃၃ | ကဗျာမောင့်ကြောင့်ဖြစ်ရတယ် | ခရမ်းပြာ | ၁၅၀၀ | လူငယ်တစ်ယောက် |
| ၃၄ | အတွေးအမြင် အမှတ် | ကလောင်စုံ | ၂၅၀၀ | ဒေါင်းစာပေ |
| | (၃၀၈)မတ် (၂၀၁၈) | | | |
| ၃၅ | ဘယ်အရာမှစကားလုံးများလောက်မကျယ်လောင် | မောင်ဒွေး | ၂၀၀၀ | နှင်းဆီဖြူ |
| ၃၆ | အိမ်ပြန်ချင်တဲ့သူကိုတံခါးဖွင့်ပေးတာဥပုသ်မစောင့်ဘဲကုသိုလ်ရတယ် | မောင်မောင်ငြိမ်းအေး | ၂၅၀၀ | ရှင်မတောင် |
| ၃၇ | မီးဘုရင်မ | ကိုဆွေ | ၂၀၀၀ | ကျော်မွေး |
| ၃၈ | လတ်တလောအနေအထား (ကဗျာ) | ကလောင်စုံ | ၁၅၀၀ | ဆိပ်ကမ်းသာ |
| ၃၉ | တောဆင်ရိုင်းနှင့်စိုင်သင်းကွဲ | မိုးအောင်တင် | ၂၅၀၀ | စိတ်ကူးသစ် |
| ၄၀ | ကမ္ဘာကမမေ့နိုင်သည့်ကမ္ဘာ့ခေါင်းဆောင်နယ်ဆင်မန်ဒဲလား | ဇင်မျိုး | ၉၀၀ | စိတ်ကူးချိုချို |
| ၄၁ | နိုင်ငံများ၏ကျဆုံးခန်း | နေသီဟ | ၅၀၀၀ | မျိုးဆက်သစ် |
| ၄၂ | လင်းလွန်းခင်စိတ်ကြိုက် | ကလောင်စုံ | ၅၀၀၀ | လင်းလွန်းခင် |
| | မဂ္ဂဇင်းဝတ္ထုတိုများ-၉ | | | |
| ၄၃ | တေဒဂ်ရှင်ကဗျာဆရာ | မောင်မင်းစိုး | ၁၅၀၀ | ရွှေနံ့သာစာပေ |
| ၄၄ | HUMAN RESOURCE | Saw Cary Win | ၂၅၀၀ | Global Peace Group |
| ၄၅ | စံတော်ချိန်မန္တလေး | ဆူးငှက် | ၃၀၀၀ | စာပေခရီးသွားများ |
| ၄၆ | စရိတ်၊ လစာနှင့်ချီးမြှင့်ငွေဥပဒေများ | ကျော်မောင်မောင် | ၁၇၀၀ | စိတ်ကူးချိုချို |
| ၄၇ | စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေနှင့်နည်းဥပဒေများ | ကျော်မောင်မောင် | ၁၅၀၀ | စိတ်ကူးချိုချို |
| ၄၈ | ဒဏ်ရာများနဲ့မိုးကောင်းကင် | ကျွန်းစဉ်မြေစောခက် | ၃၀၀၀ | ဘဝပင်လယ်စာပေ |
| ၄၉ | ရာထူးဝင်ခွင့် (၂၀၁၈-၂၀၁၉) | မောင်ကြယ်စင်(ရန်ကုန်တက္ကသိုလ်) | ၄၀၀၀ | ကြယ်စင်စာပေ |

❐ *ကျော့ဖုံးမှ*

ဒါကြောင့် ကမ်းခြေကို ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခိုင်ခိုင်မာမာရပ်တည်နိုင်ရေး ပါဝင်ပတ်သက်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြစေလိုကြောင်း၊ ငပလီကမ်းခြေဒေသကို လာရောက် လည်ပတ်ကြသည့် ပြည်တွင်း ပြည်ပခရီးသွား ဧည့်သည်များသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်လာသည်ကိုလည်း တွေ့ရမည်ဖြစ်ကြောင်း၊ ခရီးသွားဧည့်သည်များ တိုးတက်လာသည်နှင့်အမျှ ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်းများမှာလည်း ဒေသခံ လုပ်ငန်းရှင်များနှင့် ပြည်ပလုပ်ငန်းရှင်များ ပိုမိုရင်းနှီးမြှုပ်နှံမှု လုပ်ကိုင်နေကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း ကမ်းခြေဒေသအတွက် လိုက်နာဆောင်ရွက်ရမည့် အမိန့်များနှင့် လိုအပ်ချက်များကို ဖြေလျှော့ပေးမှုများရှိပါကြောင်း၊ ဒေသတွင်းခရီးသွားလုပ်ငန်းကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ပတ်သက်သူ အားလုံးက အပြုသဘောဆောင်သည့် အမြင်များနှင့် ဝိုင်းဝန်းပူးပေါင်း ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ရခိုင်ပြည်နယ်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံချက်များရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းစီမံချက်တွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍကိုလည်း ထည့်သွင်းရေးဆွဲထားပါကြောင်း၊ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် အတွေ့အကြုံရှိသည့် ပုဂ္ဂိုလ်များကလည်း ငပလီကမ်းခြေ၊ မြောက်ဦးရှေးဟောင်းနယ်မြေနှင့် ပုဂံ၊ အင်းလေး ဒေသထိ ခရီးသွားလုပ်ငန်းကို ဆက်စပ်ပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆွေးနွေးပေးကြစေလိုကြောင်း၊ ပြည်နယ်အစိုးရအနေဖြင့် ငပလီကမ်းခြေဒေသဖွံ့ဖြိုးတိုးတက်ရေးအပြင် ပြည်နယ်၏ တောင်ပိုင်းနှင့် မြောက်ပိုင်းထိ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေပါကြောင်း၊ ငပလီကမ်းခြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုကာ အပြုသဘောဆောင် ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းက မြောက်ဦးယဉ်ကျေးမှုဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငပလီကမ်းခြေဒေသဆိုင်ရာ အချက်အလက်များ၊ ဟိုတယ်ဇုန်တိုးချဲ့ဖော်ဆောင်ရေး လုပ်ငန်းများကို Power Point ဖြင့် ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်းက UEHRD အစီအစဉ်ဖြင့် ရခိုင်ပြည်နယ်အတွင်း ခရီးသွားလုပ်ငန်းကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ခရီးသွားလုပ်ငန်းရှင်များက ငပလီကမ်းခြေဒေသဖွံ့ဖြိုးတိုးတက်သာယာလှပရေးအတွက် အကြံပြုဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းကာ နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သိရသည်။



ဆွေးနွေးပွဲသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်းရှင်များနှင့် လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။

**တင်ထွန်း(မြန်/ဆက်)**

## စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီး၌ လူနာများအား နံနက်စာ အာဟာရလှူဒါန်း

**စစ်တွေ မတ် ၁၁**

ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၌ တက်ရောက် ဆေးဝါးကုသလျက်ရှိကြသော ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးမှ လူနာများအား နံနက်စာ အာဟာရဒါနများကို အပတ်စဉ် တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနေ့များ၌ နံနက် ၅ နာရီခွဲတွင် အဆိုပါ ဆေးရုံကြီးခြံဝင်းအတွင်း စစ်တွေမြို့ စေတနာ ပရဟိတဖောင်ဒေးရှင်းနှင့် စေတနာရှင်၊ အလှူရှင်များက စုပေါင်းပြီး ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ဆေးဝါးကုသနေသောလူနာများအား နံနက်စာ အာဟာရဒါန လှူဒါန်းကြောင်း သိရသည်။

အဆိုပါ ဆေးရုံကြီးအတွင်း၌ တက်ရောက်ဆေးဝါးကုသနေကြသော ရဟန်းရှင်လူ ပြည်သူများအား ရည်စူး၍ ကုသိုလ်ပွားများလာစေရန် နံနက်စာ အာဟာရဒါနများဖြစ်သော ဆန်ပြုတ်၊ ကြက်ဥ၊ ဘဲဥ၊ နွားနို့၊ သောက်သုံးရေသန့်၊ ပေါင်မုန့်နှင့် ထမင်းကျွေးမွေးကြောင်း သိရသည်။

ဆေးရုံကြီးအတွင်း အပတ်စဉ် တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနေ့ သုံးရက်ကို နံနက်စာ အာဟာရဒါနလှူဒါန်းမည်ဟု စေတနာပရဟိတဖောင်ဒေးရှင်းမှ သတ်မှတ်ထားသော်လည်း စေတနာရှင်၊ အလှူရှင်များ၏ မိမိတို့ လှူဒါန်းမည့် နေ့ရက်များသည် ယင်းနေ့ရက်များနှင့် မတိုက်ဆိုင်ပါက စေတနာရှင် ပရဟိတဖောင်ဒေးရှင်းက လှူဒါန်းနိုင်ရန် စီစဉ်ပေးလျက်ရှိကြောင်း၊ စိတ်ပါဝင်စား၍ လုပ်အားပေးလိုသူ မည်သူမဆိုလာရောက် ကုသိုလ်ပြုနိုင်ပါကြောင်း၊ လုပ်အားပေးမည့် ပုဂ္ဂိုလ်များအား ဖိတ်ခေါ်ပါကြောင်း စေတနာပရဟိတဖောင်ဒေးရှင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ဝင်းမင်းစိုး(မြန်/ဆက်)**





## မောင်တောဒေသ၌ ဆောက်လုပ်နေသော နေအိမ်များတွင် မိုးမကျမီနေထိုင်နိုင်ရေးဆောင်ရွက်

**မောင်တော မတ် ၁၁**

ရခိုင်ပြည်နယ်ရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား ကူညီထောက်ပံ့ရေး အစီအစဉ်အဖြစ် တာချီလိတ်မြို့သူမြို့သားများ စုပေါင်းလှူဒါန်းသည့် နေအိမ်များအား ရခိုင်ပြည်နယ်မောင်တောခရိုင် မြဝတီကျေးရွာ(တိုင်းရင်းသားကျေးရွာ)တွင် ဆောက်လုပ်လျက်ရှိရာ မတ် ၁၀ ရက်က ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကာ ယခုနှစ် မိုးမကျမီ ဒေသခံတိုင်းရင်းသားပြည်သူများ နေထိုင်နိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်သည်။

၂၀၁၇ ခုနှစ် ဩဂုတ်လမှ စတင်ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် အသက်သေဆုံးခဲ့ရသူများ၊ ဒဏ်ရာရရှိခဲ့သူများနှင့် အိုးအိမ်များ ပျက်စီးဆုံးရှုံးခဲ့ရသည့် ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ယခုဆောက်လုပ်လျက်ရှိသည့် တစ်လုံးလျှင် ငွေကျပ်သိန်းတစ်ရာတန် နေအိမ်သုံးလုံးအပါအဝင် တာချီလိတ် မြို့သူမြို့သားများ စုပေါင်းလှူဒါန်းသည့် ငွေသားနှင့် စားနပ်ရိက္ခာများ၏ စုစုပေါင်း လှူဒါန်းမှုမှာ ငွေကျပ် ၅၆၂ သိန်း ဖြစ်ကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

## ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေသခံ ရခိုင်ဆရာ ဆရာမများနှင့် တွေ့ဆုံ

**ဟိုင်းကြီးကျွန်း မတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ရခိုင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးတင်စောသည် မတ် ၁၀ ရက်နှင့် ၁၁ ရက်က ဟိုင်းကြီးကျွန်းမြို့ ကံချိုင်ကျေးရွာအုပ်စုနှင့် ကျောင်းကွဲကျေးရွာတို့တွင် ရခိုင်စာပေသင်ကြားနေကြသော ဆရာ ဆရာမများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ **(ယာပုံ)**

အဆိုပါဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးက ရခိုင်စာပေကို လေ့လာလိုသူများ ရခိုင်စာပေ သင်ကြားရန်အတွက် လျှောက်ထားနိုင်ကြောင်း၊ စာပေသင်ကြားရာတွင်လည်း နားလည်သဘောပေါက်စေရေးအတွက် သင်တန်းနည်းပြဆရာ ဆရာမများက ရခိုင်ရိုးရာဓလေ့များ၊ ယဉ်ကျေးမှုများကို လေ့လာထားကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဝန်ကြီးရုံးတာဝန်ခံ ဒေါ်ရီရီဝင်းက ရခိုင်စာပေသင်ကြားခွင့်အတွက် ဆရာ ဆရာမများ လိုအပ်လျက်ရှိသဖြင့် ကျေးရွာရှိ အထက်တန်းအောင်မြင်ပြီးသူတိုင်း လျှောက်ထားနိုင်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများ ကိုယ်စား သဲကုန်းကြီးကျေးရွာ အလကကျောင်းအုပ်ဆရာကြီး ဦးမြငွေးက ရခိုင်စာပေသင်ကြားနိုင်ရေးနှင့် ကျေးရွာများရှိ ကျောင်းများတွင် ဆရာ၊ ဆရာမများနှင့် ကျောင်းဆောင်များ လိုအပ်လျက်ရှိကြောင်း ဆွေးနွေးတင်ပြခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**



## ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**သံတွဲ မတ် ၁၁**

တောင်ကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးစီးမှူး ဒေါ်တင်တင်ကြည်သည် ဌာနမှဝန်ထမ်းများနှင့်အတူ မတ်လပထမပတ်က ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ထားရှိသည့် ရန်ခေါ်ကျေးရွာတွင်း ကျောက်ခင်းခြင်းလုပ်ငန်းနှင့် Glorious Saw Co.,Ltd မှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် ရန်ခေါ်ကျေးရွာ ကျေးလက်အိမ်ရာ တည်ဆောက်ရေးလုပ်ငန်းခွင်များသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ကျေးရွာကော်မတီများနှင့် တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်မှု အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ရေး၊ သတ်မှတ်ချိန်အတွင်း ပြီးစီးအောင်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(မြန်/ဆက်)**

# ပြန်လည်စွန့်လွှတ်မြေများအား ယာယီပုံစံ-၃ ထုတ်ပေးခြင်းနှင့် မီးရထားဘူတာရုံမြေအတွက် သိမ်းယူခဲ့သော မြေယာများအတွက် လျော်ကြေးငွေပေးအပ်



**လွိုင်ကော် မတ် ၁၁**
ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်မြေများအား သက်ဆိုင်ရာ တောင်သူများထံသို့ ယာယီပုံစံ-၃ ထုတ်ပေးခြင်းနှင့် မီးရထားဘူတာရုံမြေတွင် ပါဝင်သော တောင်သူများထံသို့ လျော်ကြေးငွေပေးအပ်ခြင်း အခမ်းအနားကို မတ် ၁၁ ရက် နံနက် ၁၀ နာရီက လွိုင်ကော်မြို့ ပြည်နယ်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက စွန့်လွှတ်မြေများအား မူလလက်ငုတ်တောင်သူများထံသို့ ကော်မတီအဆင့်ဆင့်မှ သေချာစိစစ်ပြီး ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ခွဲဝေမှုများနှင့်ပတ်သက်ပြီး ကျေနပ်မှုမရှိပါက မိမိထံသို့ အချိန်မရွေး လာရောက်တင်ပြနိုင်ကြောင်း ပြောကြားခဲ့သည်။ ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ လွိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာ ခင်စည်သူက လယ်ယာမြေနှင့် အခြားမြေများ ပြန်လည်သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြသည်။

အခမ်းအနားတွင် အမှတ်-၂၅၀ ခြေလျင်တပ်ရင်းမှ စွန့်လွှတ်မြေ ၁၉၄ ဧကအနက် တောင်သူ ၄၈ ဦး၏ ဧရိယာ ၈၁ ဒသမ ၉၁ ဧကနှင့် အမှတ်-၇ စစ်ဆေးရုံမှ စွန့်လွှတ်သော မြေဧရိယာ ၁၅ ဧကအား တောင်သူခြောက်ဦးတို့အား ယာယီလုပ်ပိုင်ခွင့်ပုံစံ-၃ ပေးအပ်ခြင်းဖြစ်သည်။ အမှတ်-၂၅၀ မှ စွန့်လွှတ်မြေများအနက် ကျန်ရှိမြေ ၁၁၂ ဧကမှာ မြေပြင်တွင် ပြဿနာအရှုပ်အရှင်းကင်းပြီး ပိုင်ဆိုင်မှု တည်ငြိမ်မှုသာ ယာယီပုံစံ-၃ ဆက်လက်ပေးအပ်သွားမည်ဖြစ်သည်။

ထို့အပြင် လွိုင်ကော်ဘူတာရုံ တည်ဆောက်ရန်အတွက် သိမ်းယူခဲ့သော မြေဧရိယာ ၄၄ ဒသမ ၈၅၉ ဧကအနက် အသုံးပြုထားပြီးသော ၁၉ ဒသမ ၁၈၉ ဧကတွင် ၁ ဒသမ ၆၁၉ ဧကမှာ လျော်ကြေးပေးရန် မလိုအပ်ဘဲ၊ ကျန်ရှိသော ၂၇ ဒသမ ၅၇ ဧကတွင် လယ်မြေ ၂၆ ဒသမ ၁၂ ဧကအတွက် တစ်ဧကလျှင် ငွေကျပ်သိန်း ၅၀နှုန်းဖြင့် ငွေကျပ် ၁၃၀ ဒသမ ၆ သန်းနှင့် ယာမြေ ၁ ဒသမ ၄၅ ဧကအတွက် တစ်ဧကလျှင် ငွေကျပ်သိန်း ၄၀နှုန်းဖြင့် ငွေကျပ် ၅ ဒသမ ၈သန်း စုစုပေါင်း အသုံးပြုပြီးမြေအတွက် လျော်ကြေးငွေကျပ် ၁၃၆ ဒသမ ၄ သန်းကိုလည်းကောင်း၊ အသုံးပြုခြင်းမရှိသည့် လယ်မြေ ၁၅ ဒသမ ၆၇ ဧကအတွက် တစ်ဧကလျှင် ငွေကျပ်သိန်း ၅၀ နှုန်းဖြင့် ငွေကျပ် ၇၈ ဒသမ ၃၅ သန်းကို လည်းကောင်း စုစုပေါင်း ၄၃ ဒသမ ၂၄ ဧကအတွက် လျော်ကြေးငွေကျပ် ၂၁၄ ဒသမ ၇၅ သန်းကို သက်ဆိုင်ရာ တောင်သူများထံသို့ ပေးဆောင်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# အချိန်အခါမဟုတ် မိုးရွာခြင်းနှင့် မိုးသီးကြွေခြင်းကြောင့် ကာလိမြို့တွင် နေအိမ်အချို့ ပျက်စီးပြီး လူထိခိုက်ဒဏ်ရာရ

**ကာလိ မတ် ၁၁**
ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် ကာလိမြို့၌ မိုးနှင့်အတူ လေပြင်းတိုက်ခတ်မှုကြောင့် မတ် ၁၀ ရက် ညနေ ၄ နာရီခွဲက ကာလိမြို့တွင်းရှိ လူနေအိမ်များ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့သည်။



ပျက်စီးသည့် နေအိမ်များသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကာလိနယ်မြေခန်းမှူး၊ နယ်မြေမီးသတ်တပ်ဖွဲ့စခန်း တာဝန်ခံနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ကာလိမြို့ ရပ်ကွက်အတွင်းရှိ လူနေအိမ်များ အမိုးလန်ပျက်စီးခြင်း၊ တဲအိမ်ငယ်များ ပြိုလဲခြင်း၊ အုတ်တံတိုင်း ပြိုလဲပျက်စီးမှုများ ဖြစ်ပွားခဲ့ပြီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၅၇၄၀၀ ခန့် ဆုံးရှုံးခဲ့ကြောင်းနှင့် ရပ်ကွက် ၄ နေ မနန်းချယ်နှင့် မနန်းနွတ်တို့ နှစ်ဦးသည် နောင်ငင်ရေချိုးဆိပ်တွင် ရေချိုးနေစဉ် သစ်ပင်လဲကျ၍ သစ်ကိုင်းနှင့်ရိုက်မိပြီး ထိခိုက်ဒဏ်ရာ ရရှိသွားသဖြင့် ကွန်ဟိန်းမြို့နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြစ်ကြီးနားမြို့တွင် ပထမဆုံးအကြိမ် လမ်းလျှောက်သင်္ကြန် ကျင်းပမည်

**မြစ်ကြီးနား မတ် ၁၁**
ယခုနှစ်၏ သင်္ကြန်ပွဲတော်ကာလတွင် မြစ်ကြီးနားမြို့ မြို့မရပ်ကွက်အတွင်းရှိ ဇော်ဂျွန်းလမ်း (ကမ်းနားလမ်း) တွင် ပထမဆုံးအကြိမ်လမ်းလျှောက်သင်္ကြန် ကျင်းပသွားမည်ဖြစ်ကြောင်း မြစ်ကြီးနား ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမတွင် မတ် ၉ ရက်က ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင် ဦးဆောင်၍ ဌာနဆိုင်ရာများနှင့် အစည်းအဝေး ကျင်းပရာမှ ယခုနှစ်သင်္ကြန်ပွဲတော်ကို ယခင်နှစ်များကထက် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် ရည်ရွယ်၍ လမ်းလျှောက်သင်္ကြန် ကျင်းပရခြင်းဖြစ်ကြောင်း ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းနိုင်က ပြောသည်။

"တခြားမြို့တွေ မန္တလေးတို့၊ လားရှိုးတို့တွေမှာ လုပ်သလို လမ်းလျှောက်သင်္ကြန်လုပ်မှာပါ၊ ရေကစားတဲ့သူတွေ နားနားနေနေဖြစ်အောင် အပေါ်ကနေလည်း ပုသိမ်ထီးတွေ ချိတ်ဆွဲထားပြီး စတုဒိသာ မဏ္ဍပ်တွေ၊ ရေကစားမဏ္ဍပ်တွေ လမ်းတစ်လျှောက်မှာ ဆောက်ထားမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

ထိုလမ်းလျှောက်သင်္ကြန်ကို ဇော်ဂျွန်းလမ်းပေါ်ရှိ စည်ပင်သာယာဈေး (၁) အနီးမှ မင်းရပ် ရပ်ကွက် ကိုယ်ကာယလေ့ကျင့်ရေး အားကစားကွင်းအထိပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် ဧပြီ ၁၃ ရက် အကြိုနေ့ ညနေပိုင်းမှ ၁၆ရက် အတက်နေ့အထိ လေးရက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

လမ်းလျှောက်သင်္ကြန် ပြုလုပ်မည့်လမ်းတစ်လျှောက်တွင် ယာဉ်ဝင်ခွင့်များကို ပိတ်ထားမည်ဖြစ်ပြီး လမ်းလွှဲများမှသာ မောင်းနှင်စေမည်ဖြစ်ကာ ယခုနှစ်သင်္ကြန်ကာလအတွင်း ဗဟိုမဏ္ဍပ်အပြင်၊ ရပ်ကွက်များ၊ ဌာနဆိုင်ရာများ၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာနများ သီးခြားမဏ္ဍပ်များ ပြုလုပ်သွားရန်ရှိကြောင်း သိရသည်။

**မင်းမင်းဦး**

# ကျောမြို့နှင့် ထီးလင်းမြို့နယ်၌ သက်တမ်းလွန်စားသောက်ကုန်များ သိမ်းဆည်း

**ဂန့်ဂေါ မတ် ၁၁**
ပုံတောင်ပုံညာဒေသ ဂန့်ဂေါခရိုင် ကျောမြို့နှင့် ထီးလင်းမြို့နယ် ရေမျက်နီကျေးရွာတို့၌ စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဒေသရှိဌာနဆိုင်ရာများ ပူးပေါင်း၍ မတ် ၁၀ ရက်က စားသောက်ကုန်ရောင်းဝယ်သည့်ဆိုင်များတွင် သက်တမ်းလွန်စားသောက်ကုန်များ ရောင်းဝယ်မှုရှိ၊ မရှိ စစ်ဆေးခဲ့ကြသည်။

ထိုသို့စစ်ဆေးရာတွင် ပခုက္ကူခရိုင် စားသုံးသူရေးရာဦးစီးဌာနမှူး ဦးသန်းဦး၊ ဂန့်ဂေါခရိုင်တာဝန်ခံ ဒေါ်စိုးယုဆွေ၊ ထီးလင်းမြို့နယ်တာဝန်ခံ ဒေါ်အိသဲတို့နှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ ပူးပေါင်းအဖွဲ့သည် ကျောမြို့၌ စားသောက်ကုန်ရောင်းဝယ်သည့် ဆိုင် ၁၄ ဆိုင်နှင့် ရေမျက်နီကျေးရွာ၌ ၁၉ ဆိုင်တို့တွင် စစ်ဆေးခဲ့ကြပြီး အစားအသောက် ဘေးကင်းလုံခြုံရေးနှင့်ပတ်သက်၍ ပညာပေးဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ကျောမြို့၌ ငွေကျပ် ၁၉၀၀၀၀ ကျော်ဖိုး နှင့် ရေမျက်နီကျေးရွာ၌ ငွေကျပ် ၂၅၀၀၀၀ ကျော် တန်ဖိုးရှိ သက်တမ်းလွန်စားသောက်ကုန်များကို သိမ်းဆည်းခဲ့ကြသည်။



အဆိုပါ သိမ်းဆည်းခဲ့သည့် စားသောက် ပစ္စည်းများ၊ တုတ်ထိုးချိုချဉ်များအများစု ပါဝင်ကုန်များမှာ အချိုရည်ဘူးများ၊ မာလာဟင်းသုံး ကြောင်း သိရသည်။ **၁၀၁**

# ရွှေဘိုမြို့နယ်၌ လူသတ်မှုကျူးလွန်သူအား ဖမ်းဆီးရမိ

**ရွှေဘို မတ် ၁၁**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ကံပြုကျေးရွာတွင် မတ်၁၁ ရက် နံနက်၁ နာရီက လူသတ်မှုဖြစ်ပွားခဲ့ပြီး ပြစ်မှုကျူးလွန်သူအား အခင်းဖြစ်ပွားပြီး ၂၄နာရီအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း ရွှေဘိုမြို့မရဲစခန်းမှ စခန်းမှူးဒုရဲမှူးမြင့်မောင်က ပြောသည်။

ဖြစ်စဉ်မှာ မတ် ၁၁ ရက် နံနက်၁နာရီခန့်က ကံပြုကျေးရွာနေ ဒေါ်လှအုန်းသည် သမီးဖြစ်သူ မအေးစုမွန်နှင့်အတူ နေအိမ်အနောက်ခန်း၌ အိပ်နေစဉ် နေအိမ်ရှေ့ခန်းတန်းလျားပေါ်တွင် ၎င်း၏တူဖြစ်သူ မောင်မောင်ကြီး အိပ်နေသော နေရာမှ ရေစက်ကျသံများ ကြားရကြောင်း သမီးဖြစ်သူကပြောပြ၍ ကြည့်ရှုရာ မောင်မောင်ကြီးမှာ ဓားဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် ပြစ်မှုကျူးလွန်သူအား အရေးယူပေးရန် ရွှေဘိုမြို့မရဲစခန်းသို့ တိုင်တန်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရွှေဘိုမြို့မရဲစခန်းမှူး ဒုရဲမှူးမြင့်မောင်နှင့် ရဲတပ်ဖွဲ့ဝင်များက စစ်ဆေးမှုများပြုလုပ်ရာ ပြစ်မှုကျူးလွန်သူမှာ လွန်ခဲ့သည့် ၁၀ လခန့်က စကားများရန်ဖြစ်ကာ မန္တလေးတွင် သွားရောက်အလုပ်လုပ်ကိုင်နေသည့် ဒေါ်အုန်းလှ၏ ခင်ပွန်းဖြစ်သူ ကိုညွန့်ဦးအား မသင်္ကာသဖြင့် ခေါ်ယူစစ်ဆေးရာ ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံထွက်ဆိုသဖြင့် ရွှေဘိုမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

## ကျေးရွာချင်းဆက် ကျောက်ချောလမ်း ဖောက်လုပ်

**ရွှေကူ မတ် ၁၁**
ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်ရန်ပုံငွေဖြင့် အကွာအဝေးတစ်မိုင်၊ လမ်းအကျယ် ၁၂ ပေရှိ နတ်ချို -တုံးပုံ ကျေးရွာချင်းဆက် ကျောက်ချောလမ်း ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။ အဆိုပါလမ်းသည် ယခင်က ဒေသခံများ ကူးသန်းသွားလာရာတွင် လမ်းပေါ်ရှိ ချိုင့်ကွက်များကို ရှောင်ကွင်းသွားလာရ ခြင်းကြောင့် ခရီးမတွင်ကျယ်ခြင်း၊ မိုးတွင်းကာလများ၌ ဗွက်အိုင်များကြောင့် ဆိုင်ကယ်များ မကြာခဏတိမ်းမှောက်ခြင်းများ ဖြစ်ပေါ်ခဲ့သော်လည်း အဆိုပါလမ်း ဖောက်လုပ်ပြီးစီးပါက ဒေသတွင်း ကူးသန်းသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုအားများစွာ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

**လဘန်အောင်(ကချင်မြေ)**

# မှော်ဘီမြို့နယ်ရှိ နိုင်ငံခြားသားပိုင် အထည်ချုပ်စက်ရုံမီးလောင်မှုဖြစ်



**ရန်ကုန် မတ် ၁၁**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ညောင်နှစ်ပင်သွားလမ်းမှ အထည်ချုပ်စက်ရုံတစ်ရုံ၌ မတ် ၁၀ရက် ည ၉ နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ မှော်ဘီမြို့နယ် ဆတ်သွားတောကျေးရွာအရှေ့ဘက်ထိပ် ညောင်နှစ်ပင်သွား လမ်းမအနီးရှိ ကိုရီးယားလူမျိုးပိုင် “မချစ်စု”အထည်ချုပ်စက်ရုံတွင် မတ် ၁၀ ရက် ည ၉ နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားသဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက ငြိမ်းသတ်ခဲ့ရာ ည ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် လုံးဝမီးငြိမ်းသွားကြောင်း မှော်ဘီမြို့နယ် မီးသတ်ဦးစီးဌာနမှ သိရသည်။

မီးလောင်မှုအား Level 3 အဆင့် သတ်မှတ်ခဲ့ပြီး မီးလောင်မှုဖြစ်ပွားရာသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ မီးငြိမ်းသတ်ယာဉ်၊ ရေသယ်ယာဉ်များနှင့် သန္တေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုအထောက်အကူအဖွဲ့များ စုစုပေါင်းအင်အား ၃၅၀ ကျော်ခန့်ဖြင့် ပူးပေါင်း ငြိမ်းသတ်ခဲ့ရကြောင်း သိရသည်။ **(ယာပုံ)**

မီးလောင်ရသည့် အကြောင်းရင်းနှင့် ဆုံးရှုံးမှုတန်ဖိုးကို တာဝန်ရှိသူများက ဆက်လက်စစ်ဆေးလျက်ရှိပြီး မီးလောင်မှုနှင့်ပတ်သက်၍ စက်ရုံလုံခြုံရေးတာဝန်ခံ ဦးဌေးလွင်အား မှော်ဘီမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးနေကြောင်း သိရသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

# ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မှုဖြစ်ပွား နှစ်ဦးသေဆုံး၊ သုံးဦးဒဏ်ရာရရှိ

**နတ်တလင်း မတ် ၁၁**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့ ရန်ကုန်ပြည်လမ်း မိုင်တိုင်အမှတ် ၁၃၄/၇ ဂေါက်ကွင်းရှေ့တွင် မတ် ၁၁ ရက် နံနက် ၂ နာရီ ၁၀ မိနစ်ခန့်၌ ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။ **(ယာပုံ)**




ပြည်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ဦးဉာဏ်ဝင်း(၃၃နှစ်) သရက်မြို့နေသူ မောင်းနှင်သည့် (သရက်-ရန်ကုန်) TOYO -Express 8I /--- ကို ရန်ကုန်ဘက်မှ ပြည်ဘက်သို့ ယာဉ်မောင်းဦးအောင်နိုင်(၅၃နှစ်) ဂန့်ဂေါမြို့နေသူ မောင်းနှင်သည့် လိုက်ထရပ်ယာဉ်အား ဝင်တိုက်သဖြင့် ယာဉ်မောင်း ဦးအောင်နိုင်နှင့် လိုက်ပါလာသူ ဦးတင်လင်းတို့မှာ နေရာတွင်ပွဲချင်းပြီး သေဆုံးကာ မအေးတူး (၂၂နှစ်) မင်းလှမြို့နေသူမှာ အတွင်းလူနာအဖြစ် (စိုးရိမ်ရ) ဒဏ်ရာရရှိပြီး ယာဉ်မောင်း ဦးဉာဏ်ဝင်းနှင့် ယာဉ်နောက်လိုက် မောင်ထွေးကိုကိုတို့မှာ ပြင်ပဒဏ်ရာများ ရရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ နတ်တလင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ထွန်းထွန်း(ဇီးကုန်း)**

# ရေပူနှင့်မရမ်းချောင် စစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် မတ် ၁၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် မတ် ၁၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၁၆၉ စီး၊ သွင်းကုန် ၉၂၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် အစီး ၇၀၊ သွင်းကုန် ၂၀၉ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၁၀ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု ၁၀ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၉၃၅ သန်းခန့်၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉ ဒသမ ၅၂ သန်းခန့်၊ စုစုပေါင်း တားဆီးမှု ၁၃ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈ ဒသမ ၄၅၅ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၁၀ ရက်က မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်ကွင်းလမ်းဖြစ်သည့် သစ်ဆိပ်ပင်ကျေးရွာသို့ ရှောင်တခင် သွားရောက်စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Versa Express (RF-640) Inkjet Printer Brand New (1) Unit ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဖားကန့်နှင့် မောင်တောမြို့နယ်အတွင်းမှ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



**နေပြည်တော် မတ် ၁၁**

မူးယစ်တပ်ဖွဲ့စု- ၃ မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၀ ရက် နံနက် ၁၁ နာရီတွင် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု မှော်ပုံကျေးရွာ မြေစာပုံအနီးတွင် အောင်မျိုးဝင်းအား ရှာဖွေရာ ၎င်း၏ လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းတည့် ၁၂ နာရီက ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု မှော်ပုံကျေးရွာ မြေစာပုံနေ မသစ်သစ်(ခ) မသစ်သစ်မောင်၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၉ ပြားနှင့် ဘိန်းဖြူ ၁ ဂရမ်တို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ ညနေ ၆ နာရီတွင် မူးယစ်တပ်ဖွဲ့စု ၄၆ မောင်တောမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မောင်တောမြို့ မြို့မတောင်ရပ်ကွက်နေ မနူရ်ဇာန်၏နေအိမ်ကို ရှာဖွေရာ မနူရ်ဇာန်နှင့် အူစမန်ဂေါ်နီတို့အား တွေ့ရှိရပြီးစိတ်ကြွရူးသွပ်ဆေးပြား ၁၆၃ ပြားနှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ မတ် ၉ ရက် မွန်းလွဲ ၂ နာရီက မဘိမ်းမြို့နယ် စီပိန်းကျေးရွာအုပ်စု (ဒေသအခေါ်ဟွေ့ပေါ်)၊ ဝါးတဲအဟောင်းတွင် မအိခမ်း(**ဝဲပုံ**) အားတွေ့ရှိရပြီး ဘိန်းဖြူအလေးချိန် ၂၂၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ တို့ကို လည်းကောင်း။

အလားတူ မတ် ၁၀ ရက် နံနက် ၆ နာရီခန့်က ပင်ဖြစ်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရပ်စောက်မြို့နယ် ကျောက်ငှက်ကျေးရွာနှင့် နောင်ယာစဲကျေးရွာသွားလမ်းဘေးတောင်ယာတဲနေ တသိန်း၏တဲကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၆၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# တနိုင်းမြို့နယ်၌ တိုက်မိုင်းပေါက်ကွဲ၍နှစ်ဦး ဒဏ်ရာရ

**နေပြည်တော် မတ် ၁၁**

တနိုင်းမြို့နယ် မိုင်းခွန်ပယင်းမော်ဈေးတန်း၏ အနောက်ဘက် နှစ်မိုင်ခန့်အကွာ၌ မတ် ၁၀ ရက် နံနက် ၁၀ နာရီခွဲက ပေါက်တောမြို့ ရပ်ကွက်-၄နေ မောင်လေး(၂၉နှစ်)ပါ နှစ်ဦးသည် ပယင်းတူးဖော်ရန် ထွက်ခွာလာစဉ် ကေအိုင်အေအဖွဲ့ ထောင်ထားသည့် တိုက်မိုင်းအား မောင်လေးက တိုက်မိပေါက်ကွဲခဲ့သည်။ ယင်းဖြစ်စဉ်ကြောင့် မောင်လေးပါနှစ်ဦးတွင် ဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့သဖြင့် တနိုင်းပြည်သူ့ဆေးရုံ၌ ကုသမှုခံယူလျက်ရှိကြောင်း သိရသည်။ **ကိုရဲ**

# ကျောက်မဲမြို့နယ်၌ လက်နက်ငယ်ဖြင့်ပစ်ခတ်ခံရ၍ နှစ်ဦးသေဆုံး

**နေပြည်တော် မတ် ၁၁**

ကျောက်မဲမြို့နယ် မန်တန်းကျေးရွာအနီး လွယ်လမ်းလမ်းဆုံ ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၉၇/၀-၁) ကြား၌ မတ် ၁၀ ရက် နံနက် ၁၀ နာရီ ၁၀ မိနစ်က နွားများတင်ဆောင်လာသော ယာဉ်အား အမည်မသိလူတစ်စုက လက်နက်ငယ်များဖြင့် ပစ်ခတ်သဖြင့် နှစ်ဦးသေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့ နံနက်ပိုင်းက နောင်ချိုမှ ကျောက်မဲဘက်သို့ မူဆယ်မြို့နေ ဝင်းမြင့်(၅၆နှစ်)မောင်းနှင်ပြီး ရေဦးမြို့နယ် ဘိုယုံကျေးရွာနေ ဦးခင်မောင်ရင်(၃၃နှစ်)၊ မူဆယ်မြို့နေ မခင်မျိုးသွယ်(၄၃နှစ်)နှင့် မဝင်းဝင်းနု (၃၂နှစ်)တို့ လိုက်ပါ၍ အောင်ဆန်းဝင်းကုမ္ပဏီ(မုံရွာ)မှ တရားဝင် စာရွက်စာတမ်းများဖြင့် နွားအကောင် ၂၀ တင်ဆောင်လာသည့် 9B/----- ၁၂ ဘီးယာဉ်သည် အခင်းဖြစ်နေရာအရောက် လက်နက်ငယ်ကိုယ်စီကိုင်ထားသော အရပ်ဝတ်ဖြင့် လူနှစ်ဦးသည် လမ်းဘေးမှ ထွက်လာကာ ယာဉ်အားရပ်တန့်ခိုင်းပြီး လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်ကြောင့် ယာဉ်မောင်း ဝင်းမြင့်နှင့် မခင်မျိုးသွယ်တို့တွင် ဒဏ်ရာများရရှိသဖြင့် အခင်းဖြစ်ရပ်တွင် သေဆုံးသွားကာ မဝင်းဝင်းနု ဒဏ်ရာ (မစိုးရိမ်ရ)ရရှိခဲ့ပြီး ယာဉ်ပေါ်ပါသူ ဦးခင်မောင်ရင်မှာ ပစ်ခတ်မှုဖြစ်ပွားစဉ် ယာဉ်နောက်ခန်း နွားများကြားထဲ၌ ပုန်းအောင်းနေသဖြင့် ဒဏ်ရာရရှိခြင်း မရှိခဲ့ကြောင်း၊ နွားနှစ်ကောင်မှာလည်း လက်နက်ငယ်ထိမှန် ဒဏ်ရာများဖြင့် သေဆုံးသွားသောကြောင့် လက်နက်ငယ်ဖြင့် ပစ်ခတ်သူ(စိစစ်ဆဲ) နှစ်ဦးအား နောင်ပိန်နယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **ကိုရဲ**

# ကသာမြို့နယ်၌ မူးယစ်ဆေးဝါး ငွေကျပ်သိန်း ၃၀၀ ကျော်ဖိုး ဖမ်းမိ

**ကသာ မတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ပင်းမလွတ်ကျေးရွာအနီး မီးရထားသံလမ်းကူးနေရာတွင် မတ် ၁၀ ရက် မွန်းလွဲပိုင်းက မူးယစ်ဆေးဝါးငွေကျပ်သိန်း ၃၀၀ ကျော်ဖိုးနှင့်အတူ မူးယစ်ဆေးဝါး သယ်ဆောင်လာသူနှစ်ဦး ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၁၀ ရက် မွန်းလွဲ ၂ နာရီခန့်က မူးယစ်တပ်ဖွဲ့စု-၆ ကသာမှ တပ်ဖွဲ့စုမှူး ဒုရဲမှူးမြင့်နိုင်ဦး ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် ကသာမြို့နယ် ပင်းမလွတ်ကျေးရွာအနီး မီးရထားသံလမ်းကူးနေရာတွင် စောင့်ဆိုင်းနေစဉ် ကသာမြို့ဘက်မှ ဇော်ဝင်းအောင်(ခ)အိုင်ကြီးဆိုသူ မောင်းနှင်လာသော ဆိုင်ကယ်အား မသင်္ကာ၍ ရပ်တန့်စစ်ဆေးရာ ဘိန်းဖြူ ၁၄၃ ဂရမ် ကာလတန်ဖိုးငွေကျပ် ၁၄၃၀၀၀၀၀ နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ ကာလတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀ ခန့်အား ရှာဖွေသိမ်းဆည်းရမိခဲ့သဖြင့် မူးယစ်ဆေးဝါးသယ်ဆောင်လာသူ ဇော်ဝင်းအောင်(ခ)အိုင်ကြီးမံစီကျေးရွာ ဗန်းမောက်မြို့နယ်နေသူအား ကသာမြို့မရဲစခန်းက ဥပဒေအရအရေးယူခဲ့သည်။

အလားတူ ယင်းနေ့ မွန်းလွဲ ၂ နာရီ ၂၅ မိနစ်က ကသာမြို့ဘက်မှ ဇော်ထွန်း(ခ)ဖိုးဇော်မောင်းနှင်လာသော ဆိုင်ကယ်အား မသင်္ကာ၍ ရပ်တန့်စစ်ဆေးရာ ဘိန်းဖြူ ၉၉ ဂရမ် ကာလတန်ဖိုးငွေကျပ်၉၉၀၀၀၀၀ နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၈၅ ပြား ကာလတန်ဖိုးငွေကျပ် ၁၉၂၅၀၀၀ ကို စစ်ဆေးတွေ့ရှိရသဖြင့် မူးယစ်ဆေးဝါးသယ်ဆောင်လာသူ ဇော်ထွန်း(ခ)ဖိုးဇော် မံစီကျေးရွာ ဗန်းမောက်မြို့နယ် နေသူအား ကသာမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **လူအောင်(ကသာ)**

# ပုန်းထွန်းရေချောင်းအတွင်း အမျိုးသားတစ်ဦး ရေနစ်သေဆုံး

**တာချီလိတ် မတ် ၁၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ လွယ်တော်ခမ်းရွာ၌ မတ် ၁၀ ရက် ညနေပိုင်းက ပုန်းထွန်းရေချောင်းအတွင်း ရေကစားနေသည့် အမျိုးသားတစ်ဦး ရေနစ်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၁၀ ရက် ညနေ ၃ နာရီခန့်က မျိုးသန့်ထွန်းသည် သူငယ်ချင်းများဖြစ်သော ကိုဇော်တင့်၊ ကိုပေါ့လုနှင့် ကိုစိုင်းအောင်ခမ်းတို့နှင့်အတူ ပုန်းထွန်းရေချောင်းဘေးတွင် အတူသောက်စားပြီး ပုန်းထွန်းရေချောင်းအတွင်းသို့ ရေဆင်းကစားစဉ် မျိုးသန့်ထွန်းမှာ ရေနစ်သေဆုံးခဲ့သဖြင့် အလောင်းအား တာချီလိတ်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ပြီး မျိုးသန့်ထွန်း(၃၀နှစ်) သေဆုံးမှုနှင့် ပတ်သက် ၍ တာချီလိတ်မြို့မရဲစခန်းက သေမှုသေခင်းဖွင့် စစ်ဆေးနေကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

## မြန်မာ့ရုပ်မြင်သံကြား

၁၂-၃-၂၀၁၈ (တနင်္လာနေ့)

**နံနက်ပိုင်း**

- ၆:၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ - Breakfast News
- ၇:၁၅ - MRTV Travelogue
- ၈:၁၅ - **"ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"** (၁၅)
- ၉:၁၅ - **နာဂတိုင်းရင်းသားတို့၏ ရိုးရာနှစ်သစ်ကူးပွဲတော်ဆီ**
- ၉:၄၀ - ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ Segovia (Spain)
- ၁၁:၀၀ - လုံမမှတ်စု(အပိုင်း-၂၈)
- ၁၁:၁၀ - ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
- ၁၁:၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၂:၄၅ - **မြွေဟောက်ဒူးပျံ**
- ၁၄:၃၀ - Tasty Trip

**ညပိုင်း**

- ၁၆:၃၀ - အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ဥပဒေပညာ အထူးပြု)(ဥပဒေပညာ)
- ၁၇:၀၅ - The Week's Special Interest
- ၁၇:၃၅ - Yes or No Talk Show
- ၁၈:၃၅ - ဥပဒေရေးရာအဖြာဖြာ **အားပေးအားမြှောက်**
- ၁၉:၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **အစမ်းသပ်ခံအချစ်** (အပိုင်း-၂၆)
- ၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀:၃၅ - ရာဇဝင်ထဲကသမိုင်း အနုပညာ **သတ္တဋ္ဌာနနှင့် တည်ရတနာပုံနေပြည်** (မန္တလေး) (အပိုင်း-၈) (မဟာပဋ္ဌာန်းဟောရွှေသိမ်တော်ကြီး)
- - နိုင်ငံခြားဇာတ်လမ်းတွဲ **တရားရှင်နှင့် ဓားဘုရင်** (နဂါးပုလဲ) (အပိုင်း-၆)
- - မျက်မှောက်ရေးရာ သုံးသပ်စရာ
- - နိုင်ငံခြားဇာတ်လမ်းတွဲ **အေးအတူပူအမျှ** (အပိုင်း-၂၂)

# ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး အားကစားလှုပ်ရှားမှုတွင် ပြည်သူတစ်ထောင်ကျော် ပါဝင်ဆင်နွှဲ

**ရန်ကုန် မတ် ၁၁**

"ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါး" (Exercise is Medicine) အားကစားလှုပ်ရှားမှုတွင် အားကစားဝါသနာရှင် တစ်ထောင်ကျော် လာရောက် ပါဝင် ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

အဆိုပါ လှုပ်ရှားမှုကို မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီး ဆပ်ကော်မတီတို့က ယနေ့ နံနက် ၆ နာရီက ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံကွင်း၌ ပြုလုပ်ခြင်းဖြစ်သည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ရီရီဝင်းက အားကစားလှုပ်ရှားခြင်း၏ အကျိုးကျေးဇူးအား ဟောပြောပြီး အေရိုးဗစ်ကို အခြေခံ၍ Zumba Basic လေ့ကျင့်ခန်းများကို စုပေါင်းကစား၍ လည်းကောင်း၊ ဟန်ဇော်အောင် (Artists in Motion Fitness Factory ) နှင့် သရုပ်ဆောင် အဆိုတော် ဂျင်းနီဦးဆောင်၍ Zumba လေ့ကျင့်ခန်းများကို ကိုယ်လက်လှုပ်ရှား အားကစား ဝါသနာရှင်များနှင့်အတူ ပူးပေါင်းကစားခဲ့ကြသည်။

"အပြင်မထွက်ချင်တဲ့ အမျိုးသမီးတွေကို တနင်္ဂနွေပိတ်ရက်မှာ လှုပ်ရှားမှုလေး လုပ်ချင်အောင်လို့ အဓိကထားပြီး ပြုလုပ်ပေးတာပါ၊ အိမ်ထဲမှာနေတဲ့ မိန်းကလေးတွေ အပြင်ထွက်လာအောင် လုပ်ပေးတာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်အေးအေးရွှေက ပြောသည်။



ကိုယ်လက်လှုပ်ရှားပါဝင်သူ ရုပ်ရှင်သရုပ်ဆောင် အဆိုတော် ဂျင်းနီက "အသင်းအဖွဲ့နဲ့ လုပ်ရတဲ့အတွက် ပျော်ဖို့ကောင်းတယ်၊ စိတ်လည်း အပန်းပြေတယ်၊ မိတ်ဆွေအသစ်တွေ တိုးတယ်၊ ကိုယ်ကိုတိုင်ကလည်း အကဝါသနာပါတဲ့ အခါကျတော့ အားကစားနဲ့အက ရောထားတော့ အဆင်ပြေတယ်၊ အခုလို အမျိုးသမီးတွေ အများကြီးနဲ့ စည်းစည်းလုံးလုံး တွေ့ရတော့ ဝမ်းသာဂုဏ်ယူမိပါတယ်" ဟု ပြောသည်။

အဆိုပါ အားကစားလှုပ်ရှားမှု ဒုတိယပတ်ကို မတ် ၁၈ ရက် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ နံနက် ၆ နာရီတွင် ပြုလုပ်သွားမည်ဖြစ်ပြီး မည်သူမဆို လာရောက်ကစားနိုင်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ တင်စိုး (မြန်မာ့အလင်း)**

---

*○ ကျောဖုံးမှ*

အသင်းက အနိုင်ရလဒ်ကို ထိန်းကစားခဲ့ပြီး မြဝတီအသင်းက ချေပဂိုးရရန် ကြိုးပမ်းမှု အဆုံးသတ်ခဲ့ရသည်။ မြဝတီအသင်းသည် ရှစ်ပွဲကစားအပြီးတွင် နိုင်ပွဲမရသေးဘဲ နှစ်ပွဲသရေ၊ ခြောက်ပွဲရှုံးထားသည်။

ယခုပွဲအပြီးတွင် ရန်ကုန်အသင်းက ၁၉ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး မကွေးအသင်းက ၁၇ မှတ်၊ ရတနာပုံအသင်းက ၁၅ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၁၄ မှတ်၊ ဟံသာဝတီအသင်းက ၁၂ မှတ်၊ ရခိုင်အသင်းက ၁၁ မှတ်၊ ဇွဲကပင်အသင်းက ၁၀ မှတ်၊ ရှောဝတီနှင့် Southern အသင်းက ကိုးမှတ်စီ၊ စစ်ကိုင်းအသင်းက ရှစ်မှတ်၊ GFA အသင်းက လေးမှတ်၊ မြဝတီအသင်းက နှစ်မှတ်ရထားသည်။ **ညီမြတ်သော်တာ**

## MFF Futsal Open Cup ပြိုင်ပွဲ အုပ်စုပွဲများ ဆက်လက်ကျင်းပ

**ရန်ကုန် မတ် ၁၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် MFF Futsal Open Cup ပြိုင်ပွဲ အုပ်စုပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းမှစ၍ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ ကျင်းပသည်။

ပဉ္စမနေ့တွင် အုပ်စု (ဂ၊ ဃ၊ င) ဒုတိယနေ့ပွဲများကျင်းပခဲ့ပြီး UPT အသင်းက GKTY အသင်းကို ကိုးဂိုး-တစ်ဂိုး၊ MCY အသင်းက Family United အသင်းကို ခုနစ်ဂိုး-တစ်ဂိုး၊ MIC Legend အသင်းက 41 Return အသင်းကို ကိုးဂိုး-သုံးဂိုး၊ Bo ၁၀၀၀ အသင်းက Hopan အသင်းကို ခြောက်ဂိုး-လေးဂိုး၊ UM အသင်းက Caldina Club Myanmar အသင်းကို ငါးဂိုး-နှစ်ဂိုး၊ Old Men အသင်းက powerful အသင်းကို ခြောက်ဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။

ပွဲစဉ်အလိုက် အကောင်းဆုံးဆုများကို UPT အသင်းမှ အောင်ပိုင်၊ MCY အသင်းမှ မောင်မောင်၊ MIC Legend အသင်းမှ ချိုသဲမောင်၊ Hopan အသင်းမှ ဇော်ဝင်းထွန်း၊ UM အသင်းမှ သီဟသူ၊ Old Men အသင်းမှ ငြိမ်းချမ်းအောင်တို့က ရရှိခဲ့သည်။

**သတင်း-ရဲရင့်ရှိုင်း**

*◆ ကျောဖုံးမှ*

အသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးမြင့်သိန်း၊ နည်းပြချုပ်အဖြစ် ဦးမျိုးမင်းထွန်း၊ နည်းစနစ် ဒါရိုက်တာ- ဦးဉာဏ်ဝင်း၊ လက်ထောက်နည်းပြအဖြစ်- ဦးတင် မောင်ထွန်း၊ ဂိုးနည်းပြအဖြစ် ဦးဝင်းနိုင်၊ ကစားသမားများအဖြစ် **ဂိုးသမား**- ကျော်ဇင်ထက်၊ ဆန်းဆက်နိုင်၊ **နောက်တန်း**-ဒေးဗစ်ဒန်း၊ မိုကာလူး၊ ပြည့်ဖြိုးဇော်၊ မင်းကျော်ခန့်၊ ဇာနည်ထက်၊ သူရိန်စိုး၊ ပြည့်ဖြိုးအောင်၊ **အလယ်တန်း**-ရန်အောင်ကျော်၊ ကြည်လင်း၊ မောင်မောင်လွင်၊ ယာမာဇာကီ၊ ကျော်ဇင်ဦး၊ ကျော်မင်းဦး၊ ဆောင်လမန်၊ **ရှေ့တန်း**-အီစိုး၊ အီမန်နျူရယ် ပါဝင်ကြသည်။ ဂလိုဘယ်အသင်းနှင့် ရန်ကုန်အသင်းသည် မတ် ၁၃ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် မနီလာမြို့၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရန်ကုန်အသင်းပါဝင်သော အုပ်စု (G)တွင် ရန်ကုန်အသင်းက သုံးပွဲစလုံး အနိုင်ရကာ အုပ်စုကို ဦးဆောင်နေပြီး အင်ဒိုနီးရှားကလပ် ဘာလီယူနိုက်တက်အသင်းက လေးမှတ်၊ ဗီယက်နမ်ကလပ် ထန်ဟွာအသင်းက သုံးမှတ်၊ ဖိလစ်ပိုင်ကလပ်ဂလိုဘယ်အသင်းက တစ်မှတ်ရထားသည်။

ရန်ကုန်အသင်းသည် ယခုပွဲ အနိုင်ရပါက အာဆီယံဇုန် ဆီမီးဖိုင်နယ် တက်ရောက်နိုင်ရန် အခွင့်အရေးများသွား မည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## အာဆင်နယ်တို့ အိမ်ကွင်း၌ ဝက်ဖို့ဒ်ကို ဂိုးပြတ်နိုင်

ပရီမီယာလိဂ်ပွဲစဉ်(၃၀) မတ် ၁၁ ရက် ပွဲစဉ်တစ်ပွဲဖြစ်သည့် အာဆင်နယ်နှင့် ဝက်ဖို့ဒ်တို့ပွဲတွင် အာဆင်နယ်တို့က သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ပရီမီယာလိဂ်၌ ရှုံးပွဲဆက်နေသည့် အာဆင်နယ်တို့ ယခုပွဲ အနိုင်ရရှိရေးအတွက် လူစုံထုတ်ကစားခဲ့ပြီး ပွဲအစ ရှစ်မိနစ်တွင် မူစတာဖီက အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။ ဝက်ဖို့ဒ်တို့ကလည်း ချေပဂိုးသွင်းနိုင်ရေး ကြိုးစားခဲ့သော်လည်း ပထမပိုင်းတွင် အာဆင်နယ်တို့ တစ်ဂိုးမရှိဖြင့် ပွဲကိုဦးဆောင်ခဲ့သည်။

ဒုတိယပိုင်း ၅၉ မိနစ်တွင် အာဆင်နယ်တိုက်စစ်မှူး အူဘာမီယန်က ဒုတိယဂိုးသွင်းယူပေးပြီး ၆၂ မိနစ်တွင် ဝက်ဖို့ဒ်တို့ ပယ်နယ်တီကန်ခွင့်ရရှိသော်လည်း ဂိုးအဖြစ် မရရှိခဲ့ပေ။ ၇၇ မိနစ်တွင် မက်ခီတာယန်က အာဆင်နယ်အတွက် တတိယဂိုးသွင်းယူပေးပြီး ပွဲပြီးဆုံးချိန်အထိ နှစ်သင်းစလုံး ဂိုးထပ်မံမသွင်းနိုင်သဖြင့် အာဆင်နယ်တို့ အိမ်ကွင်း၌ ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ ယခုပွဲစဉ်အပြီး အာဆင်နယ်တို့ ရမှတ် ၄၈ မှတ်ဖြင့် အဆင့် ၆ ၌ ရပ်တည်နေသည်။

**သီဟ**


**အမည်ပြောင်း**

အလုံမြို့နယ် Thalun International School, Grade IV တွင်ပညာသင်ကြားနေသော ဖေဖေဦးသိန်းဇော်လင်း (၁၂/ဥကမ(နိုင်)၀၁၈၄၂၈) နှင့် မေမေဒေါ်သီတာဝင်း (၁၂/ဥကမ(နိုင်)၁၇၃၂၁၀) ၏ တစ်ဦးတည်းသောသားဖြစ်သူ မောင်စံပိုင်ဦးအား ယနေ့မှစ၍ မောင်စံဦးဟု ပြောင်းလဲခေါ် ဆိုပါရန်။

မောင်စံဦး

**အလိုရှိသည်**

အိမ်အကူ မ (၂)ဦး အသက်(၂၀ မှ ၃၀ကြား)

အိမ်မှုကိစ္စ ကျွမ်းကျင်ရမည်။ နေ/စား- စရိတ်ငြိမ်း လစာညှိနှိုင်း

စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်၊ မှတ်ပုံတင်မိတ္တူ

**တိုက်ရိုက်ဆက်သွယ်ရန်- ဖုန်း-၀၉-၂၀၅၈၈၅၈**

**ချမ်းမြသာစည်မြို့နယ်၊ အောင်သပြေမြို့သစ်၊ မနော်ဟရီလမ်း၊ ၄၅×၄၆ ကြား၊ မန္တလေးမြို့**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 4G/9772 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 7E/4819 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

**အများသိစေရန် ကြေညာခြင်း**

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ အကွက်အမှတ်(၃/မြိုင်သာယာ)၊ ဦးပိုင်အမှတ်(၁၁)၊ မြေချိန်ဧရိယာ ၀ဒသမ ၁၉၃ ဧကရှိ မြေသည် မော်လမြိုင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၏(၁-က)တွင် မွန်ပြည်နယ်ငြိမ် ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ (၃၁-၁၂-၁၉၉၂)ရက်စွဲပါ စာအမှတ်၊ ၄၀၀/၂-၃၁/ပဝတ(မွန်)အရ လ/န (၃၉)သတ်မှတ်ထားသောမြေဖြစ်ပြီး မြိုင်သာယာ ဝန်ထမ်းအိမ်ရာ ဖော်ထုတ်ချထားရေး ဗဟိုကြီးကြပ်မှုကော်မတီမှ (၈၀×၁၀၀)ပေ အမျိုးအစား၊ မြေကွက်အမှတ်(၁၇၂)အား ဒေါက်တာမင်းတင်မွန်အမည်ဖြင့် မြေကွက်ချထားပေးခဲ့သဖြင့် မော်လမြိုင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အမှုတွဲအမှတ် (V)၁၄၉၇/၁၉၉၇-၁၉၉၈ အရ ဒေါက်တာမင်းတင်မွန်အမည်ဖြင့် နှစ်(၃၀) အငှားဂရန်ထုတ်ပေးခဲ့ပါသည်။ ဂရန်သက်တမ်းမှာ (၂၇-၂-၂၀၂၈)ရက်တွင် ကုန်ဆုံးမည်ဖြစ်ပါသည်။ အဆိုပါ နှစ်(၃၀) အငှားဂရန်မူရင်းမှာ ပျောက်ဆုံးနေပါသဖြင့် ဂရန်မိတ္တူထုတ်ပေးပါရန် ဒေါက်တာမင်းတင်မွန်မှလျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မော်လမြိုင်ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန**

**ဓရူသင်း (သမင်ဖြူ)**

LEUCODERMA

ဓရူသင်း (သမင်ဖြူ)၊ ဖြူနီနက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နင်းခူ နှင့် အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။

**ဒီကရီကို အတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း**

**ထုချေစေရန်အကြောင်းကြားစာ**

**(တရားမကျင့်ထုံးကိုဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)**

**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ် ၁၉၂နှင့်ဆက်သွယ်သည့်**

**၂၀၁၈ခုနှစ် တရားမဇာရီမှုအမှတ် ၂**

ဒေါ်ခင်မြခိုင် နှင့် ဦးသက်စိုးထွေး

**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၂၀)ရပ်ကွက်၊ ဗိုလ်တေဇလမ်း၊ အမှတ် ၁၆၁၈/က နေတရားရှုံး ဦးသက်စိုးထွေး (ယခုနေရပ်လိပ်စာမသိ)တို့ သိစေ ရမည်။

၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ် ၁၉၂တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ခင်မြခိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်း တစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၈ခုနှစ် မတ် ၂၂ရက် (၁၃၇၉ခုနှစ် တန်ခူးလဆန်း ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၈ခုနှစ် မတ် ၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အုန်းခိုင်)**

**ဒုတိယခရိုင်တရားသူကြီး(၂)**

**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

**မြေကွက်များဈေးကောင်းပေးဝယ်လိုသည်**

ဒဂုံမြို့သစ်၊ (အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း) တို့တွင် မြေကွက်များဝယ်လိုသည်။

**အိမ်အရောက် ငွေချေမည်၊ ပွဲခပေးရန်မလို**

ဖုန်း 01-2339310,01-2339355,01-578044

**အများသိစေရန်ကြေညာခြင်း**

ကချင်ပြည်နယ်၊ ဗန်းမော်မြို့နေ ဦးရီနွတ်(ခ)ဦးမြင့်အောင်လေး ၁/ဗမန(နိုင်)၀၃၂၂၅၇၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ဦးရီနွတ်(ခ)ဦးမြင့်အောင်လေးသည် ဗန်းမော်မြို့၊ သာစည် အကွက်အမှတ် ၃၁(သာစည်အနောက်)၊ ဦးပိုင်အမှတ် ၁၄၊ ဧရိယာ (၀ဒသမ၀၉၈) ဧကရှိ မြေနှင့် မြေပေါ်ရှိ နှစ်ထပ်အဆောက်အအုံအား မြို့မြေအမှုတွဲအမှတ် ၁၄၃၆/၄၁း လဲ(၂၀၀၂-၂၀၁၃)အရ ၁၅-၈-၂၀၀၃ မှ ၁၄-၈-၂၀၀၃ရက်အထိ (၁၀)နှစ်မြေငှားဂရန်ရရှိ၍လည်းကောင်း၊ ထို့နောက် မြို့မြေအမှုတွဲအမှတ် ၆၁၆/၄၁းမ(၂၀၁၄-၂၀၁၅)အရ ဦးရီနွတ်(ခ)ဦးမြင့်အောင်လေးနှင့်ဒေါ်ဖာတီမန် ၁/ဗမန(နိုင်)၀၃၂၂၆၀တို့က ၆-၃-၂၀၁၆မှ ၅-၃-၂၀၂၆ရက်အထိ (၁၀)နှစ်မြေငှားဂရန်ရရှိခြင်းဖြင့်လည်းကောင်း ပိုင်ဆိုင်၍ မိမိတို့၏သဘောဆန္ဒအတိုင်း စီမံခန့်ခွဲမှုပြုနေသော ဥပစာဖြစ်ပါသည်။

မည်သူမဆို အထက်ပါဥပစာ ပိုင်ရှင်ဖြစ်သူများ၏ အခွင့်အရေးကို ထိပါးခြင်း၊ နှောင့်ယှက်ခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်စေသည့် အပြုအမူ အပြောအဆိုများ မပြုကြရန် တားမြစ်ပါကြောင်းနှင့် ကျူးလွန်မှုပြုက ဥပဒေအရအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးရီနွတ်(ခ)ဦးမြင့်အောင်လေး၏ညွှန်ကြားချက်အရ-**

**ဦးမျိုးတင့်(ဥပဒေဘွဲ့)**

**တရားလွှတ်တော်ရှေ့နေ စဉ်-၄၅၈၉(၁၆-၅-၁၉၈၈)**

**ဗန်းမော်မြို့**

**ဖုန်း-၀၉-၇၈၇၃၇၃၈၆၀၊ ၀၉-၄၄၀၀၄၅၅၂၂**

# အနောက်ဘက်ကမ်းခြေ၌ ရွှေ့ပြောင်းသွားလာသူ ၁၂၅ ဦးကို လစ်ဗျားရေတပ်ကယ်ဆယ်

**ထရီပိုလီ မတ် ၁၁**

လစ်ဗျားမြို့တော် ထရီပိုလီ၏အနောက်ဘက် ၄၅ ကီလိုမီတာအကွာခန့်ရှိ ဇာဝီရာ အနောက်ပိုင်းမြို့ကမ်းခြေ၌ တရားမဝင်ရွှေ့ပြောင်းသွားလာသူ ၁၂၅ ဦးကို လစ်ဗျားရေတပ်မတော်က စနေနေ့တွင်ကယ်ဆယ်ခဲ့ကြောင်း သိရသည်။

ကမ်းခြေစောင့်တပ် ကင်းလှည့်အဖွဲ့သည် အမျိုးသမီး ၁၄ ဦးနှင့် ကလေးငယ်လေးဦးပါဝင်သည့် တရားမဝင်ရွှေ့ပြောင်းသွားလာသူ ၁၂၅ ဦးကို ကယ်ဆယ်ခဲ့ကြောင်း ရေတပ်ပြောရေးဆိုခွင့်ရှိသူ အာယွတ်ဘ်ကွာဆမ်က ဆင်ဟွာသတင်းသို့ ပြောကြားခဲ့သည်။

ရွှေ့ပြောင်းသွားလာသူများလိုက်ပါလာသည့်လှေ၏ အင်ဂျင်စက်ချွတ်ယွင်းသွားခဲ့ပြီးနောက်တွင် ဇာဝီရာမြို့ကမ်းခြေမှ ၁၆ မိုင်အကွာ၌ ကယ်ဆယ်ရေးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ကွာဆမ်က ထပ်မံပြောပြခဲ့သည်။ ကယ်ဆယ်ခြင်းခံခဲ့ရသည့် ရွှေ့ပြောင်း သွားလာသူများကို ထရီပိုလီရေတပ်အခြေစိုက်စခန်းဆီသို့ ခေါ်ဆောင်သွားခဲ့သည်။ ၎င်းတို့ကို ဆေးဝါးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ခဲ့ပြီးနောက်ပိုင်းတွင် ထရီပိုလီအရှေ့ပိုင်းရှိ တာဂျူရာတရားမဝင်ရွှေ့ပြောင်းသွားလာမှု တိုက်ဖျက်ရေးဌာနသို့ လွှဲပြောင်းသွားမည်ဖြစ်သည်ဟု ဆိုသည်။

ပြီးခဲ့သည့် ၂၀၁၁ ခုနှစ် ပုန်ကန်ထကြွမှုများအပြီးတွင် လုံခြုံမှုမရှိသည့် အခြေအနေများကြောင့် မြေထဲပင်လယ်ကိုဖြတ်ကျော်ကာ ဥရောပကမ်းခြေများဆီသို့ ဖြတ်ကျော်သွားရောက်လိုသည့် တရားမဝင်ရွှေ့ပြောင်းသွားလာသူများအတွက် လစ်ဗျားသည် အသုံးများသည့်ထွက်ခွာရာ နေရာတစ်ခုဖြစ်သည်။ ရာသီဥတုအခြေအနေတိုးတက်ကောင်းမွန်လာမှုက လစ်ဗျားမှ ရွှေ့ပြောင်းသွားလာသည့်လှေများ ဥရောပဆီသို့ သွားလာမှုကို ပိုမိုတိုးပွားလာစေခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**




# ကုန်သွယ်ရေးဆိုင်ရာမညီမျှမှုများ လျှော့ချစေရေး အကူအညီပေးရန် အာဘေးကို ထရန့်တောင်းဆို

**တိုကျို မတ် ၁၁**

အမေရိကန်သမ္မတဒေါ်နယ်ထရန့်သည် အမေရိကန်နှင့် ဂျပန်နှစ်နိုင်ငံအကြား ကုန်သွယ်ရေးဆိုင်ရာ မညီမျှမှုများကို လျှော့ချသွားရေးအကူအညီပေးရန် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးကို တိုက်တွန်းခဲ့ကြောင်း သိရသည်။


ထရန့်သည် ဝန်ကြီးချုပ်ရှင်ဇိုအာဘေးကို စကားပြောဆိုခဲ့ကာ အမေရိကန်နှင့် ဂျပန်ကုန်သွယ်ရေးအရ ပိုမိုကောင်းမွန်စွာဆက်ဆံသွားရန် လမ်းဖွင့်သည့် ဆွေးနွေးမှုပြုလုပ်ခဲ့ကြောင်း စနေနေ့တွင် တွစ်တာပေါ်၌ ရေးသားခဲ့သည်။အမေရိကန်သည် လတ်တလောတွင် ဂျပန်နှင့် ကုန်သွယ်ရေးဆိုင်ရာလိုငွေပြမှု ဒေါ်လာဘီလီယံ ၁၀၀ ခန့်ရှိကြောင်းပြောကြားခဲ့သည်။ လိုငွေပြမှုကို မျှတမှုမရှိသော ဆက်လက်ထိန်းထားနိုင်ခြင်းမရှိသော အရာတစ်ခုအဖြစ် ထရန့်က ခေါ်ဆိုခဲ့သည်။

ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် မြောက်ကိုရီးယားနှင့် ဆွေးနွေးပွဲများ ကျင်းပရန် လွန်စွာစိတ်အားထက်သန်နေသည်ဟုလည်း ထရန့်က ပြောသည်။ တွစ်တာပေါ်၌ ရေးသားထားသည်များသည် မကြာသေးမီက ထရန့်နှင့် အာဘေးတို့စကားပြောဆိုခဲ့သည့် အကြောင်းအရာများဖြစ်သည်ဟု ယူဆရသည်။

ထရန့်သည်တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တယ်လီဖုန်းဖြင့်ဆက်သွယ်ဆွေးနွေးခဲ့မှုကိုလည်း စနေနေ့တွင်တွစ်တာပေါ်၌ နောက်ထပ်ရေးသားမှုပြုလုပ်ခဲ့သည်။

သမ္မတရှီက အမေရိကန်သည် အခြားသောအန္တရာယ်ရှိသည့် ရွေးချယ်မှုထက် သံတမန်နည်းဖြင့် ပြဿနာကို ဖြေရှင်းရန်လုပ်ဆောင်ခဲ့မှုကို အသိအမှတ်ပြုချီးကျူးကြောင်း သမ္မတရှီကပြောကြားခဲ့သည်ဟု ထရန့်က ဆိုသည်။ ထို့အပြင် ယင်းကိစ္စနှင့်ပတ်သက်၍ တရုတ်နိုင်ငံက ဆက်လက်အကူအညီပေးသွားမည်ဟုလည်း သိရသည်။

**အင်န်အိတ်ချ်ကေ**




# နိုင်ဂျီးရီးယား၌ ဖြစ်ပွားသည့်တိုက်ခိုက်မှုကြောင့် ၁၀ ဦးသေဆုံး လူအများအပြားခြေလက်များ ဖြတ်တောက်ခံရ

**အဘူဂျာ မတ် ၁၁**

နိုင်ဂျီးရီးယားနိုင်ငံအလယ်ပိုင်း Plateau ပြည်နယ်၌ သေနတ်သမားများ တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် ၁၀ ဦးသေဆုံးကာ လူအများအပြားခြေလက်များကို ဖြတ်တောက်ခံလိုက်ရကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောပြခဲ့သည်။

အမည်မသိသေနတ်သမားများသည် ပြည်နယ်အတွင်းရှိ ဒါဖိုခရိုင် ကျေးလက်နယ်မြေတစ်ခုကို ကျူးကျော်ဝင်ရောက်လာကြပြီးနောက် နာရီအနည်းငယ်အကြာတွင် တိုက်ခိုက်မှုများ ဖြစ်ပွားရာသေဆုံးခဲ့ကြရသူများကို မြှုပ်နှံသင်္ဂြိုဟ်ခဲ့ရကြောင်း ဒေသအာဏာပိုင် ဒန်ဂျူမာအာဘတ်စ်က ဆင်ဟွာသို့ ပြောကြားခဲ့သည်။

သေနတ်သမားများက သတ်ဖြတ်ခဲ့သူများတွင် အမျိုးသမီးငါးဦး၊ အမျိုးသားလေးဦးနှင့် မွေးကင်းစကလေးငယ်တစ်ဦးပါဝင်ခဲ့ကြောင်း သိရသည်။

တိုက်ခိုက်မှုဖြစ်ပွားစဉ်အတွင်း နေအိမ်များစွာ ဖျက်ဆီးခံခဲ့ရကြောင်း အခြားအာဏာပိုင်တစ်ဦးက ပြောပြခဲ့သည်။ ကျေးလက်တွင် တိုက်ခိုက်မှုများ လုပ်ဆောင်ပြီးနောက် သေနတ်သမားများ ထွက်ပြေးသွားခဲ့ကြောင်း အာဏာပိုင်များ၏ ပြောပြချက်အရ သိရသည်။

နိုင်ဂျီးရီးယားခေါင်းဆောင် မူဟာမာဒူ ဘူဟာရီသည် တစ်ရက်တာအလည်အပတ်ခရီးစဉ်ထွက်ခွာရန် မြို့တော်ဂျိုစ်မှ ထွက်ခွာခဲ့ပြီးနောက် တစ်ရက်အကြာတွင် တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။သေနတ်သမားများအား ဖမ်းဆီးရမိရေး စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း ဒေသရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ဓာတုလက်နက်များ ပိုင်ဆိုင်သည်ဟူသော စွပ်စွဲချက်များကို ဆီးရီးယားအစိုးရ ငြင်းဆန်

**ဒမတ်စကတ် မတ် ၁၁**

ဆီးရီးယားဒုတိယ နိုင်ငံခြားရေးဝန်ကြီး ဖီဆယ်လ် မက်ကဒက်သည် ၎င်း၏အစိုးရအဖွဲ့က ဓာတုလက်နက် သို့မဟုတ် ကလိုရင်းဓာတ်ငွေ့များ ပိုင်ဆိုင်သည်ဆိုခြင်းမှာ မဟုတ်ကြောင်း ငြင်းဆန်လိုက်သည်ဟု သိရသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန၌ စနေနေ့က ပြုလုပ်ခဲ့သည့်သတင်းစာရှင်းလင်းပွဲတွင် မက်ကဒက်သည် ဒမတ်စကတ်မြို့အစွန်အဖျားရှိ အရှေ့ဂူတာ၌ သူပုန်များနှင့်ဖြစ်ပွားသည့်တိုက်ပွဲများအတွင်း ကလိုရင်းဓာတ်ငွေ့ကို အသုံးပြုခဲ့သည်ဟု ဆီးရီးယားအစိုးရအပေါ် စွပ်စွဲထားချက်များနှင့် ပတ်သက်၍ အစိုးရအဖွဲ့၏ သဘောထားရပ်တည်ချက်ကို ဖော်ပြခဲ့သည်။

ကလိုရင်းဓာတ်ငွေ့အပါအဝင် ဓာတုလက်နက်ပိုင်ဆိုင်သည်ဟူသော စွပ်စွဲချက်မှန်သမျှကို အစိုးရအဖွဲ့ကလုံးဝလက်မခံကြောင်းနှင့် ယင်းလက်နက်များသုံးစွဲမှုကိုလည်း လုံးဝရှုတ်ချကြောင်း မက်ကဒက်က ပြောကြားခဲ့သည်။

ဆီးရီးယားကိုပစ်မှတ်ထားရန်အတွက် နိုင်ငံတစ်နိုင်ငံက ၎င်းတို့၏လက်နက်များကို အသုံးပြုကာ ဆီးရီးယားကိုခြိမ်းခြောက်ရန် အခြားသောအကြောင်းပြချက်မရှိတော့ဟု ထင်မြင်မိကြောင်းကိုလည်း ၎င်းက ပြောကြားခဲ့သည်။

မက်ကဒက်သည် ဓာတုလက်နက်အသုံးပြုမှုနှင့်ပတ်သက်၍ ဆီးရီးယားနိုင်ငံကို စစ်ရေးအရဆောင်ရွက်ရန် အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်ကဲ့သို့သော ပြည်ပအင်အားကြီးနိုင်ငံများ၏အကူအညီဖြင့်လှုပ်ရှားလာနိုင်မှုကို မက်ကဒက်ကသတိပေးခဲ့သည်။

သူပုန်များသည် ဆီးရီးယားအစိုးရကို မဟုတ်မမှန်စွပ်စွဲမှုများကျရောက်လာစေရန် ဓာတုလက်နက်ဖြင့်တိုက်ခိုက်မှုများ လုပ်ဆောင်နေကြောင်း၊ စစ်ရေးထောက်လှမ်းမှုအဖွဲ့မှ သတင်းအချက်အလက်များက သူပုန်များသည် မကြာမီတွင်အရှေ့ဂူတာကို ဓာတုလက်နက်တိုက်ခိုက်မှုအသစ်များ ပြုလုပ်ရန် ကြံစည်နေကြောင်း ဖော်ပြနေသည်ဟု ပြောကြားခဲ့သည်။

**ဆင်ဟွာ**



မြို့တော်ဒမတ်စကတ်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဖီဆယ်မက်ကဒက် ရှင်းလင်းပြောကြားစဉ်။

နိုင်ငံတကာ သတင်းတိုထွာ

## အိန္ဒိယနိုင်ငံသို့ ပြင်သစ်သမ္မတ အလည်အပတ်ရောက်ရှိ

**နယူးဒေလီ မတ် ၁၁**

ပြင်သစ်သမ္မတ အန်မန်နျူရယ်မက်ခရွန်သည် လေးရက်ကြာ နိုင်ငံတော်ခရီးစဉ်အဖြစ် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ ယမန်နေ့က ရောက်ရှိလာခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အိန္ဒိယဝန်ကြီးချုပ် နာရိန်ဒရာမိုဒီနှင့် ပြင်သစ်သမ္မတ မက်ခရွန်တို့သည် မတ် ၁၀ ရက်တွင် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်မည်ဖြစ်သည်။ နှစ်နိုင်ငံခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးမှုအတွင်း သဘောတူစာချုပ်အတော်များများ လက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြင်သစ်သမ္မတ မက်ခရွန်၏ အိန္ဒိယခရီးစဉ်သည် နှစ်နိုင်ငံကြား စီးပွားရေး၊ နိုင်ငံရေးနှင့် နှစ်ဦးနှစ်ဖက်အကျိုးများဖြစ်ပေါ်စေလိမ့်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာတာဝန်ရှိသူများက ပြောခဲ့သည်။

မိုဒီနှင့် ပြင်သစ်သမ္မတ မက်ခရွန်တို့သည် မတ် ၁၁ ရက်တွင် အပြည်ပြည်ဆိုင်ရာ နေစွမ်းအင်ပူးပေါင်းဆောင်ရွက်ခြင်းညီလာခံတွင် ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။ အိန္ဒိယနှင့် ပြင်သစ်နိုင်ငံကြား နှစ်နိုင်ငံကုန်သွယ်မှုသည် ၂၀၁၆ ခုနှစ် ဧပြီမှ ၂၀၁၇ ခုနှစ် မတ်လအထိ အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံ နီးပါးရှိလာခဲ့သည်။

ဆင်ဟွာ

## စိုက်ခင်းများ မပျက်စီးရေး ကျိုင်းကောင်များကိုနှိမ်နင်းမည်

**ဗီယန်ကျင်း မတ် ၁၁**

လာအိုနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဌာနသည် နိုင်ငံမြောက်ပိုင်းပြည်နယ်များရှိ ကျေးရွာပေါင်း ၅၅၃ ရွာ၌ နေရာပေါင်း ၉၀၆ နေရာတွင် တွေ့ရှိခဲ့သော ကျိုင်းကောင်တို့၏ ဥများကို ဖျက်ဆီးခဲ့ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများက ပြောခဲ့သည်။

အဆိုပါ ကျိုင်းကောင်များမှ ဥများ ပေါက်လာလျှင် ဖြစ်ပေါ်လာနိုင်သည့် သီးနှံစိုက်ခင်းများအတွင်း ကူးစက်ပိုးမွှားကပ်ဆိုးကျရောက်ခြင်းမှ ကာကွယ်ရန်အတွက် သက်ဆိုင်ရာတာဝန် ရှိသူများ အနေဖြင့် မြို့တော်ဗီယန်ကျင်း၌ အစည်းအဝေးတစ်ရပ်ကျင်းပခဲ့ကြောင်း ပြည်တွင်းမီဒီယာများတွင် မတ် ၁၀ ရက်က ဖော်ပြခဲ့သည်။

နောက်ထပ် ကျိုင်းကောင်များ ထပ်မဖြစ်အောင် အဆိုပါဥများကို မကြာမီအချိန်အတွင်း အပြီးအပြတ်ရှင်းလင်းတော့မည်ဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးဌာန ညွှန်ကြားရေးမှူးချုပ် ဗီလေစောက်၏ ပြောကြားချက်ကို ကိုးကားပြီး ဗီယန်ကျင်းနေ့စဉ်သတင်းစာတွင်ဖော်ပြခဲ့သည်။

အကယ်၍ ကျိုင်းကောင်များစိုက်ခင်းများတွင် ကူးစက်ပျံ့နှံ့သွားပါက အထွက်နှုန်းလျော့နည်းနိုင်သလို ပိုမိုဆိုးရွားလာပါက စိုက်ပျိုးသီးနှံများအားလုံး ပျက်စီးသွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

ဆင်ဟွာ

# ဗြိတိန်ရဲ့ကောင်းသတင်းကို ဖျက်ဆီးပစ်မယ့် စာချုပ်

● ကလျာမိုးမြင့် ●



ဗြိတိန်နဲ့ ဆော်ဒီအာရေဗျနှစ်နိုင်ငံတို့ဟာ အကူအညီပေးရေး သဘောတူစာချုပ်ကို ပြီးခဲ့တဲ့ သောကြာနေ့မှာ ကြေညာခဲ့ပါတယ်။

အငြင်းပွားဖွယ် အကူအညီပေးအပ်ရေး သဘောတူညီမှုဟာ အမျိုးသားရေးဆိုင်ရာ မျက်နှာပျက်စရာတစ်ခုအဖြစ် တံဆိပ်ခတ်နှိပ်ခြင်း ခံလိုက်ရပါတယ်။

ပင်လယ်ကွေ့နိုင်ငံတွေနဲ့ ဗြိတိန်ရဲ့ ဆက်ဆံရေးနဲ့ပတ်သက်ပြီး နောက်ထပ်သတိပေးတပ်လှန့်မှုတွေ ပေါ်ပေါက်လာနေချိန်အတွင်းမှာပဲ ယခုသီတင်းပတ်မှာ လန်ဒန်ကို အိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်လ်မန် အလည်အပတ်ခရီးစဉ်လာရောက်မှုနဲ့တိုက်ဆိုင်စွာ အစိုးရအဖွဲ့ဝန်ကြီးတွေဟာ ယူရိုငွေသန်းတစ်ရာတန်ဖိုးရှိတဲ့ အကူအညီပေးရေး သဘောတူစာချုပ်ကို ဆော်ဒီအာရေဗျနဲ့ လက်မှတ်ရေးထိုးလိုက်ပါတယ်။

အစိုးရက ဒီစာချုပ်ကို ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံအချို့မှာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကိုမြှင့်တင်ဖို့ ကာလကြာရှည်တဲ့ရင်းနှီးပေါင်းဖော် ဆက်ဆံမှုအသစ်တစ်ရပ်အဖြစ် ဖော်ပြခဲ့ပါတယ်။

သို့သော်လည်းပဲ ဒီသဘောတူစာချုပ်ဟာ အတိုက်အခံ ပါလီမန်အဖွဲ့ဝင်တွေရဲ့ဒေါသအမျက်ချောင်းချောင်းထွက်နေတဲ့ ဆီးကြိုမှုကို ခံလိုက်ရပြီး အကူအညီပေးအပ်သွားမယ့် ကဏ္ဍတွေနဲ့ပတ်သက်ပြီး ပေါ်ထွက်လာတဲ့ စိုးရိမ်ပူပန်ကြောင့်ကြမှုတွေက ယီမင်ပဋိပက္ခအတွင်းမှာ ဆော်ဒီအာရေဗျရဲ့ ပါဝင်ပတ်သက်လာနိုင်မှုကို အထူးတလည် ဖော်ပြလာကြပါတယ်။

နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာပြောရေးဆိုခွင့်ရှိသူ ကိက်အိုစမာက ဒီသဘောတူစာချုပ်ဟာ လူသားချင်း စာနာထောက်ထားမှုအကူအညီတွေပေးအပ်ရာမှာ ကမ္ဘာလုံးဆိုင်ရာ ခေါင်းဆောင်သူအဖြစ်ရှိနေတဲ့ ဗြိတိန်ရဲ့ကောင်းသတင်းကျော်စောမှုကို လှောင်ပြောင်စရာဖြစ်အောင် လုပ်လိုက်တာပဲလို့ ပြောခဲ့ပါတယ်။

ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေက ၎င်းဟာ အရပ်သားတွေကို ဗုံးကြဲတိုက်ခိုက်နေတာတွေ ရပ်တန့်အောင် မိုဟာမက်ဘင်ဆယ်လ်မန်ကို နားချစည်းရုံးမယ်။ ပြီးတော့ ဆာလောင်မွတ်သိပ်မှုတွေကို စစ်ပွဲရဲ့လက်နက်သဖွယ် အသုံးချနေတာကို နိဂုံးချုပ်စေမယ်လို့ ပြောဆိုခဲ့ဖူးပါတယ်။

ယီမင်နိုင်ငံသား ၂၂ သန်းကျော်တို့ရဲ့ ဘဝတွေဟာ အကူအညီအထောက်အပံ့၊ အစာရေစာနဲ့ လောင်စာဆီတွေကို ရေရှည်အပြည့်အဝရရှိမှုအပေါ်မှာ တည်မှီနေတာပါ။

အဲဒီအစား ဝန်ကြီးချုပ် ထရီဆာမေဟာ ဘာအလျှော့ပေးမှု၊ လိုက်လျောမှုမှ ရခဲ့တာမဟုတ်တဲ့အပြင် ဆော်ဒီအာရေဗျကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အသစ်အဖြစ် စင်တင်ပေးလိုက်ရုံတင်မကဘဲ ကမ္ဘာ့အကောင်းဆုံးအကူအညီပေးရေး အေဂျင်စီတစ်ခုဖြစ်တဲ့ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှုဌာန (DID)ဆီက ထောက်ခံချက်တစ်ခုကိုတောင် လက်ဆင့်ကမ်းပေးအပ်လိုက်ပါတယ်။

ဒါဟာ စစ်ပွဲအတွင်းမှာ ဆော်ဒီအာရေဗျရဲ့ ပါဝင်ပတ်သက်မှုနဲ့ နာမည်ဂုဏ်သတင်းကို သိက္ခာဆည်ပေးလိုက်သလို ဖြစ်သွားမှာပါပဲ။

ဆော်ဒီအာရေဗျရဲ့သဘောတူညီမှုတစ်ရပ်ကို လက်မှတ်ရေးထိုးရာမှာ ဗြိတိန်ဟာ ကမ္ဘာ့အကြီးမားဆုံး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းတစ်ခုကို ဖြစ်စေခဲ့တဲ့ တာဝန်အရှိဆုံး မူလတရားခံဖြစ်တဲ့ နိုင်ငံနဲ့မှ သွားပြီး တန်းညှိလိုက်တယ်လို့ အိုစမာက စိတ်ပျက်လက်ပျက် ပြောဆိုခဲ့ပါတယ်။

ယီမင်မှာရှိတဲ့ ပြည်သူ ၈ ဒသမ ၄ သန်းဟာ အစာငတ်မွတ်ခေါင်းပါးမှုရဲ့ ကြောက်မက်ဖွယ် အန္တရာယ်အတွင်းမှာ ကျရောက်နေပါတယ်။

နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နယ်ပယ်မှာစုပေါင်းပါဝင်မယ့် မိတ်ဖက်ဆက်ဆံမှုဟာ ဗြိတိန်နဲ့ ဆော်ဒီနှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် ငွေကြေးထည့်ဝင်တဲ့ပထမဆုံးသော ဆက်ဆံမှုအမျိုးအစားပုံစံတစ်ခုပါ။

DID က ရည်ရွယ်ချက်ဟာ မိုးခေါင်ရေရှားပြီး ပဋိပက္ခဒဏ်ကို အလူးအလဲခံစားနေရတဲ့ နိုင်ငံတွေမှာ အသက်သွေးကြောသဖွယ် အရေးပါတဲ့ အခြေခံအဆောက်အအုံတွေကို ဖန်တီးသွားဖို့ဖြစ်တယ်လို့ ပြောခဲ့ပါတယ်။

ဆော်ဒီရဲ့ ငွေကြေးထည့်ဝင်မှုဟာ ကမ္ဘာတစ်ဝန်းမှာ အောင်မြင်ဖြစ်ထွန်းတဲ့ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွေမှာ ကာလရှည်ကြာရင်းနှီးမြှုပ်နှံလာခဲ့တဲ့ သမိုင်းမှတ်တမ်း အထောက်အထားတွေရှိခဲ့တယ်ဆိုတဲ့ ပြောဆိုမှုတွေကိုလည်း ကြားရပါတယ်။

ကျွန်ုပ်တို့ဟာ ဗြိတိန်ရဲ့ အကောင်းဆုံးကျွမ်းကျင်မှုနယ်ပယ်တွေကို မျှဝေနေကြတာဖြစ်ပြီး စုပေါင်းအင်အား စိုက်ထုတ်မှုက အဆင်းရဲဆုံးပြည်သူတွေကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်နိုင်အောင် ကူညီထောက်ပံ့ပေးနိုင်ဖို့အတွက် အလုပ်အကိုင်တွေနဲ့ သက်မွေးလုပ်ငန်းတွေကို ကူညီဖန်တီးပေးလိမ့်မယ်။

ဒီတော့ အပြန်အလှန်အနေနဲ့ တစ်ကမ္ဘာလုံးဆိုင်ရာ အကျိုးစီးပွားကို မြှင့်တင်ပေးနိုင်ပြီး ဒီအချက်ဟာ အားလုံးက အာရုံစိုက်နေကြတဲ့ လိုလားချက်ပဲဖြစ်တယ်လို့ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့ အတွင်းရေးမှူး ပန်နီမော်ဒန့်က ပြောခဲ့ပါတယ်။

ယီမင်ဆီကို ပေးအပ်နေတဲ့ အကူအညီအထောက်အပံ့တွေ ပိတ်ဆို့လိုက်တဲ့အတွက် ဆော်ဒီအာရေဗျကို ဘယ်လိုမှ ခွင့်လွှတ်စရာမရှိပါဘူး။

ငတ်မွတ်ခေါင်းပါးမှုကို လက်နက်တစ်ခုသဖွယ် အသုံးချနေတာဟာ လူသားချင်း စာနာထောက်ထားမှု ဥပဒေကို ချိုးဖောက်နေတာဖြစ်တယ်။ ဒါပေမယ့် သဘောတူစာချုပ်ကို ကြေညာလိုက်တဲ့ DID ရဲ့ဖော်ပြချက်မှာ ဗြိတိန်ဟာ ယီမင်နိုင်ငံအတွင်းသို့ စည်းမျဉ်းကန့်သတ်ချက်တွေကို လျော့ပါးစေခြင်းအားဖြင့် တွန်းအားပေးခြင်းကိုခံနေရတယ်လို့ ဆိုထားပါတယ်။

ဝေဖန်ရေးသမားတွေက တိုးတက်ဖြစ်ထွန်းမှု ရှိ မရှိဆိုတာနဲ့ ပတ်သက်ပြီး မေးခွန်းထုတ်နေကြသလို ဆော်ဒီအာရေဗျဦးဆောင်တဲ့ မဟာမိတ်အဖွဲ့ဟာ လစဉ်နဲ့အမျှ ကုန်ပစ္စည်းတွေကို ဆိပ်ကမ်းတွေကနေတစ်ဆင့်သာ သယ်ဆောင်ခွင့်ပြုနေပြီး ယီမင်မှာ အထောက်အပံ့တွေရရှိဖို့ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေ၊ ကုန်သည်တွေရဲ့ သင်္ဘောနဲ့ ကုန်စည်ပို့ဆောင်တဲ့ အေးဂျင့်တွေရဲ့ အင်အားစိုက်ထုတ်မှုတွေကို ကန့်သတ်ပိတ်ပင်နေပါတယ်။

ယခု သဘောတူစာချုပ်သစ်ကို ကြေညာလိုက်တဲ့နေရာမှာ အစိုးရဟာ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအထောက်အပံ့တွေကို ရပ်ဆိုင်းခဲ့မှုအတွက် နားလည်ခွင့်လွှတ်မှုဆိုတာမရှိနိုင်ဘူးဆိုတဲ့အချက်ကို အသိအမှတ်ပြုခဲ့ပြီး ယခုတစ်ပတ်မှာတော့ ပိတ်ဆို့မှုတွေရှိမှာ မဟုတ်ဘူးလို့ အခိုင်အမာ ပြောကြားခဲ့ပါတယ်။

လောင်စာဆီ ပို့ဆောင်မှုဟာ ယီမင်မှာ အမှန်တကယ်လိုအပ်နေတဲ့ ပမာဏရဲ့ ၁၉ ရာခိုင်နှုန်းလောက်သာ ရရှိခဲ့ပြီး ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်းမှာဆိုရင် မြို့ကြီးခုနစ်မြို့ဟာ လောင်စာဆီမရရှိတဲ့အတွက် ရေပေးဝေမှုစနစ်ကို ပိတ်ထားခဲ့ရပါတယ်။

လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဘယ်လိုမိတ်ဖက်ဆက်ဆံရေးအသစ်မျိုးကိုမှ လက်မှတ်မထိုးခင်မှာ ဝန်ကြီးချုပ်ထရီဆာမေနဲ့ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှုအဖွဲ့ အတွင်းရေးမှူး ပန်နီမော်ဒန့်တို့ဟာ ယီမင်ပြည်သူသန်းပေါင်းများစွာတို့ရဲ့ ဘဝကို ကယ်တင်နိုင်မယ့် အကူအညီတွေ၊ ဝန်ဆောင်မှုတွေ ပြည့်ပြည့်ဝဝနဲ့ အမြဲမပြတ်ရရှိရေးကို အမိအရ ကြိုးစားတိုက်တွန်းသင့်ပါတယ်။

အခုဆိုရင် မိတ်ဖက်ဆက်ဆံရေးသစ်တစ်ရပ်ဟာ လုပ်ငန်းတာဝန်ကြီးတစ်ခုထက်ပိုတယ်ဆိုတာကို ပြသဖို့ ဝန်ထုပ်ဝန်ပိုးတစ်ခုဟာ အစိုးရရဲ့ ပခုံးပေါ်ကို ရောက်ရှိနေခဲ့ပြီပဲ ဖြစ်ပါတယ်။ ။

**ကိုးကား-ဂါဒီယန်၊ ဂူဂဲလ်**

**"သို့သော်လည်းပဲ ဒီသဘောတူ စာချုပ်ဟာ အတိုက်အခံ ပါလီမန်အဖွဲ့ဝင်တွေရဲ့ဒေါသအမျက်ချောင်းချောင်းထွက်နေတဲ့ ဆီးကြိုမှုကို ခံလိုက်ရပြီး အကူအညီပေးအပ်သွားမယ့် ကဏ္ဍတွေနဲ့ပတ်သက်ပြီး ပေါ်ထွက်လာတဲ့ စိုးရိမ်ပူပန်ကြောင့်ကြမှုတွေက ယီမင်ပဋိပက္ခအတွင်းမှာ ဆော်ဒီအာရေဗျရဲ့ ပါဝင်ပတ်သက်လာနိုင်မှုကို အထူးတလည်ဖော်ပြလာကြ"**

# ပြည်သူ့အတွက် သတင်းတစ်ပုဒ်

ဦးဂါဂါ



လူနာတင်ယာဉ်တွင် တပ်ဆင်မည့် ပြည်ပမှ မှာယူရောက်ရှိလာသည့် ဆေးရုံသုံးပစ္စည်းများအား ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ကြည့်ရှုစစ်ဆေးစဉ်။

ညက ၈ နာရီ တီဗွီသတင်းမှာ ကြည့်လိုက်ရသည်။

နောက်နေ့မနက် သတင်းစာမှာလည်း ဖတ်လိုက်ရသည်။

သတင်းက ပဲခူးတိုင်းဒေသကြီး သာဂရစက်မှုနယ်မြေရှိ စက်ရုံများ၌ အရေးပေါ်လူနာတင်ယာဉ်၊ တန် ၅၀၀ ဆံ့ သီးနှံသိုလှောင် Silo နှင့် ရေအားသုံးတာဘိုင်ငယ်များ တပ်ဆင်ထုတ်လုပ်နေမှုအား စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ကြည့်ရှုစစ်ဆေးသည့် သတင်းပင်ဖြစ်သည်။

**မှတ်ချက်ပြုမိ**

ဤသတင်းကြောင့် 'ဩော် ...တကယ်ပဲကို' ဟု စိတ်ထဲမှ မှတ်ချက်ပြုမိသည်။ ကျွန်တော်၏ ဤ 'တကယ်ပဲကို' က မဖြစ်နိုင်ဘူးထင်၍ အထင်သေးစိတ်ဖြင့် ဖြစ်ပေါ်ရခြင်းမဟုတ်။ ဤ 'တကယ်ပဲကို' အစက နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီးက စသည်။

ပြီးခဲ့သည့်နှစ်ကုန်လောက်က နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီး အရေးပေါ် လူနာဌာနသို့ မိတ်ဆွေလူနာ မေးရန် ကျွန်တော်ရောက်ခဲ့သည်။ မိတ်ဆွေက နေပြည်တော်အနီး အမြန်လမ်းမကြီးတစ်နေရာ၌ ယာဉ်မတော်တဆဖြစ်၍ ဆေးရုံသို့ ရောက်ရှိလာခြင်း ဖြစ်သည်။

'ကံကောင်းတယ်ဗျာ၊ အရေးပေါ်ယာဉ်ကယ်ပေလို့ပဲ' ဟု မိတ်ဆွေက သူ့ဖြစ်စဉ်ကိုပြန်ပြောပြရင်း ကျေးဇူးတင်စကား မှတ်ချက်ပြုခဲ့သည်။ ထိုနေ့က ခွဲစိတ်ဒဏ်ရာများကြားက ပြုံးပြုံးရွှင်ရွှင် မြင်တွေ့ရသော မိတ်ဆွေကို နှစ်သိမ့်အားပေးစကား ပြောပြီး ဆေးရုံကပြန်အထွက် ဆေးရုံဝင်းတစ်နေရာ၌ မိတ်ဆွေဟောင်းတစ်ဦးနှင့် ထပ်ဆုံရပြန်သည်။

သူနှင့်ကျွန်တော်က PSC စာမေးပွဲ အတူတူဖြေခဲ့ဖူးသည်။ ယခုဆေးရုံဝင်းအတွင်းမှာ ဆုံရသဖြင့် သူလည်း ကျွန်တော့်လို လူနာမေးလာခြင်းလားဟု မေးမိသည်။

'မဟုတ်ဘူးဗျ၊ Ambulance ယာဉ် လာပြတာ'

သူ့အဖြေက အနည်းငယ်ဆန်းသလိုဖြစ်နေခြင်း၊ မတွေ့မဆုံဖြစ်တာလည်း ကြာခဲ့ခြင်းမို့ နှစ်ဦးသား အနီးရှိလက်ဖက်ရည်ဆိုင်ထိုင်ရင်း တစ်ယောက်အကြောင်း တစ်ယောက်မေးဖြစ်၊ ပြောဖြစ်ကြသည်။

**သဘောပေါက်**

'ကျွန်တော်တို့ စက်ရုံမှာ Ambulance ယာဉ် စမ်းသပ်ထုတ်နေတာ၊ အခု ဒီခုတင် ၁၀၀၀ က ကျွမ်းကျင်တဲ့ ဆရာဝန်ကြီးတွေကို လာပြတာလေ' ဆိုမှ တွေ့စက Ambulance ယာဉ်လာပြတာလို့ သူပြောတဲ့စကားကို သဘောပေါက်တော့သည်။ သူက PSC အောင်ပြီး စက်မှုဝန်ကြီးဌာနကို ရောက်ကြောင်း၊ ယခုကျောက်ဆည်မြို့ မင်းစုရပ်ရှိ အိမ်သုံးပစ္စည်း စက်ရုံမှာတာဝန်ထမ်းဆောင်နေကြောင်းနှင့်စက်ရုံ၏ ထုတ်ကုန်များအကြောင်း ရှင်းပြသည်။

'ကျွန်တော်တို့စက်ရုံက အိမ်သုံးစတီးလ်ပစ္စည်းတွေ၊ အားကစားနဲ့ ကျန်းမာရေးဝန်ကြီးဌာနက အမှာစာရတဲ့ ဆေးရုံသုံးလူနာခုတင်အမျိုးမျိုးနဲ့ ခွဲစိတ်ခန်းသုံးစတီးလ်ပစ္စည်းတွေလည်း ထုတ်တယ်၊ ဒီခုတင် ၁၀၀၀ ဆေးရုံကြီးမှာတောင် ကျွန်တော်တို့စက်ရုံကထုတ်တဲ့ စတီးလ်ပစ္စည်းတွေရှိလိမ့်မယ်'

'တယ်ဟုတ်ပါလားဗျ၊ ကျွန်တော်က စောစောကခင်ဗျား ပြောတဲ့ Ambulance ယာဉ်ကို စိတ်ဝင်စားတယ်ဗျ၊ ဒီမှာ ဆေးရုံတက်နေတဲ့ ကျွန်တော့်မိတ်ဆွေတစ်ယောက်ကတော့ Ambulance ယာဉ်ကြောင့် သူ့အသက်မီတာဆိုပြီး ကျေးဇူးတောင်တင်နေတာ'

'ဟုတ်မှာပဲဗျ၊ Ambulance ယာဉ်က ပြည်တွင်းမှာ လိုအပ်ချက်ရှိနေတာ အမှန်ပဲ၊ တချို့ဆေးရုံအချိန်မီမရောက်လို့ အသက်မသေသင့်ဘဲ သေကြရတာ ခင်ဗျားလည်း ကြားဖူးမှာပေ့ါ၊ ကျွန်တော်တို့ဝန်ကြီးက ဒီလိုအပ်ချက်ကို သတိပြုမိပါလိမ့်မယ်၊ လေးလပတ်အစည်းအဝေးအပြီးမှာ ကျွန်တော်တို့စက်ရုံကို Ambulance ယာဉ်တစ်စီး စမ်းသပ်ထုတ်လုပ်ဖို့ တာဝန်ပေးတယ်၊ မှတ်မှတ်ရရမနှစ်က ဖေြီလပိုင်းလောက်ကပဲ၊ တာဝန်ပေးချက်အရ ကျွန်တော်တို့စက်ရုံမှူးနဲ့ တာဝန်ရှိသူတွေ ကျောက်ဆည်ဆေးရုံကြီးကိုသွားပြီး Ambulance ယာဉ်ရဲ့ အတွင်းပိုင်း ပြင်ဆင်ဖွဲ့စည်းထားတာတွေကို လေ့လာခဲ့ကြတယ်၊ ပြီးတာနဲ့ စက်ရုံမှာတပ်ဆင်ထုတ်လုပ်ရေးအဖွဲ့၊ ဒီဇိုင်းအဖွဲ့စုဖွဲ့ပြီး Drawing Design ဆွဲ၊ ကြမ်းခင်း Flooring ခင်းတာတွေ လုပ်ခဲ့ကြတယ်'

'ဒါနဲ့ ကားကကော ဘယ်ကရလဲ၊ အသစ်ကို တပ်တာလား'

**အချိန်နဲ့တစ်ပြေးညီ**

'ဒါက ဒီလိုရှိတယ်ဗျ၊ ကျွန်တော်တို့က Ambulance ယာဉ်အဖြစ် သုတေသနပြု စမ်းထုတ်မှာဆိုတော့ ကားအသစ်နဲ့ဆိုရင် ဘဏ္ဍာငွေအခြေအနေက ကန့်သတ်ချက်ရှိတယ်၊ အမှိုက်ထဲက ရွှေထုတ်တယ်လို့ ပြောရမှာပဲ၊ ဒါကြောင့် ဌာနမှာရှိတဲ့ ကားတွေထဲကနှစ်စီးကို အကြိမ်ကြိမ်စမ်းသပ်၊ Safety Drive ဖြစ်အောင် ပြင်သင့်တာပြင်၊ လုပ်ငန်းအစီအမံတွေကိုလည်း ဝန်ကြီးဆီအချိန်နဲ့တစ်ပြေးညီ သတင်းပို့၊ လုပ်စရာရှိတာ လုပ်ခဲ့ကြရတာ'

'ဒါဆို ခင်ဗျားတို့ တော်တော်လုပ်ယူရမှာပေါ့'

'ဆိုပါတော့ဗျာ၊ ရတဲ့ကားနှစ်စီးရဲ့အတွင်းပိုင်းရုပ်ကို အရင်ပြင်ရဆင်ရ၊ Ambulance ယာဉ်တစ်စီးရဲ့အတွင်းပိုင်းပစ္စည်းတွေထားမယ့်ဒီဇိုင်းဆွဲ၊ ဝန်ကြီးကိုတင်ပြ၊ ပြီးရင် လိုအပ်တဲ့ပစ္စည်းတွေ အပြင်ကဝယ်ရှာထည့်၊ တပ်၊ ပြီးရင် ကျောက်ဆည်ဆေးရုံအုပ်ကြီးကိုပြ၊ အကြံတောင်း၊ လိုတာထပ်ပြင်နဲ့ အချိန်နှစ်လကျော်သုံးလလောက်ယူလိုက်ရတယ်၊ ဒီမှာလေကျွန်တော်တို့စမ်းသပ် ထုတ်လုပ်တဲ့ မှတ်တမ်း' ဆိုကာ သူ့တွင်ပါလာသောဖိုင်ကို ထုတ်ပြသည်။ ကျွန်တော်ယူကြည့်လိုက်တော့ Ambulance ယာဉ်စမ်းသပ်ထုတ်လုပ်မှုအဆင့်ဆင့်ကို မှတ်တမ်းဓာတ်ပုံများဖြင့် စနစ်တကျပြုစုထားတာကို မြင်တွေ့ရသည်။

'သေသေချာချာ စနစ်တကျပြုစုထားတာပဲ၊ အခုကော အဲဒီကားစမ်းထုတ်တာတွေ ပြီးသွားပြီလား'

**စိတ်ရှည်စွာရှင်းပြ**

'အင်း- ကျောက်ဆည်ဆေးရုံအုပ်ကြီးဆီက အကြံဉာဏ်တွေယူပြီး လိုအပ်တာတွေဖြည့်ပြီးလို့ အခုဒီနေပြည်တော်ခုတင် ၁၀၀၀ က ဆရာဝန်ကြီးတွေဆီ လာပြတာ၊ ကျွန်တော်တို့ဝန်ကြီး နဲ့ လူကြီးတွေလည်း လာလိမ့်မယ်၊ အခု နည်းနည်းစောသေးလို့ကော်ဖီဆိုင်ဘက်ထွက်လာတာဗျ' ဟုမိတ်ဆွေက စိတ်ရှည်စွာရှင်းပြသည်။ သူကကော်ဖီတစ်ငုံသောက်ပြီးနောက် -

'Ambulance ယာဉ်က ကမ္ဘာမှာ ဘယ်ကားကုမ္ပဏီကမှ တိုက်ရိုက်ထုတ်ရောင်းတာမျိုး မရှိသေးဘူးဗျ၊ အသုံးပြုတဲ့နိုင်ငံအလိုက် Basic၊ Standard နဲ့ Advance ဆိုပြီး အမျိုးအစားသုံးမျိုးထုတ်တာတော့ရှိတယ်၊ အခု ကျွန်တော်တို့စက်ရုံက စမ်းသပ်သုတေသနပြုထုတ်တဲ့ အမျိုးအစားက Basic ထဲပါတယ်၊ ကိုယ်ပိုင်ဒီဇိုင်းနဲ့ မော်ဒယ်နိမ့်ကားနှစ်စီးကို လုံခြုံစိတ်ချရတဲ့ အဆင့်အထိ ပြင်ဆင်ပြီး သုတေသနပြုထုတ်ထားတာ၊ အခုဒီကားနှစ်စီးအပေါ်မှာ ကျွမ်းကျင်တဲ့ဆရာဝန်ကြီးတွေရဲ့ပေး တဲ့အကြံ ဉာဏ်ပေါ်မူတည်ပြီး လက်ရှိကျွန်တော်တို့ဌာနမှာ အသုံးပြုနေတဲ့ အန်စာတုံး Myanmar Micro Bus (MRL) တစ်စီးကို Standard အဖြစ် ဆက်လုပ်ကြဦးမယ်၊ အဲဒီကားက ကျွန်တော်တို့ Standard အဖြစ် ထုတ်လုပ်သွားမယ့် ဂျပန်နိုင်ငံထုတ် 2017 Model ကားအသစ်တွေနဲ့ ပုံစံဒီဇိုင်းတူတယ်၊ ဌာနကကားကိုတော့ သာဂရစက်ရုံမှာ လုပ်နေတယ်၊ သာဂရစက်ရုံက အရင်က မြေတူး၊ မြေကော် ယန္တရားတွေထုတ်တဲ့ စက်ရုံဗျ၊ အရင်ရှိတဲ့ Assembly Line တွေကို အလိုအလျောက်ထုတ်လုပ်နိုင်တဲ့ Conveyor Line တွေအဖြစ် ကိုယ်ပိုင်ဒီဇိုင်းနဲ့ လိုအပ်တာတွေ၊ မွမ်းမံပြင်ဆင်မှုတွေ လုပ်ပြီးပြီ၊ နေရာလည်းကျယ်တယ်၊ စက်ပစ္စည်းတွေလည်း ရှိတယ်၊ တပ်ဆင်ရေးအတွေ့အကြုံရှိတဲ့ ဝန်ထမ်းတွေလည်း ရှိတယ်၊ Ambulance ယာဉ်က အရေးပေါ် ကျန်းမာရေးသုံး ယာဉ်ဖြစ်တဲ့အတွက် သာမန်ယာဉ်တွေနဲ့ မတူဘူးလေ၊ ယာဉ်တစ်စီးရဲ့လုံခြုံမှုကလည်း သာမန်ယာဉ်တွေထက် ပိုဂရုစိုက်ရတယ်၊ သူ့မှာတပ်ဆင်အသုံးပြုရတဲ့ ကျန်းမာရေးအကာအကွယ်ပစ္စည်းတွေကအစ နိုင်ငံတကာအဆင့်မီရတယ်။ လက်ရှိကျန်းမာရေးနယ်ပယ်မှာ အသုံးပြုနေတဲ့ လူနာတင်ယာဉ်တွေရဲ့ အားသာချက်၊ အားနည်းချက်တွေကို လက်တွေ့အသုံးပြုနေတဲ့ ကျန်းမာရေးဌာနက ကျွမ်းကျင်သူတွေ၊ သမားတော်ကြီးတွေရဲ့ထပ်ပိုးအကြံပြုချက်တွေနဲ့ဖြည့်စွက်ပြီး ပြည်ပပညာရှင်တွေ၊ ကျွန်တော်တို့ဝန်ကြီးဌာနက ကျွမ်းကျင်သူတွေ ပေါင်းစပ်ညှိနှိုင်းထုတ်လုပ်သွားမှာပါ'

'အဲဒီစက်ရုံတွေက အလုပ်မဖြစ်လို့ နားထားရတယ်ဆို' ကျွန်တော်က ကြားဖူးနားဝဖြင့် မေးလိုက်မိသည်။

**ကျွမ်းကျင်သူတွေပါဝင်**

'ဟုတ်ပါတယ်၊ တစ်ချိန်က အလုပ်မဖြစ်လို့ နားထားရတာမှန်ပေမယ့် အခုတော့ ပြည်သူတွေ လက်တွေ့တိုက်ရိုက်အကျိုးရှိပြီး ဈေးကွက်လိုအပ်ချက်လည်းရှိတဲ့ ထုတ်ကုန်တွေထုတ်လုပ်ဖို့ တီထွင်စမ်းသပ်မှုတွေနဲ့ ကျွန်တော်တို့တွေ အလုပ်များနေကြတယ်၊ သာဂရမှာ စက်ရုံသုံးရုံရှိတယ်၊ တစ်ရုံက Ambulance ယာဉ်တွေ ထုတ်မယ်၊ တစ်ရုံကတန် ၅၀၀ ဆံ့ သီးနှံသိုလှောင် Silo တွေထုတ်မယ်၊ နောက်တစ်ရုံက ရေအားသုံးတာဘိုင်ငယ်တွေ ထုတ်မယ်၊ ဒီထုတ်ကုန်တွေအားလုံးက တကယ်လည်း အသုံးဝင်တဲ့ ထုတ်ကုန်တွေဖြစ်လို့ ကျွန်တော်တို့ဌာနမှာ ဒီဇိုင်းအဖွဲ့အပါအဝင် ကျွမ်းကျင်သူတွေ ပါဝင်တဲ့အဖွဲ့တွေဖွဲ့ပြီး လုပ်နေကြတာ'

'ခင်ဗျားတို့ဌာနက ဝန်ထမ်းတွေချည်းပဲလား'

'ဘယ်ဟုတ်ပါ့မလဲ။ Ambulance ယာဉ်ဆိုရင် အားကစားနှင့်ကျန်းမာရေးဝန်ကြီးဌာနက ကျွမ်းကျင်ဆရာဝန်ကြီးတွေပါတယ်၊ အီတလီနဲ့ ဩစတြေးလျက ကျွမ်းကျင်ပညာရှင်တွေပါတယ်၊ Silo ဆိုရင် ထိုင်းကပညာရှင်တွေပါတယ်၊ တာဘိုင်ငယ်ကတော့ ဂျပန်နဲ့ကိုရီးယားကပါတယ်၊ ကျွန်တော်တို့ ဝန်ထမ်းတွေ ကလည်း အစိမ်းသက်သက်တော့မဟုတ်ပါဘူး၊ အတွေ့အကြုံ ရှိပြီးသူတွေပါ၊ ပြည်ပပညာရှင်တွေနဲ့ ပေါင်းစပ်ပြီးလုပ်တော့ နည်းပညာလည်းရတာပေါ့၊ သိပ်မကြာခင်တော့ ဒီသတင်းတွေ ခင်ဗျားကြားရပါလိမ့်မယ်'

နေပြည်တော်ခုတင် ၁၀၀၀ ဆေးရုံကြီးတွင် အမှတ်မထင်ဆုံခဲ့ရသော မိတ်ဆွေပြောသည့် သတင်းစကားက ယခုကျွန်တော် ကြားရ၊ မြင်ရ၊ ဖတ်နေရပြီဖြစ်သည်။ ထို့ကြောင့်လည်း ဩော် 'တကယ်ပဲ ကို' ဟု ကျွန်တော့်စိတ်ထဲမှတ်ချက်ပြုရခြင်းဖြစ်သည်။ သတင်းအရဆိုလျှင် မိတ်ဆွေတို့၏ Ambulance ယာဉ်တပ်ဆင်ထုတ်လုပ်မှုအပါအဝင် တီထွင်စမ်းသပ်ထုတ်လုပ်မှုလုပ်ငန်းများက အောင်မြင်မှုလမ်းပေါ်ရောက်နေပြီဟု ဆိုရလိမ့်မည်။ ပြင်ပ၌ အသုံးပြုနေသော Ambulance ယာဉ်အများစုက တစ်ပတ်ရစ် Basic Model များသာဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနက ထုတ်လုပ်သည့် Ambulance ယာဉ်မှာ Standard အမျိုးအစားဖြစ်ကြောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၌ အသုံးပြုနေသော Ambulance ယာဉ်များက Standard နှင့် Advance အမျိုးအစားများဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် Advance အမျိုးအစားအဖြစ် ဆက်လက်ထုတ်လုပ်သွားမှာဖြစ်ကြောင်း၊ ဒါကလည်း မခက်ကြောင်း၊ ယာဉ်အတွင်းတပ်ဆင်အသုံးပြုသည့် ကျန်းမာရေးသုံးပစ္စည်းများသာ ပြောင်းလဲတပ်ဆင်ခြင်းသာဖြစ်ကြောင်း မိတ်ဆွေက ပြောခဲ့ဖူးသည်။

**စီစဉ်ဆောင်ရွက်လျက်ရှိ**

စက်မှုဝန်ကြီးဌာနဆိုသည်က ကိုယ်ပိုင်အမှတ်တံဆိပ်နှင့် စက်မှုထုတ်ကုန်များ ထုတ်လုပ်နိုင်ခဲ့သည့် သမိုင်းကြောင်းရှိခဲ့သည်။ ယခုလည်း Ambulance ယာဉ်အတွက် ပြည်ပမှမှာယူရောက် ရှိလာသည့် အသုံးအဆောင်ပစ္စည်းများ၊ ဂျပန်နိုင်ငံထုတ်ဘယ်မောင်း Toyota Commuter 2017 Model ကားသစ်များကို Standardအမျိုးအစားဖြစ်သည့် Ambulance ယာဉ်များအဖြစ် အားကစားနှင့်ကျန်းမာရေး ဝန်ကြီးဌာန၏အမှာစာအရ စီးရေ ၅၀ ကျော် တပ်ဆင်ထုတ်လုပ်တော့မည်ဖြစ်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပညာရှင်များ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ပညာရှင်များပါဝင်သော Ambulance ယာဉ်စစ်ဆေးရေးအဖွဲ့ကို အဖွဲ့ဝင်ခုနစ်ဦးဖြင့် ဖွဲ့စည်းထားပြီးဖြစ်သည်။ စက်မှုဝန်ကြီးဌာနမှတပ်ဆင်ထုတ်လုပ်သည့်Ambulance ယာဉ်များ အပါအဝင်နောက်ထပ်ထုတ်လုပ်မည့်ယာဉ်များကို နိုင်ငံတကာအဆင့်မီ အရည်အသွေးဖြစ်စေရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် နိုင်ငံတကာအသိအမှတ်ပြုAmbulance ယာဉ်စစ်ဆေးရေးအဖွဲ့ဖြစ်သည့် CAAS ( Commission on Accreditation of Ambulance Services ) ၏ Standard and Guidelines များနှင့်အညီ ထုတ်လုပ်သွားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရှိရသည်။

မြန်မာနိုင်ငံအတွင်း ဒေသအနှံ့အပြား၌ လူမှုရေးအဖွဲ့အစည်းပေါင်းထောင်ကျော်ရှိနေပေရာ အဆိုပါအဖွဲ့အစည်းများ၌ Ambulance ယာဉ်များက ပုံသဏ္ဌာန်အမျိုးမျိုးဖြင့်ရှိနေပြီး အရေးပေါ်လူနာတင်ယာဉ် ကွန်ရက်တစ်ခုတည်ဆောက်သွားရန် အစီအစဉ်ရှိကြောင်း ပုဂ္ဂလိကဂျာနယ်တစ်စောင်၌ ဖတ်ရှုခဲ့ရဖူးသည်။ စက်မှုဝန်ကြီးဌာနမှဖွဲ့စည်းမည့် CAAS အဖွဲ့က အရေးပေါ်လူနာတင်ယာဉ်တစ်စီးတွင် ရှိအပ်သည့် စံသတ်မှတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် အဆိုပါအဖွဲ့၏ သတ်မှတ်ချက်နှင့် ကိုက်ညီသည့် အရေးပေါ်လူနာတင်ယာဉ်များအနေဖြင့် ကွန်ရက်အတွင်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည်ဆိုလျှင် ဘေးကင်းလုံခြုံစိတ်ချရသည့် ကျန်းမာရေးအကာအကွယ်များကို ပေးစွမ်းနိုင်ကြလိမ့်မည်ဟု ယုံကြည်မိသည်။

**စမ်းသပ်ထုတ်လုပ်**

စက်မှုဝန်ကြီးဌာနအနေဖြင့် ဝန်ကြီးဌာန Brand တစ်ခုအဖြစ် ကိုယ်ပိုင်ဒီဇိုင်းထုတ်လုပ်ကာ Ambulance ယာဉ်များကို တပ်ဆင်ထုတ်လုပ်နေပြီဖြစ်သည်။ ယခု တပ်ဆင်ထုတ်လုပ်နေသည့် ယာဉ်များကလည်း မြန်မာပြည်၏ လက်ရှိအခြေအနေများနှင့် အကိုက်ညီဆုံးဖြစ်သည့် ဂျပန်ဘယ်မောင်း ကားအသစ်များဖြစ်ပြီး **တပ်ဆင်ထုတ်လုပ်ပြီး Ambulance ယာဉ်တစ်စီး၏ ဈေးနှုန်းကလည်း ပြည်ပမှ မှာယူသည့် Ambulance ယာဉ်တန်ဖိုးထက် ၄၀ ရာခိုင်နှုန်းခန့် သက်သာကာ အမြောက်အမြားထုတ်လုပ်နိုင်ပါက ဈေးနှုန်းမှာ ယခုထက်ပိုမိုလျှော့နည်းသက်သာစေမည် ဖြစ်သည်။** စီးပွားရေးလောက၌ အတုအပအပြိုင်အဆိုင်များ ရှိတတ်ကြသဖြင့် ထုတ်ကုန်အသစ်အတွက် ကိုယ်ပိုင်အမှတ်တံဆိပ်ရှိခြင်းသည် အရေးကြီးသည်။ စက်မှုဝန်ကြီးဌာန၊ BPI ထုတ်ဆေးဝါးများ၏ အစွမ်းအာနိသင်နှင့် ဈေးနှုန်းမှန်ကန်မှုကြောင့် ပြည်သူလူထု၏ စိတ်ချယုံကြည်သုံးစွဲမှုကို ရရှိခဲ့သည်။ ဤသည်ကို အခွင့်ကောင်းယူ၍ မသမာသူအချို့က BPI ထုတ်ဆေးဝါးများကို အတုပြုလုပ်၍ ဈေးကွက်အတွင်း ဖြန့်ချိခဲ့သဖြင့် ဖော်ထုတ်ဖမ်းဆီးအရေးယူခဲ့သည့် ဖြစ်စဉ်များကို သတင်းစာမျက်နှာများတွင် ကျွန်တော်ဖတ်ရှုရဖူးသည်။ အသက်ကယ်ဆေးဝါးများ ထုတ်လုပ်နေသော စက်မှုဝန်ကြီးဌာနက ယခုထပ်မံ၍ အသက်ကယ်လူနာတင်ယာဉ်များ တပ်ဆင်ထုတ်လုပ်ပေးနိုင်ခြင်းသည် ရည်ရွယ်ချက်ကောင်းမွန်၍ မှန်ကန်သောလုပ်ဆောင်ချက်ဖြစ်သည်ဟု ကျွန်တော်က ဆိုချင်သည်။ ၎င်းတို့ စမ်းသပ်ထုတ်လုပ်နေသော သီးနှံသိုလှောင် Silo ဆိုလျှင်လည်း ရာသီဥတုပြောင်းလဲမှုခံနေရသော ကျွန်တော်တို့နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍအတွက် အမှန်တကယ်လိုအပ်အသုံးဝင်သည့် ထုတ်ကုန်လည်းဖြစ်သည်။ ရေအားသုံး တာဘိုင်ငယ်များဆိုလျှင်လည်း နိုင်ငံတော်ဓာတ်အားမရှိသေးသည့်ဒေသများ အပါအဝင် အသေးစားစက်မှုလုပ်ငန်းငယ်များအတွက်လည်း တစ်ပိုင်တစ်နိုင်ဓာတ်အားထုတ်ယူနိုင်မည်ဖြစ်ခြင်းကြောင့် စမ်းသပ်ထုတ်လုပ်မှုများ အောင်မြင်ပါစေဟု ဆုတောင်းမိသည်။ *စာမျက်နှာ (၁၇)သို့*



ပြည်ပမှ မှာယူရောက်ရှိလာသည့် Toyota Commuter 2017 Model ကားသစ်များအား သာဂရစက်ရုံ၌ လူနာတင်ယာဉ်အဖြစ် တပ်ဆင်ထုတ်လုပ်နေစဉ်။

# ကျွန်တော်နဲ့ သေခြင်းတရား

## ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်



တစ်နေ့က ညီရဲ့သက်ပျောက်ဆွမ်းကပ်စဉ် ဆရာတော်က တရားပေးခဲ့တာကို ဆင်ခြင်ပြီးသုံးသပ်မိပါတယ်။ လူ့ဘဝမှာမသိတာ ၅ ခုရှိကြောင်း သတိပေးခဲ့တယ်။ ဘာကြောင့်သေရမလဲဆိုတာ မသိနိုင်ဘူး။ ဘယ်အချိန်သေရမယ်ဆိုတာ မသိနိုင်ဘူး။ ဘယ်နေရာမှာ သေရမယ်ဆိုတာ မသိနိုင်ဘူး။ ဘယ်အသက်မှာ သေရမယ်ဆိုတာ မသိနိုင်ဘူး။ သေပြီးတဲ့အခါမှာ ဘယ်ဘဝရောက်မယ်ဆိုတာကိုလည်း မသိနိုင်ဘူး။ သေသွားတဲ့အခါ ပထမ ၄ ချက်ကို သိနိုင်ပေမယ့် နောက်ဆုံးအချက်ဖြစ်တဲ့ ဘယ်ဘဝရောက်မယ်ဆိုတာကို မသိနိုင်တာမို့ မြင့်မြတ်တဲ့၊ ကောင်းတဲ့နေရာရောက်အောင် ကျန်ရစ်သူတွေက အလှူအတန်းဒါနတွေလုပ်ပြီး၊ အမျှအတန်းဝေပြီး ဆုတောင်းပေးကြတယ်။ ဒီတရားဟာအလွန်ပဲ ထက်မြက်လှတဲ့၊ တန်ဖိုးရှိလှတဲ့ တရားဖြစ်တယ်။

ကျွန်တော့်ကို ဆုံးရှုံးမှုနဲ့ပတ်သက်ပြီး ဆင်ခြင်ဖို့တရားကို လက်ကိုင်ထားဖို့ အမျိုးမျိုးသတိပေးကြတယ်၊ မှာကြတယ်။ ကျွန်တော် ခံစားနေတာကို မရှုရက်လို့ ဇနီးသည်က အမျိုးမျိုး ဖျောင်းဖျပေးတယ်၊ နှစ်သိမ့်တယ်။ အကောင်းဆုံးပြုစုမှု၊ ပြီးပြည့်စုံလှတဲ့ ဂရုစိုက်မှု၊ မိသားစုတစ်စုလုံးရဲ့မေတ္တာ ဒါတွေကို မျက်ဝါးထင်ထင်မြင်နေရတာမို့ ကျေနပ်ဖို့ကောင်းတယ်လို့ အားပေးကြပါတယ်။

သေခြင်းတရားနဲ့ ရင်ဆိုင်တဲ့အခါ ကိုးကွယ်တဲ့ဘာသာတရားအသီးသီးက ပုံစံအမျိုးမျိုးနဲ့ ဖြေရှင်းကြတယ်။ ဘုရားသခင် ကောင်းကင်ဘုံကို ကူးပြောင်းသွားပြီး ကိုယ့်အရှေ့က ရောက်နှင့်နေတဲ့ မိသားစုတွေနဲ့ပြန်ဆုံရတော့မယ်လို့ ယုံကြည်ကြတယ်။ အသုဘအချိန်မှာ ညဘက်မှာ ဘုရားစာ၊ ကျမ်းစာတွေဖတ်ပြီး ဓမ္မသီချင်းတွေသီဆိုကြတယ်။ ဗုဒ္ဓဘာသာဝင်တွေကတော့ ရက်လည်အထိ မိသားစုအသိုင်းအဝိုင်း အသုဘအိမ်ကိုလာပြီး ကျန်ရစ်တဲ့မိသားစုတွေကို အားပေးကြတယ်။ လှူဖွယ်ပစ္စည်းတွေကိုလည်း လက်ဆောင်ပေးကြတယ်။ ရက်လည်တဲ့နေ့မှာ သံဃာတွေပင့်ဖိတ်ပြီး အလှူအတန်းလုပ်ကြတယ်။ အစ္စလာမ်ဘာသာဝင်တွေမှာ သေဆုံးသွားသူအတွက် ညဘက်မှာဝိုင်းဆုတောင်းကြတယ်။

ခေတ္တခွဲခွာမှုသာဖြစ်ပြီး ပြန်လည်ဆုံစည်းရလိမ့်မယ်ဆိုတာ ယုံကြည်ပြန်တော့ စိတ်သက်သာရမှာသာ ဖြစ်တယ်။ ဘယ်တော့မှ ပြန်လည်ဆုံတွေ့နိုင်ဖို့ အခြေအနေမရှိတော့ဘူးဆိုတာကိုလက်ခံထားခဲ့ရင် ပူဆွေးမှုဟာ အဆုံးအစမရှိ။ ကျွန်တော့်ရဲ့ညီဆုံးရှုံးရတာကို ရင်ဆိုင်တဲ့အခါ ကိုယ့်မှာတရားလုံးဝမရှိတာကို သုံးသပ်မိတယ်။ ဖြစ်ရင်ပျက်မယ်၊ မွေးရင်သေမယ်။ ဒါဟာလောကဓမ္မတာဖြစ်တယ်။ လက်ခံရမယ်။ သူကအရှေ့ကသွားပြီးတာမို့ တစ်နေ့ကျရင်ကိုယ်လည်း သူ့လိုပဲသွားရမယ်။ ကိုယ့်အလှည့်ကျရင် ဘယ်လိုဖြစ်မယ်ဆိုတာကို သိနိုင်မှာမဟုတ်ဘူး။ သူ့ကိုကျေကျေနပ်နပ် ပြုစုစောင့်ရှောက်နိုင်တာကိုကျေနပ်ပါ။ ပုံစံအမျိုးမျိုးနဲ့ ဖျောင်းဖျကြတယ်။ ကျွန်တော်မျက်ရည်ကျတာကိုကြည့်ပြီး ဒီလောက်မဖြစ်ပါနဲ့၊ တရားနဲ့ရှုပါ၊ ဆင်ခြင်ပါ၊ စိတ်ကိုထိန်းပါ။ သတိပေးတဲ့သူတွေဟာ

> “အသုဘကိုလာပြီး အားပေးချင်သူတွေက သက်န်းတွေ၊ လှူဖွယ်ပစ္စည်းတွေ လာရောက်ပေးပို့လာကြတာ၊ အင်မတန်မှ ချစ်စရာကောင်းလှတဲ့ ဓလေ့ထုံးစံတစ်ရပ်၊ ဆင်းရဲချမ်းသာမှုနဲ့ မဆိုင်ဘဲ နာရေးနဲ့ရင်ဆိုင်နေတဲ့ မိသားစုကိုတစ်ဖက်တစ်လမ်းက ဖေးမအားပေးနေကြတာဟာ ကိုယ့်တောဓလေ့ရဲ့ ချစ်စရာကောင်းလှတဲ့ ထုံးစံတွေဖြစ်”

ကျွန်တော့်ကို စေတနာထားပြီး ပြောကြတယ်ဆိုတာကို နားလည်တယ်၊ သဘောပေါက်တယ်။ ကျွန်တော့်ရဲ့ကျန်းမာရေးကိုဂရုစိုက်ပါ။ သွားတဲ့သူ သွားပြီဖြစ်တာမို့ ကျန်ရစ်တဲ့သူတွေက ရှေ့ဆက်လျှောက်ရဖို့သာ အာရုံပြုဖို့လည်းပြောပေးကြပြန်တယ်။

ကျွန်တော့်စိတ်ထဲမှာတော့ သိပေမယ့်လုပ်ရတာကတော့ မလွယ်လှဘူး။ ကျွန်တော့်ခံစားမှုတွေကို မထိန်းသိမ်းချင်ဘူး။ မျက်ရည်တွေကို မရပ်ချင်ဘူး။ ယူကျုံးမရဖြစ်ရတာကို မချုပ်ထိန်းချင်ဘူး။ တရားမရှိတဲ့သူ၊ ဒီအသက်အရွယ်မှာ ဆင်ခြင်နိုင်စွမ်းရှိရမယ်။ မိမိရဲ့စိတ်ကိုနိုင်ရမယ်။ ဒီစကားတွေကိုကြားရတော့ ကျွန်တော်ကစိတ်ထဲမှာ ခံစားရပါတယ်။ ငါ့ကိုဘာလို့တရားတွေလာချနေတာလဲ။ မသိတာ၊ မဟုတ်တာ တရားမရှိတာဟာ အပြစ်လား၊ စိတ်ရှိလက်ရှိပူဆွေးတမ်းတခွင့် မရှိဘူးလား၊ ငိုခွင့်မရှိဘူးလား၊ စိတ်ထဲမှာရှိတာကို ပြခွင့်မရှိဘူးလား။

များများချစ်ရင် များများခံစားရမယ်လို့ပြောရင် ခံရမှာစိုးလို့ မချစ်ရတော့ဘူးလား။ လူ့ဘဝမှာအားလုံးကို ဦးနှောက်နဲ့ ဆင်ခြင်ပြီး ရင်ဆိုင်ရမှာလား၊ ဒီလိုဆိုခံစားမှုတွေ ဘယ်ရောက်သွားသလဲ။ အရာရာကိုထိန်းချုပ်နေရင် ဘဝရဲ့အဓိပ္ပာယ်ဟာ ဘာလဲ။ ကျွန်တော် ခံစားရတာကိုမကြောက်ဘူး။ စိတ်ထောင်းကိုယ်ကျေဖြစ်တော့လည်း ဘာအရေးလဲ။ ကိုယ်ချစ်တဲ့၊ သံယောဇဉ်ရှိတဲ့ သူအတွက်ကိုယ့်မှာ ခံစားခွင့်မရှိဘူးလား။

အသုဘကိုလာပြီး အားပေးချင်သူတွေက သင်္ကန်းတွေ၊ လှူဖွယ်ပစ္စည်းတွေ လာရောက်ပေးပို့လာကြတာ၊ အင်မတန်မှ ချစ်စရာကောင်းလှတဲ့ ဓလေ့ထုံးစံတစ်ရပ်၊ ဆင်းရဲချမ်းသာမှုနဲ့ မဆိုင်ဘဲ နာရေးနဲ့ရင်ဆိုင်နေတဲ့ မိသားစုကိုတစ်ဖက်တစ်လမ်းက ဖေးမအားပေးနေကြတာဟာ ကိုယ့်တောဓလေ့ရဲ့ ချစ်စရာကောင်းလှတဲ့ ထုံးစံတွေဖြစ်တယ်။ အသုဘကိုတက်ရောက်ပြီး အိမ်မှာလာရောက်ပြီး ခွန်အားတွေပေးကြတယ်။ မိသားစုတွေကလည်း ညှော်သည်တွေကို ညှော်ခံကျွေးမွေးကြတယ်။ အဖြစ်အပျက်တွေကို ပြန်လည်ပြောကြပြီး နှစ်သိမ့်ကြတယ်။

အခုလိုလုပ်ကြပေမယ့် ရင်ထဲကခံစားမှုတွေကတော့ ပပျောက်မှာမဟုတ်ပါဘူး။ ဘယ်လိုမှ အစားမထိုးနိုင်တဲ့ ဆုံးရှုံးမှုတစ်ရပ်ကို ဘာနဲ့မှအစားမထိုးနိုင်ပါဘူး။ သွားတဲ့သူက သူ့လမ်းသူရွေးချယ်ခဲ့ပေမယ့် ကျန်ရစ်တဲ့သူတွေက ပုံစံအမျိုးမျိုးနဲ့တုံ့ပြန်ကြရမှာ။ ပူဆွေးမှုပုံစံ မတူညီကြပါဘူး။ တချို့တွေက ကြိတ်မှိတ်ပြီးခံစားတတ်ကြသလို တချို့တွေကတော့ စိတ်ထဲရှိတာကို ဟန်မဆောင်နိုင်ကြဘူး။ ဝမ်းနည်းမှုကိုပေါ်လွင်အောင်ပြတတ်ကြသလို တချို့ကျပြန်တော့လည်း စိတ်ထဲမှာငိုနေကြတာ။

ကျွန်တော်က ညီနဲ့ ရင်းနှီးတယ်။ နီးစပ်တယ်။ အထက်အောက်ဖြစ်ရုံမက သူရဲ့ဘဝအလှည့်အပြောင်းမှာ ကိုယ်က ပါဝင်ခဲ့တယ်။ သူကလည်း ကျွန်တော့်ကို သံယောဇဉ်သိပ်ကြီးတယ်။ နေမကောင်းဖြစ်တဲ့အခါ ကျွန်တော့်ကိုတမ်းတတယ်။ ကျွန်တော့်ရောက်လာရင် အလိုလိုပျော်နေတာ မြင်ရတယ်။ ကျွန်တော့်ကိုသိပ်ဂရုစိုက်တယ်။ သူကသူ့ရဲ့သားတွေ၊ သမီးတွေကို သိပ်အလိုလိုက်တယ်။ သူ့တူမ ကျွန်တော့်ရဲ့သမီးကိုလည်း လိုလေသေးမရှိအောင် အလိုလိုက်တယ်။ အမြဲစောင့်ရှောက်တယ်။ ဒါကြောင့် သူ့ရဲ့ဦးလေးဆုံးတာသိတော့ နိုင်ငံခြားရောက်နေတဲ့ သမီးကချုံးပွဲချငိုတယ်။ ငယ်ငယ်ကတည်းက သွားအတူ၊ လာအတူ။ ကျွန်တော်ခြေထောက်ကျိုးပြီး ဆေးရုံတက်နေတာ နေ့တိုင်းဆေးရုံမှာ လာစောင့်ပေးတယ်။ ဒါကြောင့် သူဗန်ကောက်ဆေးရုံတက်နေတဲ့အချိန်မှာ ကျွန်တော်နဲ့ဇနီးရောက်အောင်သွားတယ်။ ဇနီးပေါင်းပေးတဲ့ ငှက်သိုက်ကို သူက နှစ်နှစ်ခြိုက်ခြိုက်သောက်တယ်။

အရာရာကိုအချိန်က ကုစားတယ်ဆိုတာ ကျွန်တော် သိပါတယ်။ အခုချိန်မှာလတ်လတ်ဆတ်ဆတ်ဖြစ်နေတာမို့ ကျွန်တော့်ကို နားလည်လိမ့်မယ်လို့ထင်မိပါတယ်။ နားမလည်လည်း မတတ်နိုင်ပါဘူး။ နားမလည်တာကိုကျွန်တော်မပြောလိုတော့ဘူး။ ကျွန်တော်သိတာက ကျွန်တော်ဝမ်းနည်းတယ်၊ ပူဆွေးတယ်၊ ဆုံးရှုံးမှုကိုယူကျုံးမရဖြစ်တယ်။ အမှန်တော့သူဟာ ကျွန်တော့်ထက်ငယ်တာမို့ နေနိုင်ပါသေးတယ်။ ဒါပေမယ့်သူ့ရဲ့ ရောဂါကပြင်းတယ်။ တစ်လကျော်ကျော် ကာလမှာဆုံးတာ။ ကြိုပြီး မသိရကောင်းသလားဆိုပြီး ခံစားရတယ်။ အမှန်တော့ ကြိုတင်သိရင် တစ်ခုခုလုပ်ပေးနိုင်လိမ့်မယ်လို့ စိတ်ထဲကဖြစ်မိတယ်။ အသိနောက်ကျခဲ့တာကိုလည်း အားမလိုအားမရဖြစ်ရတယ်။ အကောင်းဆုံးကုသမှု၊ စောင့်ရှောက်မှုရခဲ့ပေမယ့် ဘယ်လိုမှမစွမ်းဆောင်နိုင်ခဲ့ဘူး။ ဖြစ်ဖြစ်ချင်း ကြိုးစားခဲ့ပေမယ့် အရာမထင်ခဲ့ပါဘူး။

ဆရာတော်က အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားကို မနက်တိုင်း တရားပေးတယ်။ မမြဲတဲ့တရား၊ ဆင်းရဲခြင်းတရားနဲ့ အစိုးမရတဲ့တရား။ တရားပေးတဲ့ဆရာတော်က ငါးမိနစ်လောက် အချိန်ယူပြီးမှတ်သားစရာတွေကိုမနက်တိုင်း တရားပေးခဲ့တယ်။ ဆရာတော် ရဲ့တရားတွေဟာ စစ်မှန်တဲ့၊ လေးနက်တဲ့ မှန်တဲ့တရားတွေဖြစ်တယ်။ ဦးနှောက်ကိုသုံးပြီး ဆင်ခြင်ရင် လေးနက်လှတဲ့အမှန်တရားတွေဖြစ်တယ်။ ဒါပေမယ့် ကျွန်တော့်ရဲ့ဦးနှောက်နဲ့ ကျွန်တော့်ရဲ့နှလုံးသားက တခြားစီဖြစ်နေတာ စဉ်းစားဆင်ခြင်နိုင်မှုနဲ့ စိတ်ရဲ့ခံစားမှုတွေက သပ်သပ်စီ၊ တခြားစီပဲ။ ဦးနှောက်က သိတာကို နှလုံးသားက လက်ခံနိုင်အောင် ကျွန်တော်ကြိုးစားရပေဦးမယ်။

တစ်ခုတော့ရှိတယ်။ အခုလိုကိုယ်ပူဆွေးနေတာ သောကရောက်နေတာကို မိသားစုမြင်ပြီးစိတ်မဆင်းရဲစေချင်ဘူး။ သူတို့လည်း ကိုယ်လိုပဲခံစားရမှာ။ သူ့ရဲ့မိသားစုအတွက် ဆုံးရှုံးမှုဟာ ကျွန်တော်ထက်ကြီးမားမှာသာဖြစ်ပါတယ်။ ဒါကြောင့်လည်း သူတို့ရှေ့မှာ ကိုယ်ကချုပ်တည်းရတာ။ ကိုယ့်ကြောင့် သူတို့ရဲ့ခံစားမှုကို မတိုးစေချင်ဘူး။ ကိုယ့်ကြောင့်သူတို့အတွက် တာဝန်မပိုစေချင်ပါဘူး။ ကျတဲ့မျက်ရည်တွေဟာ အပြစ်မရှိပါဘူး။ မေတ္တာသံယောဇဉ်အပြည့်နဲ့ကျတာမို့ မြင်တဲ့သူတွေ နားလည်နိုင်ပါလိမ့်မယ်။ ။

---

စာမျက်နှာ ၁၆ မှ အဆက်

တကယ်တော့ အစိုးရဝန်ကြီးဌာနများတွင် ကိုယ့်ဝင်ငွေဖြင့် ရပ်တည်ရသောဝန်ကြီးဌာနများ၌ စက်မှုဝန်ကြီးဌာနလည်း ပါဝင်သည်။ ဝန်ထမ်းလုပ်ခလစာနှင့် အငြိမ်းစားလစာများအား ဝန်ကြီးဌာန၏ဝင်ငွေဖြင့်သာ ဖြေရှင်းနေရကြောင်း ကျွန်တော်သိသည်။ အလုပ်မဖြစ်၍ စက်ရုံများ ယာယီရပ်နားထားရခြင်းက ဝန်ကြီးဌာနအပေါ် သက်ရောက်မှုများရှိလိမ့်မည်ဟု ကျွန်တော်ယူဆသည်။ စက်ရုံ၊ အလုပ်ရုံများ အချိန်ကြာမြင့်စွာရပ်နားထားရခြင်းကြောင့် ဝင်ငွေမရရှိသလို နေ့စဉ်နှင့်အမျှ ပြောင်းလဲတိုးတက်နေသောနည်းပညာနောက်သို့ ဝန်ထမ်းများ အမီလိုက်ပါရန် အခက်အခဲရှိနိုင်သည်။

### သိမြင်ခွင့်ရခဲ့

ထို့အပြင် အချိန်ကြာမြင့်စွာ ရပ်နားထားခြင်းက ဝန်ထမ်းများ၏စိတ်ပိုင်းဆိုင်ရာကိုလည်း တစ်စုံတစ်ရာထိခိုက်နိုင်သည်။ အဆိုပါ စိန်ခေါ်ချက်များအား ရင်ဆိုင်ဖြေရှင်းနိုင်ရန် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအပါအဝင် ဝန်ထမ်းအားလုံးက တက်ညီလက်ညီ ဆောင်ရွက်နေကြပြီ ဖြစ်သည်။ ယခုကဲ့သို့ ပြည်ပပညာရှင်များနှင့်တွဲဖက်၍ နိုင်ငံတကာ အဆင့်မီ Ambulance ယာဉ်များ တပ်ဆင်ထုတ်လုပ်နေခြင်းကလည်း ဝန်ထမ်းများအတွက် နည်းပညာသစ်များ ဆင့်ပွားရရှိနိုင်သည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းသစ်များလည်း တိုးပွားလာနိုင်ခြေရှိသည်။ နောက်ပိုင်းတွင် ပြည်ပပညာရှင်များ၏ အကူအညီရယူရန် မလိုတော့ဘဲ ကိုယ်ပိုင်ဒီဇိုင်း ရရှိပြီးနည်းပညာပေါ် အခြေခံလျက် အမြောက်အမြား ဆက်လက်ထုတ်လုပ်သွားမည်ဆိုလျှင် ထုတ်လုပ်မှုကုန်ကျစရိတ်က ယခုထက်ပို၍ လျော့နည်းသက်သာသွားမည်သာဖြစ်သည်။ ကျွန်တော်နှင့် မိတ်ဆွေတို့ ဆွေးနွေးပြောဆိုခဲ့သည်များ၊ ကျွန်တော်မြင်တွေ့ ကြားသိဖတ်ရှုခဲ့ရသည်များက စက်မှုဝန်ကြီးဌာန၏စေတနာနှင့် လုပ်ရပ်ကို သိမြင်ခွင့်ရခဲ့သည်။ မြန်မာစကားတွင် စေတနာမှန်လျှင် ကံကောင်းမည်ဟူ၍ရှိသည်။ ကံဟူသည်ကလည်း အလုပ်ပင်ဖြစ်သည်။

စက်မှုဝန်ကြီးဌာနဝန်ထမ်းများအနေဖြင့် စေတနာပါသောအလုပ်များကို လုပ်ဆောင်နေခြင်းဖြစ်ပေရာ စေတနာနှင့် တူသောအကျိုးရရှိလိမ့်မည်ဟု ကျွန်တော်ယုံကြည်သည်။ ကျွန်တော့်မိတ်ဆွေထံသို့လည်း ဝမ်းသာဂုဏ်ယူကြောင်း အားပေးစကားဖုန်းဆက်၍ ပြောရပါဦးမည်။ ။

---

# ကျေးရွာများတွင် ရေအခက်အခဲဖြစ်ပါက အမြန်ဆုံးဖြေရှင်းပေးနိုင်ရန် စီစဉ်ထား

**ပေါင် မတ် ၁၁**

သထုံခရိုင် ပေါင်မြို့နယ်မှ ရပ်ကွက်နှင့် ကျေးရွာများတွင် ယခုနှစ်နွေရာသီကာလအတွင်း သောက်သုံးရေအခက်အခဲ ဖြစ်ပေါ်လာပါက အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်အတွက် စီမံဆောင်ရွက်ထားသည့်အပြင် ရေအခက်အခဲဖြစ်နိုင်သည့်ကျေးရွာစာရင်းများကိုလည်း ပြုစုထားပြီးဖြစ်ကြောင်း ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း ရေပြတ်လပ်မှုမရှိစေရေးအတွက် ယခုနှစ်ထဲတွင် ကျေးရွာ ၁၂ ရွာ၌ စက်ရေတွင်း လေးတွင်း၊ မြေသားရေကန် ငါးခု၊ အုတ်ရေကန်တစ်ခု၊ အမြင့်တင်ရေစင်နှစ်ခုတို့ကို အကောင်အထည်ဖော်ပေးခဲ့ကြောင်း သိရသည်။



ယမန်နှစ်က ရေပြတ်လပ်သည့်ကျေးရွာတစ်ရွာ၌ ဌာနဝန်ထမ်းများက ရေများသွားရောက်ဖြန့်ဝေပေးစဉ် ။

ထို့အပြင် လူထုဗဟိုပြုစီမံကိန်း ပထမနှစ်စက်ဝန်းတွင် ကျေးရွာ ၂၀ ၌ စက်ရေတွင်း ၁၆ တွင်း၊ လက်တူးတွင်း တစ်တွင်း၊ မြေသားရေကန်လေးခုဆောင်ရွက်ပေးခဲ့ပြီး ဒုတိယနှစ် စက်ဝန်းတွင် ကျေးရွာ ၁၄ ရွာ၌ စက်ရေတွင်း ၁၀ တွင်း၊ လက်တူးတွင်း တစ်တွင်း၊ မြေသားရေကန်နှစ်ကန်၊ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းနှစ်ခုနှင့် ရေသယ်ယူရန်ခက်ခဲသော အိမ်ခြေ ၅၀ သို့ အိမ်တိုင်ရာရောက် ရေပိုက်သွယ်တန်းပေးခြင်းတို့ကိုလည်း ဆောင်ရွက်ထားခဲ့ကြောင်း သိရသည်။

အရေးပေါ် ရေပြတ်လပ်မှု ကြုံတွေ့ပါက ရေဖြန့်ဝေပေးနိုင်ရန် လီတာ ၆၀၀၀ ဆံ့ ကားတစ်စီးနှင့် လီတာ ၁၀၀၀ ဆံ့ ကားတစ်စီးကိုလည်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသင့်စီမံထားရှိပြီးအရေးပေါ် အခြေအနေဖြစ်ပေါ်လာပါက မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုရေး အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ရေဖြန့်ဝေပေးခြင်းများကို အမြန်ဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုဟိန်း(ပေါင်)**

# ရန်ကုန် တွံတေးတူးမြောင်းကြီးကို ကိုရီးယားချေးငွေဖြင့် ပြုပြင်မည်

**ရန်ကုန် မတ် ၁၁**

ရန်ကုန်မြို့နှင့် ဧရာဝတီတိုင်းဒေသကြီးတို့အကြား ရေလမ်းကြောင်း ကုန်စည်ပို့ဆောင်ဆက်သွယ်ရေးတွင် အဓိကကျသော ရန်ကုန်မြို့ တွံတေးတူးမြောင်းကို ကိုရီးယားချေးငွေ အမေရိကန်ဒေါ်လာ ၆၁ ဒသမ ၃ သန်း ရယူကာ ပြုပြင်ရေးစီမံကိန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးက ပြောကြားသည်။

"ဒီတူးမြောင်းကိုပြုပြင်ဖို့ ကိုရီးယားနိုင်ငံက ISAN ဆိုတဲ့ကုမ္ပဏီက လေ့လာမှုတွေပြုလုပ်တယ်၊ ဒီ တူးမြောင်းကို ဘယ်လိုပြုပြင်မှုတွေလုပ်သင့်တယ်ဆိုတာ အကြံပြုတယ်၊ ဒီဘက် မြန်မာနိုင်ငံဘက်ကလည်း အဆင့်ဆင့်တင်ပြပြီးတော့ အားလုံးပြီးတဲ့အဆင့် ရောက်နေပြီ၊ ကိုရီးယားချေးငွေ အမေရိကန်ဒေါ်လာ ၆၁ ဒသမ ၃ သန်း ရယူဆောင်ရွက်မှာဖြစ်ပါတယ်၊ ဒီချေးငွေရဲ့စည်းကမ်းအရ ဆောင်ရွက်မယ့်ကုမ္ပဏီက ကိုရီးယားကုမ္ပဏီပဲ ဖြစ်ရမယ်၊ ပဏာမကုမ္ပဏီစာရင်းကို ကိုရီးယားဘက်က ရွေးပေးမယ်၊ မြန်မာဘက်က ဆန်ခါတင် ကုမ္ပဏီသုံးခု ရွေးပေးပြီးတော့ အမှန်တကယ်ဆောင်ရွက်မယ့် နောက်ဆုံးကုမ္ပဏီကိုတော့ ကိုရီးယားဘက်က ရွေးပေးမှာဖြစ်ပါတယ်၊ ဒီကုမ္ပဏီနဲ့ မြန်မာနိုင်ငံဘက်က စီမံခန့်ခွဲရေးအဖွဲ့တို့ ပူးပေါင်းပြီး လုပ်ငန်းအကောင်အထည်ဖော်မှာဖြစ်ပါတယ်၊ ဒီစီမံကိန်းက အကောင်အထည်ဖော်ဖို့ သေချာတယ်၊ ချေးငွေက ရရှိပြီးပြီ၊ လွှတ်တော်မှာလည်း အတည်ပြုပြီးပြီ၊ ဒီစီမံကိန်းက ငါးနှစ်စီမံကိန်းဖြစ်ပါတယ်"ဟု ဦးထွန်းလွင်ဦးက ပြောသည်။

အဆိုပါ တွံတေးတူးမြောင်းကြီးကို ၁၈၈၃ ခုနှစ်တွင် အင်္ဂလိပ်က လူအင်အားအသုံးပြုကာ အရှည် သုံးမိုင်ခွဲ ဖောက်လုပ်ခဲ့ကြောင်း၊ အင်္ဂလိပ်တို့ဖောက်လုပ်ခဲ့စဉ်က ရေကိုထိန်းထားသည့်စနစ်ကြောင့် ရေမဝဲကန်တော့ကြီးတစ်ခုဖြစ်ပေါ်ခဲ့ကြောင်း၊ ၎င်းဝဲကြီးအတွင်း သင်္ဘောနစ်မြုပ်ခဲ့သောဖြစ်စဉ်များလည်း ရှိခဲ့ကြောင်း၊ ၁၉၉၀ ပြည့်နှစ်တွင် ၎င်းဝဲကြီး ပြေပျောက်စေရန် မြစ်ကြောင်းကို ချဲ့ထွင်ခဲ့ကြောင်း၊ ယခုအခါ ၎င်းဝဲကြီးမှာ ပြန်ပေါ်နေပြီဖြစ်ကြောင်း၊ ထိုဝဲကြီး ပျောက်ကွယ်သွားရန်နှင့် တူးမြောင်းတစ်လျှောက်မှ အခြားသော ကမ်းပြို ကမ်းပျက်မှုများကို ပြုပြင်သွားရန်အတွက် အထက်ပါစီမံကိန်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

တွံတေးတူးမြောင်းသည် အရှည်အားဖြင့် ၂၁မိုင်ရှိပြီး ဤတူးမြောင်းကြီးသည် ရန်ကုန်မြို့နှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများဖြစ်သည့် ဒေးဒရဲ၊ မအူပင်၊ ဖျာပုံ၊ မော်လမြိုင်ကျွန်း၊ ဘိုကလေး၊ လပွတ္တာ၊ မြောင်းမြ အစရှိသော မြို့များအကြား အဓိက ကုန်စည်များပို့ဆောင်ရာ တစ်ခုတည်းသော ရေလမ်းကြောင်းဖြစ်၍ အချက်အချာကျသည့် ရေလမ်းကြောင်းလည်းဖြစ်ရာ ရေလမ်းကြောင်းကောင်းမွန်ရေးနှင့် တည်ငြိမ်မှုရှိသော ရေလမ်းကြောင်း ဖြစ်လာစေရေးအတွက် ပြုပြင်မှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်းသိရသည်။

**မြင့်မောင်စိုး**



# တိုက်နယ်ဆေးရုံသစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**ညောင်လေးပင် မတ် ၁၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့ ပန်းငွေရုံတောရကျောင်းတိုက်များ၏ ပဓာနနာယက ပန်းငွေရုံတောရဆရာတော်ဘုရားကြီး ဘဒ္ဒန္တသုမနာဘိဝံသ၏ သက်တော်(၈၅)နှစ်ပြည့် မွေးနေ့ မင်္ဂလာအထိမ်းအမှတ်အဖြစ် ဆရာတော်ကြီး ဦးဆောင်မတည်၍ တပည့်ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ တိုက်နယ်ဆေးရုံဝင်းအတွင်း ဆောက်လုပ်လှူဒါန်းသော အာရောဂျဒါန ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်ဖွင့်ပွဲနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို မတ် ၉ ရက်က ကျင်းပခဲ့သည်။

ဆေးရုံသစ်ဖွင့်ပွဲတွင် အလှူရှင် ပန်းငွေရုံတောရဆရာတော်ကြီးက လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို မိန့်ကြားပြီး ဆေးရုံဆိုင်းဘုတ်ကို ဆရာတော်ကြီးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုက်နယ်ဆေးရုံသစ်နှင့် မော်ကွန်းတင်ကျောက်စာကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ဆရာတော်က ဆေးရုံနှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ရာ တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးဒေါက်တာခင်စန်းမြင့်က လက်ခံရယူသည်။ တိုက်နယ်ဆေးရုံသစ်မှာ အလျား ၁၄၁ ပေ၊ အနံ ၁၂၃ ပေခွဲ၊ အမြင့် ၁၄ ပေရှိ အာရ်စီတစ်ထပ် အဆောက်အအုံဖြစ်ပြီး ပြင်ပအရေးပေါ်လူနာဌာနအခန်း၊ အမျိုးသားဆောင်၊ အမျိုးသမီးဆောင်၊ ခွဲစိတ်ခန်းနှစ်ခန်း၊ ခွဲစိတ်ပြီးလူနာများ နားနေခန်း၊ ကူးစက်ရောဂါများဖြစ်သော ဝမ်းပျက်ဝမ်းလျှော၊ တီဘီ လူနာများအတွက် သီးသန့်ခန်း၊ သားဖွားခန်း၊ မွေးပြီးလူနာများအတွက် သီးသန့်ခန်း၊ ဓာတ်မှန်ခန်း၊ အစည်းအဝေးခန်း၊ ဆရာဝန်၊ သူနာပြုများ နားနေခန်းများနှင့် ဆေးရုံသုံးပစ္စည်းအစုံအလင်လည်း ပါဝင်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



# လုပ်အားဒါန စုပေါင်းလှူဒါန်း

**သထုံ မတ် ၁၁**

မွန်ပြည်နယ် သထုံမြို့ နေမိန္ဒရတောင်အရှေ့ဘက် ဘုရားသုံးဆူတောင်တော်ရှိ မန္ူဟာမင်း တရားအားထုတ်ရာကျောင်းဆောင်တည်ရှိရာ ကုန်းတော်၌ မတ် ၁၀ ရက် နံနက် ၇ နာရီမှစတင်၍ သထုံမြို့နယ်မြေခံတပ်မှ တပ်ရင်းမှူးနှင့် စစ်သည်များ၊ သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်ဝင်း ဦးဆောင်သော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ စုစုပေါင်း ၁၀၀ ခန့်က အုတ်၊ သဲ၊ ကျောက်များ တင်ဆောင်ခြင်းဖြင့် လုပ်အားဒါန ပြုခဲ့ကြသည်။

**၁၃၈**

# မတ်ပဲများပေါ်စပြုပြီး ဈေးအနည်းငယ်တက်စပြု

**ဖြူး မတ် ၁၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်သည် နှစ်စဉ်မိုးစပါးကေ တစ်သိန်းခွဲကျော်နှင့် ဆောင်းရာသီစိုက် ပဲမျိုးစုံထဲမှ မတ်ပဲကို အထူးအားထား စိုက်ပျိုးလျက်ရှိရာ ယခုနှစ် ၂၀၁၇-၂၀၁၈ ခုနှစ်တွင် မိုးစပါးများ ရိတ်သိမ်းပြီး ဆောင်းရာသီ မတ်ပဲများကို ရာသီအမီ ကေတစ်သိန်းကျော်စိုက်ပျိုးခဲ့ကြသည်။

ယင်းသို့ စိုက်ပျိုးခဲ့ကြသော မတ်ပဲစိုက်ခင်းများမှာ ရင့်မှည့်နေကြပြီဖြစ်ကာ စတင်ရိတ်သိမ်းလျက်ရှိကြသည်။ အဆိုပါရိတ်သိမ်းပြီး မတ်ပဲများကို မတ်ပဲစိုက်တောင်သူများက မြို့ပေါ်ဈေးကွက်များသို့ စတင်ပို့ဆောင်ရောင်းချလျက်ရှိနေကြရာ မတ် ၈ ရက်တွင် မတ်ပဲဈေးနှုန်း ယခင်လက တစ်တင်းခွဲတစ်အိတ် (ပိဿာ ၃၀) ကို ၄၃၀၀၀ ကျော်ခန့်မှ မတ် ၈ ရက်တွင် မတ်ပဲတစ်အိတ်ပိဿာကို ၄၈၀၀၀ ဈေးဖြတ်၍ ဝယ်ယူနေကြကြောင်း သိရသည်။

**ဖြူးမြင့်ဦး**

# အထွေထွေရောဂါကုဆရာဝန်ညီလာခံ အတွက် ဆေးကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးမည်

**ရန်ကုန် မတ် ၁၁**

ယခုနှစ် နိုဝင်ဘာလထဲတွင် မန္တလေးမြို့၌ ကျင်းပမည့် အကြိမ်(၂၀)မြောက် အထွေထွေရောဂါကုဆရာဝန်ညီလာခံ၌ ခင်းကျင်းပြသမည့် ဆေးနှင့် ဆေးပစ္စည်း ကုမ္ပဏီများနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးပွဲကို မတ် ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်၌ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ညီလာခံတွင် ခင်းကျင်းပြသမည့် ဆေးနှင့် ဆေးပစ္စည်း ကုမ္ပဏီများနှင့် ကိုယ်စားလှယ်များအနေဖြင့် အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ကြရန် မြန်မာနိုင်ငံဆရာဝန်အသင်းက ဖိတ်ကြားထားကြောင်း သိရသည်။

**ဗထူး**

# ရှားတောမြို့တွင်းလမ်းများ၏ ဘေးဝဲယာတွင် ကျောက်စီရေနုတ်မြောင်းများတည်ဆောက်

**ရှားတော မတ် ၁၁**

ကယားပြည်နယ် လွိုင်ကော်ခရိုင် ရှားတောမြို့အတွင်း ရေစီးရေလာကောင်းမွန်ပြီး မြို့သန့်ရှင်းသာယာလှပစေရေးအတွက် လမ်းများ၏ ဘေးဝဲယာတစ်လျှောက် ကျောက်စီရေနုတ်မြောင်းတည်ဆောက်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးကော်မတီက ပြည်နယ်စည်ပင်သာယာရေးကော်မတီရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။



**တည်ဆောက်ခြင်းဖြစ်**

ကျောက်စီရေနုတ်မြောင်းတည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၇ ခုနှစ်အောက်တိုဘာမှစတင်ကာ မင်းခေါင်လမ်း၊ ကျော်စွာလမ်း၊ ဘုရင့်နောင်လမ်း၊ တပင်ရွှေထီးလမ်း၊ အနော်ရထာလမ်းနှင့် ဦးအောင်ဇေယျလမ်းအမည်ရှိ လမ်းခြောက်လမ်းတို့၏ ဘေးဝဲယာတစ်လျှောက်တွင် ဆောင်ရွက်ခြင်းဖြစ်ပြီး အနက်သုံးပေ၊ အကျယ်နှစ်ပေ၊ စုစုပေါင်း အလျားပေ ၅၂၁၀ ကို မြောင်းဖုံးပလက်ဖောင်းများဖြင့် တည်ဆောက်ခြင်းဖြစ်သည်။ ခွင့်ပြုရန်ပုံငွေမှာ ငွေကျပ် ၁၈၃ ဒသမ ၈၅၇ သန်းဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေး ကော်မတီထံမှ သိရသည်။

**ရေကြီးရေလျှံမှု မဖြစ်ပေါ်နိုင်**

ရှားတောမြို့သည် ၁၇၅ ဧကကျယ်ဝန်းကြီး အောင်ချမ်းသာ၊ ဈေးပိုင်း၊ အလယ်ပိုင်း၊ တောင်ပိုင်းအမည်ရှိ ရပ်ကွက်လေးရပ်ကွက်၊ အိမ်ခြေ ၃၅၉ ၊ အိမ်ထောင်စု ၃၉၁ ၊ လူဦးရေ ၁၆၀၀ ကျော်ဖြစ်သည်။ မြို့တွင်းဖြစ်သန်းဖောက်လုပ်ထားသည့်လမ်းပေါင်း ၂၅ လမ်းခန့်ရှိသည့် အနက် အထက်ဖော်ပြပါလမ်းခြောက်လမ်းတို့၏ ဘေးဝဲယာတွင် ကျောက်စီရေနုတ်မြောင်းနှင့် လမ်းပလက်ဖောင်းများ တည်ဆောက်ခြင်းဖြစ်ပြီး နောက်နောင်ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ကျန်ရှိသည့်လမ်းများ၏ ဘေးဝဲယာတွင်လည်း ကျောက်စီရေနုတ်မြောင်းနှင့် ပလက်ဖောင်းများ ဆက်လက်တည်ဆောက်သွားမည်ဖြစ်ကြောင်းသိရသည်။ မိုးရာသီကာလတွင် မိုးရွာသွန်းပါက လမ်းများပေါ်နှင့် နေအိမ်ခြံဝင်းများအတွင်း ရေကြီးရေလျှံခြင်းမဖြစ်ပေါ်နိုင်တော့ဘဲ ရေနုတ်မြောင်းများမှ တစ်ဆင့် နမ့်မာချောင်းနှင့် ဖဲပုလာလဲချောင်းအတိုင်း မြို့အနီးရှိ လယ်မြေများသို့ ရေများ ရောက်ရှိသွားမည်ဖြစ်ကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**

# နိုင်ငံသားများ၏အခန်းကဏ္ဍ ဖိုရမ်ကျင်းပ

**ဘားအံ မတ် ၁၁**

British Council Millennium Center(ဘားအံ)နှင့် မြန်မာနိုင်ငံ လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့က ကြီးမှူး၍ ကရင်ပြည်နယ် အသေးစား အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် လူမှုစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုတွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်တက်သော နိုင်ငံသားများ၏ အခန်းကဏ္ဍ ခေါင်းစဉ်ဖြင့် ဖိုရမ်ဆွေးနွေးပွဲကို ဘားအံမြို့ သံလွင်ပါရာဒိုက်စ်ဟိုတယ် ခန်းမ၌ မတ် ၁၀ ရက်က ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ကရင်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်က ခေတ်သစ် ပြောင်းလဲလာသည့် စီးပွားရေးလုပ်ငန်းများက အားလုံးကို ပြုပြင်ပြောင်းလဲရန်အတွက် တွန်းအားပေးနေကြောင်း၊ စီးပွားရေးလုပ်ငန်းတစ်ရပ်သည် သီးခြားရပ်တည်နေသည်မဟုတ်ဘဲ လူမှုရေးလုပ်ငန်းများနှင့်ပါတွဲလျက် စဉ်စားလာခြင်းမှာလည်း ထူးခြားသည့်အမြင်ဖြစ်ကြောင်း၊ စီးပွားရေး၊ လူမှုရေး လုပ်ကိုင်သူများအား အမြင်သစ်ဖွင့်ပေးခြင်းအားဖြင့် ပြောင်းလဲလာမည့် စီးပွားရေးစနစ်များတွင် လူတိုင်းပါဝင်ဆောင်ရွက်နိုင်ခြင်းနှင့် လူငယ်များကိုပြုစုပျိုးထောင်ပေးခြင်းအားဖြင့် နိုင်ငံတော်၏ အရံအင်အားများကို မွေးထုတ်နိုင်မှာလည်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ် Millennium Center မှ မန်နေဂျာနှင့် မြန်မာနိုင်ငံလူမှုအကျိုးပြု စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း ဥက္ကဋ္ဌ ဦးထူးမင်းသန်းတို့က ဖိုရမ်ကျင်းပသည့် ရည်ရွယ်ချက်နှင့် ဖိုရမ်အကြောင်းကို ရှင်းလင်းပြောကြားကြပြီး မြန်မာနိုင်ငံလူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ သုကြွယ်ခန့်စိုးက ဦးဆောင်၍ ကျောင်းသား ဦးသီဟအောင်၊ စီးပွားရေးလုပ်ငန်းရှင် နော်မျိုးသန္တာလှိုင်၊ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း ကော်မတီဝင် ဦးရဲသူရှိန်၊ ပြည်နယ်လွှတ်တော်ရုံးမှ ညွှန်ကြားရေးမှူးဦးသက်ဇော်ဦးနှင့် SeDAM မှ ဒေါ်ဝါဝါမင်းတို့ က စီးပွားရေးလုပ်ငန်းတွင် လူငယ်များ ပါဝင်နိုင်မှု၊ တွေ့ကြုံရသောအခက်အခဲများ၊ ရင်ဆိုင်နေရသောအခက်အခဲများ၊ အစိုးရက ပြည်သူလူထုအတွက် လုပ်ဆောင်ပေးနေသောလုပ်ငန်းစဉ်များ စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။

**မင်းရာဇာ(မြစ်ကြီးနား)**



# စပါးတင်း ၁၀၀ လျှင် အခြေခံဈေးနှုန်း ကျပ်ငါးသိန်းဖြင့် ဝယ်ယူပေးမည်

**နေပြည်တော် မတ် ၁၁**

ပြည်တွင်းစပါးဈေးနှုန်းများ မတည်မငြိမ်ဖြစ်နေချိန်တွင် လုပ်ကွက်ငယ်တောင်သူများ ထိခိုက်မှုမရှိစေရေးအတွက် အခြေခံဈေးနှုန်းအနေဖြင့် စပါးတင်း ၁၀၀ လျှင် ကျပ်ငါးသိန်းနှုန်းဖြင့် ဝယ်ယူပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ထုတ်ပြန်လိုက်သည်။

ယခုကဲ့သို့ ပုဂ္ဂလိကပိုင်းမှ အခြေခံစပါးဈေးနှုန်း သတ်မှတ်ဝယ်ယူပေးခြင်းမှာ မြန်မာနိုင်ငံတွင် ပထမဦးဆုံးဖြစ်ပြီး ၂၀၁၈ ခုနှစ် နွေစပါးနှင့် မိုးစပါးအသစ်ပေါ်ချိန်တွင် စပါးဈေးတည်ငြိမ်စေရန်အတွက် လုပ်ဆောင်ရခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်က ပြောသည်။

"အဓိကကတော့ လုပ်ကွက်ငယ် တောင်သူလယ်သမားတွေကို အဓိကရည်ရွယ်ပါတယ်၊ ဒီတောင်သူတွေ စိုက်ပျိုးထုတ်လုပ်တဲ့စရိတ်က တစ်ဧကကို အနည်းဆုံး နှစ်သိန်းခွဲ၊ သုံးသိန်းလောက်ရှိတယ်လို့ ပြောကြတယ်၊ အဲ့ဒီတော့ စိုက်ပျိုးထုတ်လုပ်တဲ့ ကုန်ကျစရိတ်ကိုလည်း ကာမိရမယ်၊ အကျိုးအမြတ်လည်း အထိုက်အလျောက်ရှိရမယ်၊ အဲ့ဒီအပေါ်မှာ ကျွန်တော်တို့က တွက်ချက်ပြီးတော့ အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို ကျွန်တော်တို့က ထုတ်ပြန်ခြင်းဖြစ်ပါတယ်၊ ဒီအခြေခံဈေးနှုန်းက တောင်သူတွေအတွက် အာမခံဈေးနှုန်းဖြစ်ပါတယ်၊ ဈေးကွက်ပေါက်ဈေးက အခြေခံရည်ညွှန်းဈေးရဲ့အပေါ်ကို ရောက်နေမယ်ဆို ပေါက်ဈေးအတိုင်း ရောင်းဝယ်လို့ရပါတယ်၊ အဓိကကတော့ ဈေးကွက်အပြောင်းအလဲမှာ တောင်သူတွေ ထိခိုက်မှုမရှိအောင် ဆောင်ရွက်ပေးတာ ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။



ပြည်တွင်းစပါးဈေးနှုန်းများ သတ်မှတ်ထားသည့် အခြေခံဈေးနှုန်း ငါးသိန်းအောက် ကျဆင်းခဲ့ပါက အခြေခံဈေးနှုန်းပြန်ရောက်လာချိန်အထိ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များက ပူးပေါင်းဝယ်ယူပေးသွားမှာဖြစ်ပြီး စပါးဈေးနှုန်းသည် အခြေခံဈေးနှုန်းထက် ကျော်လွန်နေပါက ဈေးကွက်ပေါက်ဈေးအတိုင်း ဝယ်ယူပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပေါ်ဆန်း၊ အထူးဧည့်မထ စသည့် အဆင့်မြင့် စပါးအုပ်စုများမှာ လက်ရှိတွင် တင်း ၁၀၀ လျှင် ကျပ် ခုနစ်သိန်း၊ ရှစ်သိန်းမှ ၁၀ သိန်းကျော်အထိ ဈေးကောင်းရနေသည့်အတွက် ဈေးကွက်ပေါက်ဈေးအတိုင်းသာ ဝယ်ယူပေးသွားမည်ဖြစ်သည်။

"ကျွန်တော်တို့က နိုင်ငံတကာ ဆန်ဈေးနှုန်း၊ ပြည်တွင်းဆန်ဈေးနှုန်း၊ ဈေးကွက်အနေတ်အသိမ်း စတာတွေကို အဘက်ဘက်က ဆွေးနွေးပြီး စပါးဈေးမကျသွားအောင် ခုသာခံသာဖြစ်အောင် အခြေခံဈေး သတ်မှတ်ထုတ်ပြန်တာပါ။ တကယ်လို့ စပါးဈေးက အခြေခံဈေးအောက် ရောက်နေတယ်ဆို ဝယ်ပေးမယ်၊ ဘယ်လောက်အတိုင်းအတာထိ ဝယ်ပေးမလဲဆိုရင် အခြေခံဈေးနှုန်းအပေါ်မှာ ဈေးပြန်ဖြစ်တဲ့အထိ ကျွန်တော်တို့က ဝယ်ပေးမယ်၊ ဆိုပါစို့ တင်းတစ်သိန်း ဝယ်လိုက်လို့ အခြေခံဈေးနှုန်း ပြန်ရောက်သွားတယ်ဆို ဝယ်စရာမလိုတော့ဘူး၊ တင်းဆယ်သိန်းဝယ်မှ ရောက်မယ်ဆို တင်းဆယ်သိန်း ဝယ်ရမယ်၊ အကယ်၍ ဒီထက်ပိုပြီးဝယ်ရမယ်ဆို ကျွန်တော်တို့က တောင်သူ လယ်သမားအကျိုးစီးပွား ကာကွယ်ရေးနဲ့ မြှင့်တင်ရေး ဥပဒေအရ နိုင်ငံတော်အစိုးရကို တင်ပြပြီး လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့နဲ့ ညှိနှိုင်းပြီးတော့ လုပ်ဆောင်ရမှာ ဖြစ်ပါတယ်"ဟု ဦးရဲမင်းအောင်က ဆက်ပြောသည်။ ယင်းကဲ့သို့ အခြေခံ ရည်ညွှန်းဈေးနှုန်းသတ်မှတ်ဝယ်ယူရာတွင် စပါး၏အစိုဓာတ် ၁၄ ရာခိုင်နှုန်းရှိပြီး အဖျင်း၊ အမှော်၊ ဖုန်၊ သဲ၊ ခဲ စသည့် သတ်မှတ်ချက်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့်စပါး ဖြစ်ရမည်ဟု သိရသည်။

ယခုနှစ်တွင် တရုတ်ကုန်သည်များ၏ တရားမဝင် စပါးဝယ်ယူတင်ပို့မှုများကြောင့် စပါးတင်းတစ်ရာလျှင် ကျပ်ခြောက်သိန်းဝန်းကျင်အထိ ဈေးရရှိနေသော်လည်း ပြီးခဲ့သည့် ၂၀၁၅၊ ၂၀၁၆ ခုနှစ်များက ပြည်တွင်းစပါးဈေးကွက်တွင် စပါးတင်းတစ်ရာလျှင် ကျပ်လေးသိန်းဝန်းကျင် ဈေးနှုန်းဖြင့်သာ ရောင်းချခဲ့ရကြောင်း သိရသည်။

**ဖြိုးလွင်အောင်(AMIA)၊ ဓာတ်ပုံ-ကေဇူး(AMIA)**

# ချင်းပြည်နယ်အတွင်း နှစ်ရှည်သီးနှံ ပြောင်းလဲစိုက်ပျိုးနိုင်ရန်အတွက် ချေးငွေလိုအပ်နေ

**ဟားခါး မတ် ၁၁**

ချင်းပြည်နယ်တွင် လက်ရှိစိုက်ပျိုးနေသည့် ရွှေ့ပြောင်းတောင်ယာစနစ်ကိုလျှော့ချကာ နှစ်ရှည်သီးနှံ ပြောင်းလဲစိုက်ပျိုးနိုင်ရန်အတွက် နှစ်ရှည်ချေးငွေများ လိုအပ်နေကြောင်း ပြည်နယ်အစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောနှင့်သတ္တုဝန်ကြီး ဦးမန်းဟင်းဒါလ်းက ပြောသည်။

လက်ရှိ ဒေသခံတိုင်းရင်းသားတောင်သူများ စိုက်ပျိုးလုပ်ကိုင်နေသည့် တောင်ယာစိုက်ပျိုးရေးမှာ သစ်တောပြုန်းတီးမှု ဖြစ်သည့်အပြင် အကျိုးအမြတ်မှာလည်း ရရှိမှုနည်းပါးကြောင်း ၎င်းကဆိုသည်။ "တောင်ယာခုတ်ခြင်းဟာ တစ်နှစ်အတွက် ဝမ်းစာဖူလုံရုံ ဖြစ်ပါတယ်၊ တောလည်းပျက်တယ်၊ လုပ်အားလည်း အများကြီး ပေးရတယ်၊ နောက် ရလာတဲ့အမြတ်က ရသင့်သလောက် မရဘူး၊ အဲ့တော့ နှစ်ရှည်သွားတဲ့အခါကျတော့ သုံး၊ လေးနှစ် အချိန်ယူရတာဆိုတော့ အဲ့ဒီကြားထဲမှာ သူတို့ စားဖို့သောက်ဖို့ကို နှစ်တို၊ နှစ်လတ် ချေးငွေလိုဟာမျိုး ထောက်ပံ့ပေးနိုင်မယ်ဆိုရင်တော့ ရွှေ့ပြောင်းတောင်ယာကို မလုပ်ကြဖို့ စည်းရုံးနိုင်မယ်လို့ ယူဆပါတယ်"ဟု ဝန်ကြီးက ပြောသည်။

လက်ရှိတွင် ဒေသခံတောင်သူများမှာ ရွှေ့ပြောင်းတောင်ယာစနစ်ဖြင့်သာ စိုက်ပျိုးနေသည့်အတွက် လယ်ယာမြေပိုင်ဆိုင်မှု အသိအမှတ်ပြု လက်မှတ်များကို တရားဝင်ပြုလုပ်၍လည်း မရခြင်းကြောင့် ဘိုးဘွားလက်ထက် ခားမဦးချလုပ်ကိုင်လာသည့်မြေကို ရိုးရာဓလေ့အရ ပိုင်ဆိုင်သည်ဟု အချင်းချင်း လက်ခံထားကြသော်လည်း ၂၀၁၂ လယ်ယာမြေ ဥပဒေပါ ၂၀၁၂ မြေလွတ်၊ မြေလပ်၊ မြေရိုင်း စီမံခန့်ခွဲမှု ဥပဒေအရ အချိန်မရွေး လက်လွှတ်ဆုံးရှုံးသွားနိုင်ကြောင်း ၎င်းကဆိုသည်။

"ကျွန်တော်တို့ ရွှေ့ပြောင်းတောင်ယာဆိုရင် ဥပဒေအရ ပုံစံ(၇) ပေးလို့မရဘူး၊ ပေးလို့မရတော့ လယ်သမားအနေနဲ့ သူ့မှာ ပိုင်ဆိုင်မှုက အသိအမှတ်ပြုမှုမရှိဘူး၊ ဆိုတော့ ဒါကိုကျွန်တော်တို့ ဘယ်လိုနည်းနဲ့ ဖြေရှင်းမလဲ၊ ဥပမာ မိရိုးဖလာနဲ့ ဧက ၅၀ လောက်ပိုင်ဆိုင်တဲ့ လူတစ်ယောက်ကို မြေလွတ်၊ မြေရိုင်းနဲ့ မှတ်ပုံတင်မလားဆိုတဲ့ အချက်လည်း ကျွန်တော်တို့ စဉ်းစားနေတယ်"ဟု ဦးမန်ဟင်းဒါလ်းက ပြောသည်။

ယင်းကဲ့သို့ တိုင်းရင်းသားများ တရားဝင်မြေယာပိုင်ဆိုင်ခွင့်များ ရရှိနိုင်ဖို့အတွက် နှစ်ရှည်သီးနှံများဖြစ်သည့် ထောပတ်သီး၊ စပျစ်သီး၊ ကော်ဖီ၊ ဝဥ၊ လက်ဖက်၊ မျောက်ငို စသည့် နှစ်ရှည်ဥယျာဉ်ခြံမြေများကို စိုက်ပျိုးလာစေရန် တောင်သူများအား စည်းရုံးမှုများပြုလုပ်နေကြောင်း သိရသည်။

ချင်းပြည်နယ်၏ ဧရိယာအကျယ်အဝန်းမှာ စုစုပေါင်း ဧက ၈၉ သိန်းကျော်ရှိပြီး အဆိုပါဧရိယာ အကျယ်အဝန်းထဲတွင် လယ်၊ ယာ၊ ကိုင်းကျွန်း၊ ဥယျာဉ်၊ တောင်ယာအသားတင်စိုက်ပျိုးမြေ ဧကပေါင်း ၁၈၀၂၆၈ ဧက ရှိကြောင်း သိရသည်။



ချင်းပြည်နယ်တွင် တရားဝင်မှတ်ပုံတင် ပုံစံ(၇) ထုတ်ပေးထားနိုင်သည့် လယ်ယာမြေဧကပေါင်းမှာ လက်ရှိအချိန်အထိ ၄၉၀၃၈ ဧကခန့်သာရှိပြီး မိရိုးဖလာ ဘိုးဘွားအစဉ်အဆက် လုပ်ကိုင်စိုက်ပျိုးလာခဲ့သည့် ပုံစံ(၇)မရသေးသော ရိုးရာတောင်ယာမြေမှာ ဧကပေါင်း ၁၃၀၀၀၀ ကျော်ရှိနေကြောင်း ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်သတ္တုဝန်ကြီးဌာနမှ သိရသည်။

**ဖြိုးလွင်အောင်(AMIA)၊ ဓာတ်ပုံ- ကေဇူး(AMIA)**

## တစ်ပတ်အတွင်း စိုက်ပျိုးရေးထွက်ကုန်ဈေးကွက်

**(မတ် ၅ ရက်မှ ၉ ရက်အထိ)**

ဒီတစ်ပတ်မှာတော့ မတ်ပဲရော ပဲစင်းငုံနီရော ဈေးကျဆင်းသွားခဲ့ပါတယ်။ ကြက်သွန်နီတွေ ဈေးကွက်ထဲကို အများအပြားဝင်ရောက်နေတဲ့အတွက် ကြက်သွန်နီဈေးလည်း ထပ်ပြီးကျဆင်းသွားပါတယ်။

**မတ်ပဲ (FAQ/RC)**

ဖေဖော်ဝါရီကနေစပြီး တဖြည်းဖြည်းဈေးတက်ခဲ့တဲ့ မတ်ပဲက ပြီးခဲ့တဲ့အပတ်ကတည်းက တဖြည်းဖြည်း ဈေးပြန်ကျဆင်းသွားခဲ့ပါတယ်။ နေ့စဉ် ကုန်စည်ဒိုင်တွေမှာ ပုံမှန်အရောင်းအဝယ်ရှိနေပေမယ့် တခြား ပဲအသစ်တွေကလည်း နေ့စဉ်ဝင်ရောက်နေတဲ့အတွက် ဈေးကျဆင်းနေတာဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံမှာတော့ မြန်မာမတ်ပဲက ဈေးတက်လာခဲ့ပါတယ်။ တင်သွင်းမှုကန့်သတ်ခဲ့တဲ့ ပြီးခဲ့တဲ့ခြောက်လအတွင်း မြန်မာမတ်ပဲ လက်ကျန်လျော့နည်းသွားတဲ့အတွက် ဈေးကျနေတဲ့အချိန်မှာ ပြန်လည်ဝယ်ယူမှုတွေ ပြုလုပ်လာနိုင်တယ်လို့လည်း Commodities Control က ခန့်မှန်းထားပါတယ်။



ဒီတစ်ပတ်မှာ ရန်ကုန်ကုန်စည်ဒိုင်မှာ မတ်ပဲက အနိမ့်ဆုံး တစ်တန်ကို ၄၈၀၀၀၀ ကျော်အထိ ဈေးကျဆင်းခဲ့ပါတယ်။ မန္တလေးမှာတော့ မတ်ပဲအသစ် ဈေးကျဆင်းပေမယ့် မတ်ပဲအဟောင်းကတော့ လက်ရှိအချိန်အထိ ဈေးမာနေတဲ့ အခြေအနေပါ။ မုံရွာကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၁၅၀၀၀ ရှိပြီး ကျပ် ၇၀၀ ကျော် ဈေးကျဆင်းသွားပါတယ်၊ ပြည်ကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၁၆၀၀၀ ကျော်ရှိပြီး တစ်တင်းမှာ ကျပ် ၁၀၀၀ ကျော် ဈေးကျဆင်းသွားပါတယ်။ နေပြည်တော်ကုန်စည်ဒိုင်မှာလည်း တစ်တင်းကို ကျပ် ၁၅၅၀၀ နဲ့ ကျပ် ၁၀၀၀ ကျော်ဈေးကျဆင်းသွားခဲ့ပါတယ်။

**ပဲစင်းငုံနီ**

ဇန်နဝါရီလ နောက်ဆုံးအပတ်ကစပြီး တောင်သူတွေကို မျှော်လင့်ချက်အများအပြားပေးခဲ့တဲ့ ပဲစင်းငုံနီက ဒီတစ်ပတ်မှာတော့ မထင်မှတ်လောက်အောင် ဈေးကျဆင်းသွားခဲ့ပါတယ်။ ရန်ကုန်ကုန်စည်ဒိုင်မှာ ဈေးကျဆင်းသွားခဲ့ပေမယ့် နယ်ကုန်စည်ဒိုင်တွေမှာတော့ ပုံမှန်အရောင်းအဝယ်ရှိပြီး ဈေးငြိမ်နေပါတယ်။

အိန္ဒိယနိုင်ငံမှာလည်း ပြီးခဲ့တဲ့ အပတ်တွေက ဆက်တိုက်ဈေးတက်ခဲ့ပေမယ့် ဝယ်လက်တွေက ပဲစင်းငုံနီထက် ဈေးကျဆင်းနေတဲ့ မတ်ပဲကိုသာ အဝယ်လိုက်နေတဲ့အတွက် ပဲစင်းငုံနီက ဈေးကျဆင်းသွားခဲ့တာလည်း ဖြစ်ပါတယ်။ ပြည်တွင်းမှာလည်း လက်ကျန်တွေက ကျန်နေသေးတဲ့အတွက် အကျဈေးကို ဦးတည်နေတာလည်း ဖြစ်ပါတယ်။

ပြီးခဲ့တဲ့အပတ်တွေက တစ်တန်ကို ကျပ် ၄၈၀၀၀၀ အထိ အမြင့်ဆုံးဈေးရရှိခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ တစ်တန်ကို ၃၇၀၀၀၀ အထိ ဈေးက အဆမတန် ဈေးကျဆင်းသွားခဲ့ပါတယ်။ ရန်ကုန်မှာ ဈေးကျဆင်းပေမယ့် နယ်ကုန်စည်ဒိုင်တွေဖြစ်တဲ့ မုံရွာမှာတော့ တစ်တင်းကို ကျပ် ၁၁၀၀၀ နဲ့ ကျပ် ၂၀၀ ခန့် ဈေးတက်လာပြီး ပခုက္ကူမှာတော့ တစ်တင်းမှာ ၃၀၀ ကျပ်ခန့် ဈေးတက်လာပါတယ်။ ပြည်ကုန်စည်ဒိုင်မှာလည်း တစ်တင်းကို ၁၂၅၀၀ ပေါက်ဈေးရှိပြီး တစ်တင်းမှာ ၁၀၀၀ ကျပ် ဈေးတက်လာခဲ့ပါတယ်။

**ကုလားပဲ**

နယ်ကုန်စည်ဒိုင်တွေက ကုလားပဲအသစ်တွေ ဆက်တိုက်ဝင်ရောက်နေတဲ့အတွက် လက်ကျန် ကုလားပဲတွေရော ပဲအသစ်တွေရော ဈေးဆက်တိုက်ကျဆင်းနေပါတယ်။

အိန္ဒိယနိုင်ငံမှာလည်း ပြည်တွင်း ကုလားပဲထုတ်လုပ်မှု အဆမတန် မြင့်လာတဲ့အတွက် ပြည်ပတင်သွင်းမှုကို လျှော့ချချင်တာကြောင့် ယခင် သွင်းကုန်ခွန် ၄၀ ရာခိုင်နှုန်းကနေ သွင်းကုန်ခွန်ကို ၁၀၀ ရာခိုင်နှုန်းအထိ တိုးမြှင့်သတ်မှတ်လာနိုင်ခြေရှိတဲ့အတွက် ဈေးက ထပ်ပြီးကျဆင်းသွားခဲ့ပါတယ်။ အိန္ဒိယရဲ့ပဲထုတ်လုပ်မှုက ဒီနှစ်မှာ ၂၃ သန်းအထိ ရှိလာနိုင်တဲ့အတွက် ခုလို ဟန့်တားလိုက်တာလည်း ဖြစ်ပါတယ်။ မြန်မာကုလားပဲကို အိန္ဒိယနိုင်ငံကို အဓိက တင်ပို့နေတာဖြစ်တဲ့အတွက် အိန္ဒိယရဲ့ ထုတ်ပြန်ချက်တွေက မြန်မာနိုင်ငံပေါ် သက်ရောက်မှု ကြီးမားပါတယ်။

မုံရွာကုန်စည်ဒိုင်မှာ ကုလားပဲဖြူ၊ ဝါတို့က တစ်တင်းကို ကျပ် ၂၂၀၀၀ ကနေ ၂၅၀၀၀ နဲ့ အမြင့်ဆုံးဈေးရှိပြီး တစ်တင်းမှာ ကျပ် ၃၀၀၀ ကျော် ကျဆင်းသွားခဲ့ပါတယ်။ ပြည်ကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၂၄၀၀၀ ကျော်ရှိပြီး တစ်တင်းမှာ ကျပ် ၅၀၀၀ ကျော် ဈေးကျဆင်းသွားခဲ့ပါတယ်။ မြင်းခြံကုန်စည်ဒိုင်မှာ တစ်ပိဿာကို ကျပ် ၁၁၀၀ ကျော်ကနေ ၁၂၀၀ ကျော်ရှိပြီး တစ်ပိဿာမှာ ၂၀၀ ကျပ်လောက် ကျဆင်းသွားပါတယ်။ ပခုက္ကူမှာလည်း တစ်ပိဿာကို ၁၂၀၀ ကျော်ကနေ ၁၃၀၀ ကျော်ရှိပြီး ကျပ် ၂၀၀ ကျော် ဈေးကျသွားပါတယ်။

**ထောပတ်ပဲ**

တခြားပဲတွေမှာ ပဲအသစ်တွေဝင်ရောက်တဲ့အတွက် လက်ကျန်ပဲတွေ ဈေးကျဆင်းနေပေမယ့် ထောပတ်ပဲကတော့ ပဲအသစ်တွေ မဝင်သေးတဲ့အတွက် လက်ကျန်ပဲတွေ ဈေးတက်နေပါတယ်။ မုံရွာမှာတော့ တစ်တင်းကို ၂၉၅၀၀ နဲ့ တစ်တင်းမှာ ကျပ် ၁၀၀၀ ကျော် ဈေးတက်လာပါတယ်။ ပခုက္ကူမှာတော့ တစ်ပိဿာကို ကျပ် ၁၆၀၀ ကျော်ရှိပြီး ကျပ် ၂၀၀ လောက် ဈေးတက်လာပါတယ်။

**ကြက်သွန်နီ**

ကြက်သွန်နီကတော့ ဒီတစ်ပတ်မှာလည်း ဈေးကျဆင်းသွားပါတယ်။ နယ်တွေကနေ အများအပြား ဝင်ရောက်လာတဲ့အတွက် ဈေးကျဆင်းသွားခဲ့တာ ဖြစ်ပါတယ်။ ပြည်တွင်း ကြက်သွန်နီတွေ ဈေးကျဆင်းတဲ့အတွက် အရောင်းအဝယ်သွက်နေပြီး အရည်အသွေးမကောင်းတဲ့ တရုတ်ကြက်သွန်နီတွေကတော့ အရောင်းအဝယ်နည်းလာတယ်လို့ သိရပါတယ်။

မြင်းခြံကုန်စည်ဒိုင်မှာ ကြက်သွန်နီ တစ်ပိဿာကို ၄၀၀ ကနေ ၉၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာမှာ ကျပ် ၃၀၀ လောက် ဈေးကျဆင်းသွားပါတယ်။ ပခုက္ကူကုန်စည်ဒိုင်မှာလည်း တစ်ပိဿာကို ကျပ် ၄၅၀ ကနေ ၈၅၀ ခန့် ပေါက်ဈေးရှိပြီး နေပြည်တော်မှာတော့ တစ်ပိဿာကို ကျပ် ၄၀၀ ကနေ ၂၀၀၀ ပေါက်ဈေးရှိနေပါတယ်။

**ဝတ်ရည်မွန်(AMIA)၊ ဓာတ်ပုံ- ကေဇူး(AMIA)**

# မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် ရေပေးရန် ကျိုင်းခမ်းရေလှောင်တမံတည်ဆောက်



မန္တလေးတိုင်းဒေသကြီးအတွင်း မိတ္ထီလာလွင်ပြင်ဒေသရှိ ဝမ်းတွင်းမြို့နယ်နှင့် သာစည်မြို့နယ်များမှာ မိုးရွာသွန်းမှုနည်းပါးပြီး ရေရှားကာ ပူပြင်းခြောက်သွေ့သောဒေသဖြစ်သည်။ ထို့ကြောင့် မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေး၊ ဒေသဝမ်းစာဖူလုံရေးနှင့် သီးနှံအထွက်တိုးပြီး လူမှုစီးပွားဘဝမြင့်မားတိုးတက်စေရန်အတွက် ၂၀၀၄-၂၀၀၅ ခုနှစ်မှစတင်၍ မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေးအတွက် ရေပေးဝေနိုင်ရေးဆည်ရေသောက်စနစ် ဆောင်ရွက်ရန်အတွက် စူးစမ်းလေ့လာတိုင်းတာရာ ရှမ်းပြည်နယ် တောင်ကြီးခရိုင် ရပ်စောက်မြို့နယ်အတွင်းရှိ နန့်အက်ချောင်းမှ ရေသယံဇာတများရရှိနိုင်သည်ကို တွေ့ရှိခဲ့ကြသည်။ ယင်းချောင်းပေါ်ရှိ ကျိုင်းခမ်းကျေးရွာအနီး၌ ရေလှောင်တမံတည်ဆောက်ပါက ဒေသအတွက်လျှပ်စစ်ဓာတ်အား ထုတ်လွှတ်ပေးမည်ဖြစ်ပြီး အောက်ဘက်ရှိဇော်ဂျီရေလှောင်တမံသို့ ရေကူဖြည့်တင်းပေးမည်ဖြစ်သည်။ ဇော်ဂျီတမံမှတစ်ဆင့် မြို့ကြီး ရေလှောင်တမံသို့ဆက်လက်ရေဖြည့်တင်းသွားမည်ဖြစ်သည်။ မြို့ကြီးရေလှောင်တမံမှတစ်ဆင့် ကင်းတားရေလွှဲဆည်လက်ယာမြောင်း ဆည်ရေသောက်စနစ်သို့ ရေများ ပေးဝေမည်ဖြစ်သည်။ ကင်းတားရေလွှဲဆည်မှ လက်ယာမြောင်းသို့ ပေးဝေမည့်ရေများကို မြို့ကြီးမြောင်းမတော်နှင့် ကင်းတားလက်ဝဲမြောင်းမှတစ်ဆင့် မိုးရွာသွန်းမှုနည်းပါးကာ ရေရှားပါးပြီး ပူပြင်းခြောက်သွေ့နေသည့် မိတ္ထီလာလွင်ပြင်ဒေသရှိစိုက်ပျိုး၍ မရနိုင်သောမြေများကို စိုက်ပျိုးရေပေးဝေ၍ မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေးစီမံကိန်းချမှတ်ကာ ဆောင်ရွက်နေခြင်းဖြစ်သည်။

မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေးအတွက် ရေကူဖြည့်ပေးမည့် ကျိုင်းခမ်းရေလှောင်တမံကို တောင်ကြီးခရိုင် ရပ်စောက်မြို့နယ်၊ ကျိုင်းခမ်းရွာအနီးတွင် နန့်အက်ချောင်းကိုပိတ်၍ ၂၀၀၆ ခုနှစ်က စတင်တည်ဆောက်ခဲ့သည်။ တမံအမျိုးအစားမှာ မြေသားတမံ ဖြစ်သည်။ တမံအမြင့် ၁၅၄ ပေ၊ တမံအလျား ပေ ၁၄၁၀၀၊ ကန်ရေပြည့်ရေလှောင်ပမာဏ ပေ ၃၄၅၃၅၀၊ ရေအားလျှပ်စစ် ထုတ်ပြွန်အမျိုးအစား သံမဏိပိုက်လုံးဖြစ်ပြီး ရေပိုလွှဲအမျိုးအစား သံကူကွန်ကရစ်ဖြစ်သည်။ အကျယ်ပေ ၁၅၀၊ အလျား ၁၂၇၉ ပေ၊ ရေအားလျှပ်စစ်တပ်ဆင်ဓာတ်အား ၆ မဂ္ဂါဝပ် (၃မဂ္ဂါဝပ်×၂လုံး)နှစ်စဉ် ၂၀ ကီလိုဝပ်နာရီသန်းပေါင်း ထုတ်လွှတ်မည်ဖြစ်သည်။ ကျိုင်းခမ်းရေလှောင်တမံကို စက်ယန္တရားကြီးများဖြင့် တည်ဆောက်နေရာ ၂၀၂၀ ပြည့်နှစ်တွင် အပြီး တည်ဆောက်သွားမည်ဖြစ်သည်။

ကျိုင်းခမ်းရေလှောင်တမံပြီးစီးပါက အောက်ဘက်ရှိတည်ဆောက်ပြီး ဇော်ဂျီရေလှောင်တမံသို့ ရေကူဖြည့်တင်းပေးမည်ဖြစ်ပြီး ဇော်ဂျီရေလှောင်တမံမှလည်း လျှပ်စစ်ဓာတ်အားပိုမို၍ တိုးမြှင့်ထုတ်လွှတ်ပေးနိုင်မည်ဖြစ်သည်။ ဇော်ဂျီတမံမှအသုံးပြုထုတ်လွှတ်ရေကို မြို့ကြီးရေလှောင်တမံသို့ ဇော်ဂျီမြစ်မှတစ်ဆင့် ဆက်လက်ဖြည့်တင်း ပေးနိုင်မည်ဖြစ်သည်။ မြို့ကြီးရေလှောင်တမံမှလည်း လျှပ်စစ်ဓာတ်အားပိုမိုတိုးမြှင့်ထုတ်လွှတ်ပေးနိုင်မည်ဖြစ်သည်။

ကျိုင်းခမ်းရေလှောင်တမံ တည်ဆောက်ပေးခြင်းဖြင့် အောက်ဘက်ရှိဇော်ဂျီရေလှောင်တမံနှင့် မြို့ကြီးရေလှောင်တမံတို့မှ လျှပ်စစ်ဓာတ်အားပိုမိုထုတ်လွှတ်နိုင်ပြီး ရေကိုလည်းပိုမိုသိုလှောင်နိုင်မည်ဖြစ်သည်။ မြို့ကြီးရေလွှဲဆည်မှတစ်ဆင့် ရေဧကပေ ၄ ဒသမ ၅ သိန်းခန့်ကို ကင်းတားရေသောက်စနစ်များသို့ ရေဖြည့်တင်းပေးမည်ဖြစ်သောကြောင့် ကင်းတားရေလွှဲဆည်မှ မြို့ကြီးမြောင်းမတော်နှင့် ကင်းတားလက်ဝဲမြောင်းမှတစ်ဆင့် မိတ္ထီလာလွင်ပြင်သို့ လျှပ်စစ်ရေတင်စနစ်ဖြင့်ရေပို့လွှတ်ပေးမည်ဖြစ်သည်။ ထို့ကြောင့် ကင်းတားရေလွှဲဆည်မှတစ်ဆင့် လျှပ်စစ်ရေတင်စနစ်ဖြင့် ဝမ်းတွင်းမြို့နယ်နှင့် သာစည်မြို့နယ်အတွင်းရှိ စိုက်ပျိုးမြေဧရိယာ ၃၃၀၀၀ ကို ရေပေးဝေခြင်းဖြင့် စိမ်းလန်းစိုပြည်၍ သီးနှံအထွက်တိုးပြီး ဒေသတွင်း ဝမ်းစာဖူလုံကာ လူမှုစီးပွားရေးဘဝတိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း သိရသည်။

**တင်လှိုင် (မိတ္ထီလာ)**

# မဲဇလီ(၂) ရေထိန်းတံခါးကိုအမှီပြု၍ ယခုနှစ်အတွင်း နွေစပါးဧက ၂၀၀၀ ခန့် ပိုမိုစိုက်ပျိုးနိုင်မည်




နွေစပါးစိုက်ပျိုးမှုကိုအထောက်အကူပြုနေသောမဲဇလီ (၂) ရေထိန်းတံခါးကိုတွေ့ရစဉ်။

**ညောင်တုန်း မတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် မဲဇလီကျေးရွာအနီးရှိ မဲဇလီ (၂) ရေထိန်းတံခါးကိုအမှီပြု၍ ယခုနှစ်အတွင်း နွေစပါးဧက ၂၀၀၀ ခန့်ကို ပိုမိုစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

၂၀၁၆ ခုနှစ် မတ်လကတည်ဆောက်ပြီးစီးခဲ့သော မဲဇလီ (၂) ရေထိန်းတံခါးသည် နွေရာသီတွင် ပန်းလှိုင်မြစ်မှ ရေချိုကို ပြန်လည်ပေးသွင်းသဖြင့် ညောင်တုန်းမြို့နယ်၊ ထန်းတပင်မြို့နယ်နှင့် တွံတေးမြို့နယ်များရှိ ဒေသခံတောင်သူများသည် နွေစပါးကိုတိုးချဲ့စိုက်ပျိုးကြသည်။ ထို့အပြင် မိုးရာသီတွင်လည်းမဲဇလီ (၂) ရေထိန်းတံခါးအနေဖြင့် ရေကြီးနစ်မြုပ်မှုကိုကာကွယ်ပေးသဖြင့် ဒေသခံတောင်သူများအတွက် အကျိုးပြုသည့် ရေထိန်းတံခါးဖြစ်လာသည်။

မဲဇလီ(၂) ရေထိန်းတံခါးကဲ့သို့ ပန်းလှိုင်မြစ်ကြောင်းတစ်လျှောက်ရှိရေထိန်းတံခါးများဖြစ်သောသံပရာချောင်းရေထိန်းတံခါး၊ ခတ္တိယရေထိန်းတံခါး၊ မြဂဲရေထိန်းတံခါး၊ မင်္ဂလာရေထိန်းတံခါး၊ မရွှေဥရေထိန်းတံခါး၊ ထိုးဝါးရေထိန်းတံခါး၊ မြစိမ်းရောင်ရေထိန်းတံခါးများမှာလည်းရေကြီးမှုကို ကာကွယ်ခြင်းနှင့်ရေချိုသွင်းမှုများကိုလည်းအထောက်အကူပြုကြောင်း သိရသည်။

မဲဇလီ(၂) ရေထိန်းတံခါးတွင် (၆ × ၈) ပေ Flap Gate ၁၄ ပေါက်ပါရှိပြီး ထိရောက်သောရေချိုပေးသွင်းနိုင်သည့် Radial Gate များတပ်ဆင်ထားသည်။ ပြီးခဲ့သော ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် နွေစပါးစိုက်ပျိုးမှုမှာ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်တွင် ဧက ၄၀၀၊ တွံတေးမြို့နယ်တွင် ဧက ၅၇၀၀၊ ဧရာဝတီတိုင်းဒေသကြီးညောင်တုန်းမြို့နယ်တွင် ၃၀၅၁ ဧက စုစုပေါင်း ၉၁၅၁ ဧကစိုက်ပျိုးနိုင်ခဲ့သည်။

ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မဲဇလီ (၂) ရေထိန်းတံခါးမှ ရေချိုဖြည့်ဆည်းပေးနိုင်မည်ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးထန်းတပင် မြို့နယ်တွင် ဧက ၉၀၀၊ တွံတေးမြို့နယ်တွင် ဧက ၇၀၀၀နှင့် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ၃၀၅၁ ဧက စုစုပေါင်း ၁၀၉၅၁ ဧကစိုက်ပျိုးနိုင်ခဲ့သဖြင့် ယခင်နှစ်ထက် ဧက ၁၈၀၀ ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**မင်းခန့် (မွန်)**

# လယ်ယာသုံးစက်မျိုးစုံဝယ်ယူရန် ငွေကျပ်သန်း ၂၀၀၀ ကျော်ထုတ်ချေး

**မန္တလေး မတ် ၁၁**

မတ် ၇ ရက်က ထုတ်ချေးပေးသောငွေသည် တောင်သူများအတွက်လည်း အကျိုးရှိ၊ စက်ကိရိယာထုတ်လုပ်သည့် လုပ်ငန်းရှင်များအတွက်လည်း အကျိုးရှိသော Win Win Policy ဖြစ်သဖြင့်ထိုကဲ့သို့ ဆောင်ရွက်မှုမျိုးများစွာ ဖြစ်ထွန်းလာစေရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်က ပုသိမ်ကြီးမြို့နယ် နန်းဦးလွင်ကျေးရွာ အရှေ့ဘက်ရှိ တောင်သူဦးမျိုးသန့်၏ခြံတွင် မတ် ၇ ရက်က ပြုလုပ်သော JICA ချေးငွေဖြင့် လယ်ယာသုံးပစ္စည်းများအား တောင်သူလယ်သမားများသို့ လွှဲပြောင်းပေးအပ်ပွဲတွင် ပြောကြားခဲ့သည်။

အခမ်းအနားတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီချေးငွေအထောက်အပံ့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်ဆင့်ချေးငွေ (Two Step Loan) ဖြင့်ဝယ်ယူသည့် လယ်ယာသုံးစက်ကိရိယာများအား မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တောင်သူလယ်သမားများသို့ ပေးအပ်ခြင်းဖြစ်ပြီး မြို့နယ် ၁၄ မြို့နယ်မှ တောင်သူ ၇၀ ကိုလယ်ယာသုံးစက်မျိုးစုံအစီးရေ ၇၀ အတွက် ငွေကျပ်သန်း ၂၃၁၃ ဒသမ ၉၀ သန်းကို ထုတ်ချေးခဲ့သည်။ ယင်းနောက်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးဦးမင်း သူက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဆောင်ရွက်နေသော လုပ်ငန်းစဉ်များနှင့် JICA နှစ်ဆချေးငွေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မြောက်ယမားရေလှောင်တမံ၏ မူလမြောင်းမကြီးပြုပြင်

**ပုလဲ မတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်အတွင်းရှိ မြောက်ယမားရေလှောင်တမံ မူလမြောင်းမကြီး ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီးဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ကမ္ဘာ့ဘဏ်ချေးငွေစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (ADSP) ဖြင့် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မြောင်းမကြီးသည် အရှည်ပေ ၈၄၀၀၀ ရှိပြီး ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းအဖြစ် တူးမြောင်းပုံစံကျပြုပြင်ခြင်းကို အရှည်ပေ ၈၄၀၀၀ ကိုလည်းကောင်း၊ တူးမြောင်းလိုင်နင်စီခြင်းလုပ်ငန်း အရှည်ပေ ၁၈၆၀၀ ကိုလည်းကောင်း စီမံကိန်းပထမနှစ်ဖြစ်သော ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်းလုပ်ဆောင်သွားမည်ဖြစ်သည်။ စီမံကိန်းပထမနှစ်အတွက်လုပ်ငန်းများကို ၂၀၁၈ ခုနှစ်ဇန်နဝါရီလဆန်းပိုင်းမှစတင်လုပ်ဆောင်လျက်ရှိရာ ယခုအခါ ၃၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်းနှင့်စီမံကိန်းအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ကာလအတွင်း အပြီးလုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ယခုစီမံကိန်းပြီးစီးပါက စိုက်ပျိုးဧရိယာဧက ၁၀၀၈၀ ကို စိုက်ပျိုးရေ အပြည့်အဝဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**သဲကုန်း မတ် ၁၁**

သဲကုန်းမြို့နယ်ကျေးလက်ဒေသမှ အကောင်အထည်ဖော်ဆောင်လျက်ရှိသော (ကြို့ကုန်း+ သဲကော) ကျေးရွာ မြစိမ်းရောင်စီမံကိန်းသို့ မတ် ၃ ရက်က မြို့နယ်ဦးစီးမှူး ဦးကိုမောင် နှင့် ဝန်ထမ်းများက ကျေးရွာ ၆ ယူနစ် စုပေါင်း၏ ငွေစာရင်းရေးသွင်းမှုသင်တန်းပို့ချခြင်းနှင့် စီမံကိန်းလုပ်ငန်းအခြေအနေများကို ကွင်းဆင်းကြည့်ရှုခြင်းများ ပြုလုပ်ဆောင် ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရေးမြစ်ချောင်းအတွင်း၌ ဆေးခတ်ဖမ်းဆီးမှုများကြောင့် ငါးသယံဇာတရှားပါးမှု ကြုံတွေ့နေရ

**ရေး မတ် ၁၁**

မွန်ပြည်နယ် ရေးမြို့ ရေးမြစ်ချောင်းအတွင်း ငါးဆေးခတ်ဖမ်းဆီးခြင်းကြောင့် ငါးသယံဇာတရှားပါးမှုများနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

"ဆေးခတ်ပြီး ဖမ်းဆီးလာတဲ့အခါ ငါးသယံဇာတတွေက ရှားပါးလာသလို ပုစွန်တွေ ပိုမိုအထိနာသေဆုံးလာတယ်၊ ငါးတွေလည်း လွန်ခဲ့တဲ့ လေးနှစ်လောက်တုန်းက ငါးဖမ်းသမားတစ်ဦးကို ငါးပိဿာလောက်ရပေမယ့် အခုအချိန်မှာ တစ်ပိဿာလောက်ပဲရပါတယ်" ဟု ငါးဖမ်းလုပ်ကိုင်သူ ဦးဆန်းဝင်းက ပြောသည်။

မိရိုးဖလာ ငါးဖမ်းသမားအများစုက "ငါးသယံဇာတတွေ ရှားပါးလာတဲ့အခါ မဆင်မခြင် ငါးဖမ်းသမားတွေကို ထိရောက်တဲ့အရေးယူမှုတွေ ပြုလုပ်နိုင်ဖို့အတွက် သက်ဆိုင်ရာတာဝန်ရှိသူတွေထံ တင်ပြထားခဲ့ပေမယ့်လည်း ယနေ့အချိန်အထိ မဆင်မခြင်ငါးဖမ်းသမားတချို့တွေ ရှိနေပါတယ်" ဟု ပြောသည်။

"ဆေးခတ်ငါးဖမ်းနေတာရှိလာတဲ့အပေါ် ဖမ်းဆီးအရေးယူဖို့ စစ်ဆေးပေမယ့် သက်သေအထောက်အထားတွေမရှိလို့ အခက်အခဲဖြစ်ရပါတယ်၊ ဒေသခံတွေက ပူးပေါင်းပါဝင်ဖို့ လိုပါတယ်၊ ဒီနှစ်ထဲမှာ ဒေသခံတွေက သတင်းပေးမှု၊ ပူးပေါင်းမှုတွေကြောင့် တစ်မှုတော့ တရားစွဲနိုင်ခဲ့ပါတယ်၊ လက်ရှိတော့အသိပညာပေးလုပ်ငန်းတွေပဲ လုပ်နိုင်ပါတယ်" ဟု မြို့နယ်ဦးစီးမှူး ဦးဇော်မင်းဦးက ပြောသည်။

ရေးမြစ်ချောင်းမှာ ရေပေါ်ငါးများအပြင် ပုစွန်အများဆုံးရရှိသည့် နေရာလည်းဖြစ်သလို လွန်ခဲ့သော သုံးနှစ်ခန့်ကစပြီး ငါးသယံဇာတများမရရှိကြသည့်အခါ ငါးဖမ်းသမားမိသားစုများ စားဝတ်နေရေးအခက်တွေ့နေကြောင်း သိရသည်။

**နေမျိုးထွဋ် (ရေး)**



# ဖရဲ၊ သခွား ခူးဆွတ်သိုလှောင် သယ်ယူရာတွင် လိုက်နာရမည့်အချက်များ သင်ကြားပေးမည်

**နေပြည်တော် မတ် ၁၁**

ဖရဲ၊ သခွား ခူးဆွတ်၊ သိုလှောင်၊ သယ်ယူရောင်းချရာတွင် လိုက်နာရမည့် အချက်များကို ဖရဲ၊ သခွား ကုန်သည်များအစုအဖွဲ့က မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်း ဒေသကြီးနှင့် နေပြည်တော်တို့ရှိ ဖရဲ၊ သခွားစိုက်ပျိုးသူ တောင်သူများထံသို့ လာမည့်ဧပြီလအတွင်း ကျေးရွာများအရောက် ကွင်းဆင်းဆွေးနွေး အသိပညာပေးကာ တောင်သူများထံမှုဝေသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတ်မှတ်ရက်မပြည့်သည့် ဖရဲ၊ သခွားသီးအနုများကို ဆွတ်ခူးမှုပြုလုပ်သဖြင့် ဖရဲဈေးကွက်ပျက်သည်အထိ တွေ့ကြုံရသဖြင့် သတ်မှတ်ရက်ပြည့်မှ ဆွတ်ခူးရန်၊ အရောင်းအဝယ် ပျက်ပြယ်ပါက စိုက်ပျိုးထုတ်လုပ်သူ တောင်သူများများစွာထိခိုက်ဆုံးရှုံးသဖြင့် နစ်နာကြေးအဖြစ် ပေးလျော်စေရန်အပါအဝင် ကုန်ပစ္စည်းချိန်းပြောင်း သယ်ဆောင်မှုအချိန်သတ်မှတ်ချက်ကို သုံးရက်မှ နှစ်ရက်သို့ လျှော့ချပေးရန်၊ စံချိန်စံညွှန်းသတ်မှတ်၍ ရောင်းချကုန်သွယ်မှု မရှိသည့်အတွက် စံချိန်စံညွှန်း သတ်မှတ်ရန်၊ စံချိန်စံညွှန်းသတ်မှတ်မှု ပြီးစီးပါက ယာဉ်ပေါ်သို့ ဖရဲသီး၊ သခွားသီးများ တင်ဆောင်ရာတွင် လိမ်ညာမှုမရှိဘဲ သမာသမတ်ကျကျ တင်ဆောင်ပေးရန်၊ ဖရဲ၊ သခွားသီးများ ဆွတ်ခူးရာတွင် အရည်အသွေး အရွယ်အစား တန်းတူဖြစ်စေရေး အထူးအလေးထားဆွတ်ခူးရန်၊ ဖရဲသခွားသီးများကို နေပူချိန်တွင် ဆွတ်ခူးပြီး ကားပေါ်တွင် မိုးကာအုပ်၍ အလုံပိတ် သယ်ဆောင်ခြင်းကြောင့် အပူလောင်ကာ ကုန်ပစ္စည်းများ ပျက်စီးတတ်သဖြင့် နေ့လယ် ၁၁ နာရီအချိန်တွင် ဆွတ်ခူးပြီး ညအချိန်မှ ကုန်တင်ယာဉ်ပေါ်သို့ တင်ဆောင်ရန် စသည်တို့ကို တောင်သူများအား ဆွေးနွေးမှုဝေသင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။



“ရောင်းချဖို့ တာဝန်ရှိသူတိုင်းက တောင်သူတွေ အသီးခူးဆွတ်ဖို့ ညှိနှိုင်းတဲ့အခါမှာ ခူးရက်ပြည့်မပြည့်၊ ရေသွင်းရက် ပြည့်မပြည့်၊ ရေဖြတ်ရက်နဲ့ ခူးဆွတ်မယ့် အခြေအနေတွေကို သက်ဆိုင်ရာ ဝယ်ယူထားတဲ့ ကုန်သည်နဲ့ ဆက်သွယ်ပြောကြားဖို့ လိုအပ်နေတယ်၊ ဒါ့အပြင် ကုန်သည်ကနေတစ်ဆင့် ပွဲရုံရောင်းတဲ့အခါမှာလည်း ကုန်ပစ္စည်း အာမခံချက် ရရှိလာဖို့နဲ့ တောင်သူလိုက်နာရမယ့် စည်းမျဉ်းတွေ၊ ပွဲရုံတွေ၊ ကုန်သည်တွေ လိုက်နာရမယ့် စည်းမျဉ်းတွေ သိရှိပြီးတော့ သေချာလိုက်နာဖို့ လိုအပ်နေတယ်”ဟု ဖရဲ၊ သခွား ကုန်သည်များအစုအဖွဲ့မှ ဈေးကွက်မန်နေဂျာ ကိုသားစိုးက ပြောသည်။

တစ်ဖက်နိုင်ငံသို့ ကုန်ပစ္စည်းများ ရောက်ရှိချိန်တွင် ကုန်ပစ္စည်းများ၏ အရည်အသွေး ပြောင်းလဲသွားခြင်း၊ ကုန်ပစ္စည်း အနာအဆာများ များပြားလာခြင်း၊ သတ်မှတ်တန်ချိန် လျော့နည်းသွားခြင်း၊ စီးပွားရေးကျင့်ဝတ်ဖောက်ဖျက်မှုများရှိနေခြင်းတို့အတွက်လည်း နှစ်ဖက်ညှိနှိုင်း၍ ဆောင်ရွက်သွားရန် လိုအပ်သည်ဟု ၎င်းကဆိုသည်။

ဖရဲ၊ သခွား စိုက်ပျိုးထုတ်လုပ် တင်ပို့နေသည့် တောင်သူများအတွက် နည်းပညာနှင့်လိုအပ်သော အထောက်အကူ ပစ္စည်းပံ့ပိုးပေးရန်၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးရန် စသည့်အချက်များ လိုအပ်နေကြောင်းလည်း သိရသည်။

**ဇာလင်းသူ**(AMIA)၊

**ဓာတ်ပုံ- ကေဇူး**(AMIA)

# ကျောက်ဆည်မြို့နယ်အတွင်း ကျေးရွာများ၌ နွေစပါးများ စတင်စိုက်ပျိုးလျက်ရှိ

**ကျောက်ဆည် မတ် ၁၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းမှ တောင်သူများအနေဖြင့် မတ်လဆန်းမှစ၍ နွေစပါးများ စတင်စိုက်ပျိုးနေပြီဖြစ်ကြောင်း သိရသည်။ ကျောက်ဆည်မြို့နယ်တွင် နှမ်း၊ စပါး၊ ဥယျာဉ်ခြံသီးနှံနှင့် အခြားသီးနှံမျိုးစုံ စိုက်ပျိုးရာတွင် မိုးလေဝသမှန်ကန်ခြင်းတို့ကြောင့် ရာသီအလိုက် အချိန်နှင့်တစ်ပြေးညီစိုက်ပျိုးလျက်ရှိကာ လယ်ယာသုံးစက်ကိရိယာများကို ခေတ်နှင့်အညီ အသုံးပြုလာခြင်းကြောင့် တောင်သူများစိုက်ပျိုးရေးတွင် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

စပါးစိုက်ပျိုးရာတွင် ခေတ်မီစက်များဖြင့် မြေပြင်ဆင်ခြင်း၊ ရှစ်တန်းပါ ကောက်စိုက်စက်ဖြင့်စိုက်ပျိုးခြင်း၊ ရိတ်သိမ်းချိန်တွင် ရိတ်သိမ်းခြွေလှေ့စက်များကို အသုံးပြုခြင်းတို့ကြောင့် တောင်သူများအချိန်တိုအတွင်း ပြီးစီးခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း အကျိုးကျေးဇူးများလည်း ရရှိကြောင်း၊ နွေစပါး စိုက်ပျိုးရာတွင် မြေနိမ့်ရေဝပ်ပိုင်းများနှင့် ရေလွယ်ကူစွာရရှိသော နေရာများတွင် စိုက်ပျိုးကြပြီး ကောက်စိုက်ခြင်းဖြင့်လည်းကောင်း၊ ဒေသအခေါ် တဆံကြဲပက်၍ စိုက်ပျိုးခြင်းနည်းဖြင့်လည်းကောင်း စိုက်ပျိုးကြကြောင်း သိရသည်။

**ခင်မောင်လွင်**

# ကုန်စည်လိုင်းပေါင်း ၃၀၀၀ ကျော်ကို ပို့ကုန်လိုင်စင် လျှော့ချခွင့်ပြု

**နေပြည်တော် မတ် ၁၁**

နိုင်ငံတော်လုံခြုံရေးနှင့် စားနပ်ရိက္ခာ ဖူလုံရေးအတွက် ကုန်စည်လိုင်းပေါင်း ၃၃၄၅ လိုင်းကို ပို့ကုန်လိုင်စင် လျှော့ချထားခွင့်ပြုလိုက်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

ထိုသို့ လိုင်စင်လျှော့ချထားရာတွင် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအရ ပိတ်ပင် တားမြစ်ထားသော ကုန်စည်များနှင့် သီးခြားအမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ထားသော ကုန်စည်များ တင်ပို့ခြင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ဥပဒေ၊ နည်းပညာ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

“ပို့ကုန်လိုင်စင် လျှော့ချထားရန် လိုအပ်တာကို အမိန့်ကြော်ငြာစာထုတ်ပြန်တဲ့ရက် ၉၀ ပြည့်မြောက်ရင် လိုင်စင်လျှော့ချထားခွင့်ပြုထားတယ်၊ ပို့ကုန်၊ သွင်းကုန် လိုင်စင်လျှော့ချထားတာကို လိုအပ်သလို ဖြေလျှော့ပေးတာတွေ ဆောင်ရွက်နေတယ်”ဟု ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက ပြောသည်။

နည်းပညာနှင့် ငွေကြေးအကူအညီများပေးရန် ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများ၊ အဖွဲ့အစည်းများကိုလည်း ဖိတ်ခေါ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ကုန်သွယ်မှု မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို နိုင်ငံတကာအဖွဲ့အစည်းများ၏ သဘောတူညီချက်များနှင့် လိုက်လျောညီထွေစွာဖြင့် ဆက်လက်ပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

ထိုသို့ လျှော့ချထားရန်လိုသော အမယ်စာရင်းများတွင် တိရစ္ဆာန်ထွက်၊ တိရစ္ဆာန်ထွက်ပစ္စည်းများ၊ ရှားပါးအပင်၊ မျိုးစေ့၊ ဆန်၊ စပါး၊ ဆီနှင့် ဆီထွက်သီးနှံ၊ သတ္တုတွင်းထွက် ကုန်ကြမ်းများ၊ ဓာတုပစ္စည်းများ၊ အဖိုးတန်ကျောက်မျက်များ၊ ရှေးဟောင်းပစ္စည်းများ စသည့်အုပ်စုများ ပါဝင်ကြောင်း သိရသည်။

ကုန်သွယ်မှု အဆင်ပြေချောမွေ့စေရေးအတွက် ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် လိုင်စင်လျှော့ချထားရာတွင် အချိန်နှင့် ငွေကုန်သက်သာပြီး မြန်ဆန်တိကျစွာ ဆောင်ရွက်နိုင်ရေးအတွက် Fully Online Licensing System ကို အကောင် အထည်ဖော် ဆောင်ရွက်နေကြောင်း သိရသည်။

ပြည်ပသို့ တင်ပို့မှုပိတ်ပင်ထားသည့် ကုန်စည်စာရင်းမှာ ၁၉၉၉ ခုနှစ်က အမျိုးအစား ၃၂ ခုရှိခဲ့ရာမှ တဖြည်းဖြည်း ဖြေလျှော့ခဲ့ရာ ၂၀၀၈ ခုနှစ်တွင် အမျိုးအစား ၁၅ မျိုးရှိလာကာ ၂၀၁၁ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တွင် ထပ်မံဖြေလျှော့ခဲ့သည့်အတွက် လက်ရှိတွင် အမျိုးအစားပေါင်း ခုနစ်မျိုးခန့်သာ ကျန်ရှိတော့ကြောင်း သိရသည်။ ကုန်သွယ်မှုမူဝါဒများ နိုင်ငံတကာနှင့်အညီ လိုက်လျောညီထွေ ဖြစ်စေရေးနှင့် ပို့ကုန်၊ သွင်းကုန် လိုင်စင်လျှော့ချထားရန်မလိုသည့် ကုန်ပစ္စည်းအမယ်များကိုလည်း ဖြေလျှော့ပေးမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြတ်သူ** (AMIA)


တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တက်ရောက်နေသူများအတွက် IT Engineer တစ်ယောက်အဖြစ် ရပ်တည်နိုင်ရန် ပြုစုပျိုးထောင်ပေးနေသည့်

METRO IT & Japanese Language Centre

Only One School in Myanmar

သင့်ရင်သွေး၏ အနာဂါတ်ဘဝလမ်းကြောင်း အောင်မြင်ဖို့ Metro ကျောင်းမှာ ယုံကြည်စွာ အပ်နှံလိုက်ပါ။

IT ဂျပန်ဘာသာ

ဂျပန်နိုင်ငံ Nagasaki မြို့ရှိ Metro IT Business College မှ တိုက်ရိုက်ချမှတ် ပေးသည့် IT ဘာသာရပ် သင်ရိုးညွှန်းတမ်းများအတိုင်း မြန်မာနိုင်ငံတွင် ကုန်ကျစရိတ် ချိုသာစွာဖြင့် သင်ကြားပေးနေသော သင်တန်းကျောင်း

ဂျပန်နိုင်ငံ၏ IT ကုမ္ပဏီများတွင် IT Engineer များအဖြစ် အလုပ်အကိုင် ဝင်ရောက်နိုင်ရန် ဂျပန် ဘာသာရပ်ကို ကျွမ်းကျင်စွာ တတ်မြောက်သည်အထိ 2 နှစ်တာ အခမဲ့ တွဲဖက်သင်ကြား ပေးနေသော သင်တန်းကျောင်း

ဂျပန်နိုင်ငံမှ IT ပညာရှင် ဆရာများက ဦးစီး၍ အတွေ့အကြုံရှိ IT ပညာရှင် မြန်မာလူမျိုး ဆရာ၊ ဆရာမများက IT ဘာသာရပ်များကို သင်ကြားပေးပြီး ဂျပန်ဘာသာရပ်တွင်လည်း သင်ကြားရေး အသိအမှတ်ပြုလက်မှတ်ရ ဂျပန်လူမျိုး Native ဆရာများနှင့် အတွေ့အကြုံရှိ မြန်မာလူမျိုး ဆရာ၊ ဆရာမများက သင်ကြားပေးနေသော သင်တန်းကျောင်း

သင်တန်းကာလမှာ2နှစ်ဖြစ်ပြီး ကျောင်းသင်ခန်းစာ များအပြင် Cultural Activity လှုပ်ရှားမှုများ၊ လုပ်ငန်းခွင်တွင် အထောက်အကူ ဖြစ်စေမည့် Presentation Skill အတွက် လေ့ကျင့်ပေးမှုများ၊ ပျော်ရွှင်ဖွယ်ရာ School Event များပါဝင်ပြီး အစီပွါယ်ပြည့်ဝသော ကျောင်းသားဘဝကို ခံစားရရှိနိုင်အောင် ဆောင်ရွက်ပေးနေသော သင်တန်း ကျောင်း

ကျောင်းသားတစ်ဦးချင်းစီအား Continuous Assessment System ဖြင့် သင်ကြားအကဲဖြတ်ပေးပြီး သင်တန်းကာလ ပြီးမြောက်ချိန်တွင်လည်း ကျောင်းသား တစ်ဦးချင်းစီအား အလုပ်အကိုင်လမ်းညွှန်မှု (Job Guidance)နှင့် လုပ်ငန်းခွင်များသို့ အလုပ်အကိုင် ဝင်ရောက်နိုင်စေရန် အလုပ်မိတ်ဆက်ပေးခြင်း(Job Introduction)များကို ဆောင်ရွက်ပေးနေသော သင်တန်းကျောင်း

သင်တန်းကာလမှာ 2 နှစ်တာ ပြီးမြောက်ချိန်တွင် အသိအမှတ်ပြု Diploma အောင်လက်မှတ် ရရှိမည်ဖြစ်ပြီး စံနစ်ကျနသည့် သင်ကြားရေး နည်းဗျူဟာများကြောင့် Japan နိုင်ငံ National Exam နှင့် အခြားသော နိုင်ငံတကာ အသိအမှတ်ပြု IT အရည်အချင်းစစ် အသိအမှတ်ပြု အောင်လက်မှတ်များကို ရရှိနိုင်အောင် သင်ကြားပေးနေသော သင်တန်းကျောင်း

တွဲဖက်သင်ကြားပေးသည့် ဂျပန်ဘာသာရပ်တွင်လည်း ဂျပန်နိုင်ငံ အသိအမှတ်ပြု ဂျပန်ဘာသာ အရည်အချင်းစစ် အောင်လက်မှတ်များကို level အလိုက် အသီးသီး ရရှိပိုင်ဆိုင်နိုင်အောင် လေ့ကျင့်သင်ကြားပေးနေသော သင်တန်းကျောင်း ၊ သန့်ရှင်းသပ်ရပ်သော စာသင်ခန်းများအတွင်း ပြီးပြည့် စုံသော သင်ထောက်ကူပစ္စည်းများဖြင့် စိတ်အေးချမ်းမြေ့စွာ ပညာသင်ယူနိုင်သော သင်တန်းကျောင်း

18 March 2018 ( Sunday ) နေ့လည် 1 နာရီတွင် ဘာသာရပ်ဆိုင်ရာ ရှင်းလင်းပွဲပြုလုပ်သွားမှာ ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများ ဖုန်းဖြင့်ကြိုတင်စာရင်းပေးသွင်း၍ အခမဲ့ တက်ရောက်ဆွေးနွေးနိုင်ပါတယ်။ 01-372691, 01-372610, 09-976334160

Room No(A,B,C,D), 3rd Floor, Kyaw Business Tower Condo,Pansodan Street (middle block), Kyauktada Township, Yangon.

Room No(7), Mandalay ICT Park, 3rd Floor, Yadanarbon Super Center, Corner of 34 x 78 Street, Mandalay. 09-401000510

mminfo@metro-myanmar.com www.metro-myanmar.com/mic metrogroupmyanmar

July Intake တန်းခွဲသစ်အတွက် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါပြီ။

# နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်ဆု ချီးမြှင့်ခံရသည့် ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း အတွက် ဂုဏ်ယူဂမ်းမြောက်ခြင်း

၂၀၁၈ ခုနှစ်၊ မတ်လ(၆)ရက်နေ့၊ နေပြည်တော်၊ နိုင်ငံတော်သမ္မတအိမ်တော်၌ ကျင်းပသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်အစိုးရသစ်လက်ထက် ပထမဆုံးအကြိမ်ချီးမြှင့်သည့် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်ဆု ချီးမြှင့်ခြင်းအခမ်းအနားတွင် ၂၀၁၁-၂၀၁၂ မှ ၂၀၁၆-၂၀၁၇ အခွန်စည်းကြပ်နှစ်အထိ၊ တစ်နိုင်ငံလုံးတွင် ပထမနေရာမှ (၆)နှစ်ဆက်ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ခြင်းကြောင့် နိုင်ငံတော် သမ္မတ ဦးထင်ကျော်မှ ချီးမြှင့်သည့် **"နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်ဆု"** ကို လည်းကောင်း၊

၂၀၁၁-၂၀၁၂ မှ ၂၀၁၃-၂၀၁၄ အခွန်စည်းကြပ်နှစ်အထိ မြန်မာတစ်နိုင်ငံလုံးတွင် ပထမနေရာမှ(၃)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့သဖြင့် နိုင်ငံတော်သမ္မတ၏ **(၃)နှစ်ဆက် "နိုင်ငံ့စွမ်းဆောင်ရည်ဆု (နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် အများဆုံးသယ်ပိုးထမ်းဆောင်ခဲ့သော လုပ်ငန်းရှင်-ပထမဆု)"** ကို လည်းကောင်း၊

၂၀၁၇-ခုနှစ်၊ စက်တင်ဘာလ(၆)ရက်၊ ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တွင် ဖိလစ်ပိုင်နိုင်ငံ၊ သမ္မတ Mr.Rodrigo Duterte မှ ပေးအပ်ချီးမြှင့်ခဲ့သည့် အာဆီယံနှစ်(၅၀)အတွင်း ပထမဆုံးအကြိမ် ပေးအပ်ချီးမြှင့်သော အမြင့်မားဆုံးဆု **"The Legacy Award (အာဆီယံထူးချွန် စံပြစီးပွားရေး လုပ်ငန်းရှင်ဆု)"** ကို လည်းကောင်း၊

အင်္ဂလန်နိုင်ငံ၊ World Finance မှ ၂၀၁၄၊ ၂၀၁၅ နှင့် ၂၀၁၆ ခုနှစ် (၃)နှစ်ဆက် ပေးအပ်ချီးမြှင့်ခဲ့သော အာရှတိုက် အတွက် **"Banker of the Year in Asia (စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုဆိုင်ရာ စွမ်းဆောင်ရည် အကောင်းဆုံး ဘဏ်ဥက္ကဋ္ဌဆု)"** နှင့် အခြား နိုင်ငံတကာဆု အမြောက် အမြား ကိုလည်းကောင်း၊

နာယကအဖြစ် ဦးဆောင်လျက်ရှိသော ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် နိုင်ငံတွင်း ကဏ္ဍအသီးသီးတွင် နေရာဒေသ မရွေး၊ လူမျိုးဘာသာမရွေး ထိပ်ဆုံးမှ စဉ်ဆက်မပြတ် ပံ့ပိုးကူညီလှူဒါန်းပေးလျက်ရှိပြီး၊ နိုင်ငံတော်နှင့် ပြည်သူအတွက် **ကျပ်ငွေ(၁၃၈)ဘီလီယံကျော်** ကို လှူဒါန်းခဲ့သော နိုင်ငံ့အကျိုးပြု အရပ်သားပုဂ္ဂိုလ် ဒကာကြီး **"ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း"** အတွက် အထူးဂမ်းမြောက် ဂုဏ်ယူရပါကြောင်းနှင့် နောင်လာ နောင်သား မျိုးဆက်သစ်များ၊ ပြည်သူပြည်သားများ လေးစားအားကျအတုယူ၍ ဒကာကြီးကဲ့သို့ နိုင်ငံ့အကျိုးပြု ပုဂ္ဂိုလ်များ အမြောက်အမြား ပေါ်ထွန်းလာပါစေကြောင်း၊ နိုင်ငံနှင့်ပြည်သူအကျိုး၊ ဘာသာသာသနာ အကျိုးကိုလည်း ဆထက်ထမ်းပိုးတို့၍ ထမ်းဆောင် နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာများ ပို့သအပ်ပါသည်။

**ဒေါက်တာ ဘဒ္ဒန္တအရိယဝံသ**
**အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ**
**နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုရ**
**ပြည်တွင်း ပြည်ပ သာသနာပြု၊ အလိုတော်ပြည့်ကျောင်းတိုက်များ၏ အဓိပတိ**
**ပြည်တွင်း ပြည်ပ သာသနာပြု၊ အလိုတော်ပြည့်ကျောင်းတိုက်နှင့်တပည့်သာဝကများ**

# ဂုဏ်ယူဂမ်းမြောက်ခြင်း

၂၀၁၈ ခုနှစ်၊ မတ်လ(၆)ရက်နေ့၊ နေပြည်တော်၊ နိုင်ငံတော်သမ္မတအိမ်တော်၌ ကျင်းပသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်အစိုးရသစ်လက်ထက် ပထမဆုံးအကြိမ်ချီးမြှင့်သည့် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်ဆု ချီးမြှင့်ခြင်းအခမ်းအနားတွင် ၂၀၁၁-၂၀၁၂ မှ ၂၀၁၆-၂၀၁၇ အခွန်စည်းကြပ်နှစ်အထိ၊ တစ်နိုင်ငံလုံးတွင် **"ပထမ"** နေရာမှ (၆)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့သော နိုင်ငံသားကောင်း တာဝန် ကျေပွန်သည့် အခွန်ထမ်း **"ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း"** အား နိုင်ငံတော်သမ္မတ ဦးထင်ကျော်မှ ချီးမြှင့်သည့် **"နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်ဆု"** ကို လက်ခံရရှိသည့်အတွက် ဂမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဒကာကြီးကဲ့သို့ နိုင်ငံ့အကျိုးပြု နိုင်ငံသားကောင်းပုဂ္ဂိုလ်များ အမြောက်အမြား ပေါ်ထွန်းလာပါစေကြောင်း၊ ဘာသာသာသနာအကျိုးကိုလည်း ဆထက်ထမ်းပိုးတိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**လွယ်ဖောင်းဆရာတော် ဦးနန္ဒိတေနနှင့် သံဃာတော်များ**
**လွယ်ဖောင်းဘုန်းတော်ကြီးကျောင်း၊ လွယ်ဖောင်းကျောင်းနားရွာ၊**
**နောင်ပီကျေးရွာအုပ်စု၊ နောင်တရားမြို့နယ်၊ ပင်လောင်းမြို့၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ။**


MPT
ရွှေ့သို့လှမ်းချီ မြန်မာပြည်
နှလုံးသားထဲက မြန်မာ
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

## နှစ်ကိုးဆယ်ဂရန်ကြီးကျပြီး ကိုးကေခန့်ခြံဝိုင်းကြီး ရောင်းမည် (ဖုန်း-၀၉-၂၀၃၉၅၆၆၊ ၄၄၈၅၄၈၇၇၈၊ ၈၃၀၀၄၄၂)

နေပြည်တော်၊ မြို့မဈေးအနီး၊ ရွှေနံ့သာတန်ဖိုးနည်းအိမ်ရာအနီး၊ ငလိုက်ကန်သာအပန်းဖြေစခန်းအနီး၊ ငလိုက်ကန်သာဆင်စခန်းအနီး၊ မင်းကုန်းအုတ်စက်ရုံအနီး၊ (ပျဉ်းမနား-တောင်ညို ကားလမ်းမကြီးဘေးမေးတင်)၊ (KLO) စက်သုံးဆီဆိုင်ရှေ့တွင်ရှိသော နေရာအလွန်ကောင်း၊ နှစ်ကိုးဆယ်ဂရန်ကြီးကျပြီး ငါးကေခန့်အပြင် ၁၀၅/၁၀၆ ရပြီး တစ်ဆက်တစ်စပ်တည်းရှိ ကျန်လေးကေနီးပါးခန့် စုစုပေါင်းကိုးကေခန့်ရှိ ခြံဝိုင်းကြီး ရောင်းမည်။




### ဖခင်အမည်မှန်

တောင်တွင်းကြီးမြို့နယ်၊ ချောက်ကြား အထက(ခွဲ) ဒုတိယတန်း (ဖြေဆိုပြီး) မှ မောင်ရဲထက်ဦး၏ ဖခင်အမည်မှန်မှာ ဦးသန်းမြင့်ဆွေ ဖြစ်ကြောင်း။

**ဦးသန်းမြင့်ဆွေ**
**၈/တတက(နိုင်)၁၀၄၉၅၀**

### အမည်ပြန်လည်ပြောင်းလဲခြင်း

နေပြည်တော် ဇေယျာသီရိမြို့နယ်၊ ကျောက်ချက်ကျေးရွာအုပ်စု၊ အိုင်စောက်ကျေးရွာမှ (ဘ)ဦးစိုးကိုကို ၁၃/လရန(နိုင်)၀၁၀၅၆၄ ၏သား မောင်သူရိန်ထွန်း ၉/ပမန(နိုင်)၂၁၄၉၅၁ အား မောင်သူရိန်ကိုကိုဟုလည်းကောင်း၊ မောင်ဉာဏ်ဝင်းထွန်း ၉/ပမန(နိုင်)၂၁၄၉၅၂ အား မောင်စည်သူကိုကို ဟုလည်းကောင်း အမည်ပြန်လည်ပြောင်းလဲလိုက်ပါသည်။


ကလေးနာမည်ပေးဆရာကြီး
ရာဇာဇော်ဝင်း
01-394727, 01-399426, 09-73009994 (LL.B.)
09-5152521 လူကြီးလိုရာမေးအိမ်အမြန်ရောင်းထွက်ဖို့
တိုက်(၉)၃ထပ်၊ဧဂုလမ်းမင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့ (ပိတ်ရက်မရှိ)


### ကန့်ကွက်နိုင်ပါကြောင်း

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏခရိုင်၊ လယ်ဝေးမြို့၊ အမှတ် ၅ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/အင်တိုင်းသာမြောက်ရပ်)၊ ဦးပိုင်အမှတ်(၁၉၊ ၂၂)၊ ဧရိယာ ၁ဒသမ၃၇၁ဧကရှိ မြို့မြေကွက်အား ဒေါက်တာဇာခြည်မြင့်(ဘ)ဦးကျော်မြင့် ၉/လဝန (ပြု)၀၀၀၀၃၅မှ ၇-၅-၂၀၁၃ရက်တွင် ဒေါ်ဆိုက်တီ(ဘ)ဦးစံကြည် ၉/လဝန(နိုင်)၀၅၂၀၄၉ ထံမှ ဝယ်ယူထားသောအရောင်းအဝယ်ကတိစာချုပ်မူရင်း ၆-၁၁-၂၀၁၇ရက်စွဲပါ ရောင်းသူ/ဝယ်သူများမှ ရောင်းချ/ဝယ်ယူထားကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန သို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### အမည်မှန်

ရွှေဘိုမြို့၊ အမှတ် (၁) မူလွန်ကျောင်း၊ သခွတ္တောရပ်၊ တတိယတန်းမှ ဦးစိုးဝင်းအောင် -ဒေါ်သက်သက်ဦးတို့၏သမီး အမည်မှန်မှာ ယွန်းရွှေလှာ ဖြစ်ပါသည်။

**ယွန်းရွှေလှာ**


San brotherhood
"စစ်ဆေး၊စမ်းသပ်(အခမဲ့)"
Air-Con, ရေခဲသေတ္တာ၊အဝတ်လျှော်စက်များကို ပြုပြင် တပ်ဆင် ရောင်းဝယ် လဲလှယ် Servicing လုပ်ခြင်းများကို အာမခံဖြင့် အိမ်အရောက် ဝန်ဆောင်မှု ပေးနေပါသည်။
တပ်ဆင်ပြီးဈေးနှုန်း (၃ နှစ်အာမခံ)
1HP 300000Ks
၁။ နာမည်ကြီး Brand ၂။ စိတ်ချရသည့်အာမခံ ၃။ အထူးအာမခံ (Compressor)
ပါဝင်သောပစ္စည်းများ
Copper Pipe(10)Ft. Frame, Safeguard, Transportation, Installation
"အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်"
FMI City(လှိုင်သာယာ)709373,09-5084831,3682445(Ext)1421
ကျောင်းလမ်း(အလုံ) 01-704101 , 09-5002738, 09-450023810
သမိုင်းလမ်းဆုံ(မရမ်းကုန်း) 3681854, 706193, 09-73116475
ကျောက်မြောင်း(တာမွေ) 01-704649, 09-73066836, 09-73004800
Capital အနီး (ဒေါပုံ) 09-5053114, 73251545, 01-708842
ရွှေဂုံတိုင်မီးပွိုင့်အနီး(ဗဟန်း) 09-43083868, 01-703241
သုနန္ဒာလမ်းဆုံအနီး(မြောက်ဥက္ကလာ) 09-5190383,09-73251535
ဟံသာဝတီ CNG အနီး(ကြည့်မြင်တိုင်) 01-703684, 09-43130068
ဒညင်းကုန်းလမ်းဆုံအနီး(ရွှေပြည်သာ) 09-5012419, 09-73126244
Super 1 အနီး နဝဒေး (လှိုင်သာယာ) 01-704467,09-73217035
တောင်/မြောက်လမ်းဆုံအနီး(တ/ဒဂုံ) 01-709114, 09-5019316


### ရောင်းချမည့်အကြောင်း ကြော်ငြာစာတွင်ပါရှိရန် အကြောင်းအရာများကိုစီစဉ်သတ်မှတ်ရန် ချိန်းဆိုသောရက်ကို အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆) တောင်ကြီးမြို့နယ်တရားရုံး ၂၀၁၇ ခုနှစ် ဇာရီမှုအမှတ် -၂၇ ၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ် -၃၃

ကိုစိုးဝင်း နှင့် မခင်မာဝေ

**ဒီကရီအနိုင်ရသူ** **တရားရှုံး**

တောင်ကြီးမြို့၊ ကံသာရပ်ကွက်၊ ရတနာလမ်းသွယ်၊ အမှတ်(၂/၁၇၉) (ယခုနေရပ်လိပ်စာမသိ) နေ ဒေါ်ခင်မာဝေ သိစေရမည်။

အထက်ပါအမှုတွင် စိန်ပန်းရပ်ကွက်၊ အောင်သပြေလမ်းရှိ မြေကွက်ကို ရောင်းချပါမည့်အကြောင်း ဒီကရီရသူ ကိုစိုးဝင်းက လျှောက်ထားသောကြောင့် ရောင်းချမည့်အကြောင်း ကြော်ငြာစာတွင်ပါရှိရန် အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန် ၂၀၁၈ ခုနှစ် မတ် ၁၄ ရက် မွန်းမတည့်မီ ၁၀း၀၀နာရီတွင် ချိန်းဆိုပြီးဖြစ်သည်။

၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၂၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အိအိထွန်း)**
**မြို့နယ်တရားသူကြီး**
**တောင်ကြီးမြို့နယ်တရားရုံး**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၉/ပန်းခင်း၊ မြေကွက်အမှတ်(၄)၊ ဦးပိုင်အမှတ် (၁၆၅)၊ ဧရိယာ ၀ဒသမ၀၅၁ဧကရှိ ပါမစ်မြေကွက်အား ဒေါ်စောယုနွယ်(ဘ)ဦးစိန်ဟင်း ၁၂/တကက(နိုင်)၀၀၁၁၀၈မှ မန္တလေးတိုင်းပြည်သူ့ကောင်စီမှ ပျဉ်းမနားမြို့မြေအဖြစ် လူနေထိုင်ရန် တရားဝင်ချထားပေးသော မြေကွက်ဖြစ်ကြောင်းစိစစ်တွေ့ရှိချက်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကိုယ်တိုင်ကတိပြုလွှာ၊ ပတ်ဝန်းကျင်မြေကွက်များ၏ သက်သေထွက်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9D/2885 , Toyota Belta Scp 92, Saloon (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဇော် ၁၂/ပဘတ(နိုင်)၀၀၇၄၂၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

### အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၅၀ရပ်ကွက်၊ ရာဇသင်္ကြန်လမ်း၊ အမှတ်(၄၂၅)ဟုခေါ်တွင်သော(အလျား၆၀ပေ×အနံ၃၉ပေ)ရှိအဆိုပါ မြေကွက်၏ပိုင်ရှင်အမည်မှန်မှာ ဒေါ်တင်တင်မော်(ဘ)ဦးတင်လေး ၅/မရန(နိုင်) ၀၁၇၀၂၀ဖြစ်ပြီး ယင်းမြေကွက်နှင့်ပတ်သက်သည့် ကိစ္စအဝဝတို့အား ကျွန်ုပ်မှ စီမံဆောင်ရွက်ပေးပါရန် ၂၀၁၈ခုနှစ် ဇန်နဝါရီ ၂၄ရက်တွင် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (GP)ဖြင့် အသိသက်သေများနှင့်အတူ လက်မှတ်ရေးထိုးလွှဲအပ်ပေးခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယခုကြေညာချက်ပါသည့်ရက်မှစ၍ မည်သူမဆို အဆိုပါမြေကွက်အား အခြားသူတစ်ဦးတစ်ယောက်ထံရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းလှူဒါန်းခြင်း၊ လွှဲပြောင်းပေးအပ်ခြင်း၊ ဝင်ရောက်ကျူးကျော်ဆောက်လုပ်နေထိုင်ခြင်းတို့ လုံးဝ(လုံးဝ)မပြုလုပ်ကြပါရန်နှင့် အကယ်၍ အထက်ပါတားမြစ်ချက်များအား တစ်စုံတစ်ရာကျူးလွန်ပါကဥပဒေကြောင်းများအရ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်တင်တင်မော် ၅/မရန(နိုင်)၀၁၇၀၂၀၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်သူရ**
**၁၂/လသယ(နိုင်)၀၂၉၁၉၆**
**ဖုန်း-၀၉-၂၆၁၈၄၄၄၇၀**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7K/2333 ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်စန်းမြင့် ၉/တတဥ(နိုင်)၀၄၅၀၁၇ မှ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြင်းခြံ)**

# ငပလီကမ်းခြေဒေသ၏ သာယာလှပမှုပုံရိပ်များ ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေး

**စစ်တွေ မတ် ၁၁**

ရခိုင်ပြည်နယ် ငပလီကမ်းခြေဒေသ၏ သာယာလှပမှုပုံရိပ်များ ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ငပလီကမ်းခြေ ကျောက်စိမ်းနဂါးဟိုတယ်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ရခိုင်ပြည်နယ်သည် သဘာဝအခြေခံအရင်းအမြစ်များ၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ပေါကြွယ်ဝသော ဒေသတစ်ခုဖြစ်ရုံသာမက တခြားစိတ်ဝင်စားဖွယ်ကောင်းသော ရိုးရာလူနေမှုဓလေ့ စရိုက်ထုံးစံများ၊ ရေမြေတောတောင်အလှအပများနှင့် ထင်ရှားကျော်ကြားသော ကမ်းခြေနေရာများရှိပြီး ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်သော အခြေအနေကောင်းများရှိပါကြောင်း၊ ယင်းအခြေအနေကောင်းများကို အကျိုးရှိစွာအသုံးချပြီး ခရီးသွားလုပ်ငန်းကဏ္ဍကို တစ်နှစ်ထက်တစ်နှစ်ဖွံ့ဖြိုးတိုးတက်အောင် အကောင်ထည်ဖော်ဆောင်ရွက်စေလိုကြောင်း၊ ငပလီကမ်းခြေဒေသသည် သာယာလှပသောပုံရိပ်များကြောင့် ယခင်က အာရှတွင်အဆင့် ၁ နှင့် ကမ္ဘာတွင် အဆင့် ၈ အဖြစ် သတ်မှတ်ခြင်းရှိခဲ့ပါကြောင်း၊ ယခုအခါ အကြောင်းအမျိုးမျိုးကြောင့် အဆင့်တစ်ခုထိ ကျဆင်းသွားသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊

*စာမျက်နှာ ၁၀ ကော်လံ ၁* ❐



ငပလီကမ်းခြေ၌ အပန်းဖြေသူများကို တွေ့ရစဉ်။ ဓာတ်ပုံ-သန့်ဇင်(ပြန်/ဆက်)

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

**နေပြည်တော် မတ် ၁၁**

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော သီရိလင်္ကာကမ်းရိုးတန်းနှင့် အိန္ဒိယနိုင်ငံ တမီနာဒူးလ်ကမ်းရိုးတန်းတောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်း၊ အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာနှင့် သီရိလင်္ကာကမ်းရိုးတန်းတောင်ပိုင်းတို့တွင် ဆက်လက်တည်ရှိနေသည်။

မိုး/ဇလ

## AFC Cup ပြိုင်ပွဲ အဝေးကွင်းပွဲယှဉ်ပြိုင်ရန် ရန်ကုန်ယူနိုက်တက်အသင်း ဖိလစ်ပိုင် ထွက်ခွာ

**ရန်ကုန် မတ် ၁၁**

ရန်ကုန်ယူနိုက်တက်အသင်းသည် ဖိလစ်ပိုင်ကလပ် ဂလိုဘယ်အသင်းနှင့် AFC Cup ပြိုင်ပွဲ အဝေးကွင်းပွဲယှဉ်ပြိုင်ရန် ယနေ့နံနက်ပိုင်းက ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့သို့ ထွက်ခွာသွားသည်။

ရန်ကုန်အသင်းတွင် အုပ်ချုပ်၊ နည်းပြအဖွဲ့ဝင် ကိုးဦး၊ ကစားသမား ၁၈ ဦး လိုက်ပါသွားပြီး ပွဲပယ်ခံထားရသည့် တိုက်စစ်မှူး ဆယ်လာမှလွဲ၍ လူစုံပါဝင်သွားသည်။ ရန်ကုန်အသင်းသည် ဒဏ်ရာမှ ပြန်ကောင်းလာသည့် ဂိုးသမား ကျော်ဇင်ထက်၊ နောက်ခံလူ ပြည့်ဖြိုးဇော်၊ တောင်ပံကစားသမား ကြည်လင်းတို့မှာ ဒဏ်ရာအခြေအနေကောင်းမွန်လာသောကြောင့် ခေါ်ဆောင်သွားခဲ့သည်။ ရန်ကုန်

*စာမျက်နှာ ၁၃ ကော်လံ ၅* ◆

## မာတိကာ


အချိန်အခါမဟုတ် မိုးရွာခြင်းနှင့် မိုးသီးကြွေခြင်းကြောင့် ကာလိမြို့တွင် နေအိမ်အချို့ ပျက်စီးပြီး လူထိခိုက်ဒဏ်ရာရ — စာမျက်နှာ - ၁၁

မော်ဘီမြို့နယ်ရှိ နိုင်ငံခြားသားပိုင် အထည်ချုပ်စက်ရုံ မီးလောင်မှုဖြစ် — စာမျက်နှာ - ၁၂

ကုန်သွယ်ရေးဆိုင်ရာမညီမျှမှုများ လျှော့ချစေရေး အကူအညီပေးရန် အာဗေးကို ထရန့်တောင်းဆို — စာမျက်နှာ - ၁၄


# MNL ပွဲကျန်တွင် စစ်ကိုင်းအသင်းက မြဝတီအသင်းကို အနိုင်ယူ

**ရန်ကုန် မတ် ၁၁**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၇) ပွဲကျန်အဖြစ် မြဝတီအသင်းနှင့် စစ်ကိုင်းယူနိုက်တက်အသင်းတို့ ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားရာ စစ်ကိုင်းယူနိုက်တက်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ပွဲကျန်တွင် အနိုင်ရခဲ့သည့် စစ်ကိုင်းယူနိုက်တက်အသင်းသည် ဒုတိယမြောက်နိုင်ပွဲနှင့်အတူ တန်းဆင်းဇုန်အန္တရာယ်မှလွတ်ရန် အခြေအနေကောင်းသွားပြီး အဆင့် ၁၁ နေရာမှ GFA အသင်းထက် လေးမှတ်အသာရခဲ့သည်။ မြဝတီအသင်းမှာမူ ခြောက်ပွဲမြောက်ရှုံးပွဲကြောင့် ဖိအားများသွားခဲ့ပြီး လက်ကျန်ပွဲများတွင် ရုန်းကန်ရတော့မည်ဖြစ်သည်။

စစ်ကိုင်းအသင်းတွင် ဒဏ်ရာရနေသည့် အသင်းခေါင်းဆောင် တိုးဆက်နိုင်နှင့် နောက်ခံလူ မိုးဝင်းမှလွဲ၍ နိုင်ငံခြားသားကစားသမားသုံးဦးနှင့် ပြည်တွင်းအမာခံ ကစားသမားအများစုပါဝင်ခဲ့သည်။ မြဝတီအသင်းသည် ပွဲဆက်နေသော်လည်း လူစုံအသုံးပြုပြီး ရလဒ်ကောင်းရရန် ကြိုးပမ်းခဲ့သည်။ တန်းတက်နှစ်သင်းဖြစ်သောကြောင့် အားကုန်ထုတ်ကစားရာ ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး ကိုးမိနစ်တွင် သက်ဝေမိုးက မြဝတီအသင်းအတွက် ဂိုးစတင်သွင်းယူခဲ့သည်။ မြဝတီအသင်း၏ ဦးဆောင်မှုမှာ ခြောက်မိနစ်သာကြာခဲ့ပြီး ၁၅ မိနစ်တွင် စစ်ကိုင်းယူနိုက်တက်အသင်း ချေပဂိုးပြန်ရကာ ဖရိုင်းဒေးက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဂိုးထပ်ရရန် အားထည့်ကစားလာပြီး ဂိုးသွင်းခွင့် အပြန်အလှန်ရခဲ့သော်လည်း စစ်ကိုင်းအသင်းက အခွင့်အရေးကို အသုံးချနိုင်ခဲ့သောကြောင့် အနိုင်ဂိုးရခဲ့သည်။ စစ်ကိုင်းအသင်းအတွက် အနိုင်ဂိုးကို ၆၁ မိနစ်တွင် သီဟဇော်က သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် စစ်ကိုင်း

*စာမျက်နှာ ၁၃ ကော်လံ ၂* ❍



စစ်ကိုင်းအသင်းတိုက်စစ်မှူး ဆင်မြူရယ်၏ ဂိုးသွင်းရန် ကြိုးပမ်းမှုကို မြဝတီဂိုးသမားကာကွယ်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်